# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> ### ကမ်းတစ်ဖက်သို့ ရောက်ကုန်
>
> လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။
>
> **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၀)


# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံ



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီအတွင်းရေးမှူး၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ Mr. Chen Hao အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

**နေပြည်တော် ဇွန် ၂၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ယူနန်ပြည်နယ် ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Li Pei၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ အထွေထွေအတွင်းဝန် Mr. Han Mei၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ယူနန်တိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယူနန်တိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားလူမျိုးများအလိုက် ရိုးရာနေအိမ်များ၊ တိုင်းရင်းသားတို့၏ တူရိယာပစ္စည်းများ၊ တိုင်းရင်းသားအသုံးအဆောင်ပစ္စည်းများကို စနစ်တကျပြသထားရှိပြီး တိုင်းရင်းသားများကလည်း ရိုးရာတေးသီချင်း သီဆိုကာ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ထိုင်းနိုင်ငံတွင် လိုဏ်ဂူအတွင်းပိတ်မိနေကြသည့် လူငယ်များ ကယ်ဆယ်ရေးတွင် မြန်မာနိုင်ငံက အပြည့်အဝပူးပေါင်း ကူညီဆောင်ရွက်သွားမည်ဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်)**

**ထိုင်းနိုင်ငံတွင် လိုဏ်ဂူအတွင်း ပိတ်မိနေကြသည့် လူငယ်များကယ်ဆယ်ရေးတွင် မြန်မာနိုင်ငံက အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့က ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့ရှိ ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်း ဝင်ရောက်သွားပြီး လိုဏ်ဂူအတွင်း ပိတ်မိနေကြသည့် လူငယ်ဘောလုံးအသင်းမှ (၁၃)ဦးကို ရှာဖွေကယ်ဆယ်နိုင်ရေး ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့်ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံက လိုအပ်သည်များ အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့သို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။


**မိမိတို့နိုင်ငံ စည်းလုံးညီညွတ်သည့်အင်အားမျိုးဖြစ်ပေါ်စေရန် အတွက် မီဒီယာများမှ လုပ်ဆောင်ပေးစေလို** စာ » ၃

**အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး** စာ » ၉

**အမေရိကန်နှင့် တရုတ်တို့ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်သဘောတူ** စာ » ၁၄


# လူ့အခွင့်အရေးကောင်စီ၏ (၃၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ တင်ပြချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက တုံ့ပြန်ပြောကြားခဲ့

**နေပြည်တော် ဇွန် ၂၈**

ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ ၁၈-၆-၂၀၁၈ ရက်မှ ၆-၇-၂၀၁၈ ရက်အထိ ပြုလုပ်လျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၃၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ၂၇-၆-၂၀၁၈ ရက်တွင် Interactive Dialogue with Special Rapporteur on the situation of human rights in Myanmar ကို ပြုလုပ်ခဲ့သည်။

ယင်းဆွေးနွေးမှုတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူမှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို နှုတ်ဖြင့်တင်သွင်းခဲ့သည်။

အထူးအစီရင်ခံစာတင်သွင်းသူ၏ တင်ပြချက်နှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက သက်ဆိုင်ရာနိုင်ငံအနေဖြင့် မိန့်ခွန်းတစ်ရပ် တုံ့ပြန်ပြောကြားခဲ့သည်။ အမြဲတမ်းအတွင်းဝန်က ဆွေးနွေးခဲ့ရာတွင် လွန်ခဲ့သော (၂)နှစ်ခန့်က လက်ရှိအစိုးရသည် ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့် တာဝန်များကို ဆောင်ရွက်ရန် ပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူခဲ့ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို လျစ်လျူရှုထားမည် မဟုတ်ကြောင်း၊ ကိစ္စရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ နားလည်သော မိတ်ဆွေများ၏ ပူးပေါင်းမှုနှင့် ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်က ရခိုင်ပြည်နယ် အခြေအနေသည် ရှုပ်ထွေးသော စိန်ခေါ်မှုဖြစ်ပြီး

*စာမျက်နှာ ၄ ကော်လံ ၁* ◆


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ချေးငွေစိစစ်ခြင်းဆိုင်ရာ နည်းပညာ

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် တိုင်းပြည် စီးပွားရေး၏ ပင်မကျောရိုး ဖြစ်ပါသည်။ ဤအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လိုအပ်ချက်တစ်ရပ်မှာ ချေးငွေပံ့ပိုးမှုရရှိရေး ဖြစ်ပါသည်။ သို့သော် တိုင်းပြည်၏ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းအရ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းသည် နိုင်ငံတကာ ဘဏ်လုပ်ငန်းနှင့် နှစ်ပေါင်းများစွာ မဆိုစလောက် ချိတ်ဆက်မှုသာရှိခဲ့ပါသည်။ ဤသည်၏အကျိုးဆက်မှာ ပုဂ္ဂလိကဘဏ်များအပါအဝင် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းများသည် ချေးငွေပံ့ပိုးမှုဆိုင်ရာ နည်းပညာပိုင်း၌ သိသိသာသာ အားနည်းခဲ့ပါသည်။

ဤသို့သော နောက်ခံအခြေအနေ၌ ချေးငွေစိစစ်ခြင်းဆိုင်ရာ နည်းပညာအထောက်အကူဖြစ်စေရန် ဂျပန်နိုင်ငံ၏ မူဝါဒသုတေသနဌာန **(Policy Research Institute -PRI)**၊ ဂျပန်ဘဏ္ဍာရေးကော်ပိုရေးရှင်း **(Japan Finance Corporation-JFC)** နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းကို ၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ ချေးငွေစိစစ်ခြင်းဆိုင်ရာ နည်းပညာ အထောက်အကူပေးရေး အစီအစဉ်၏ ဒုတိယအကျော့ **(Second Phase)**၊ ပထမအကြိမ်အလုပ်ရုံ ဆွေးနွေးပွဲတို့ကို နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် ကျင်းပခဲ့ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲများ၌ မြန်မာ့စီးပွားရေးဘဏ် အရာထမ်း အမှုထမ်း စုစုပေါင်း ၁၄၀တို့ကို ဆွေးနွေးပို့ချပေးခဲ့ပါသည်။

ဂျပန်ဘဏ္ဍာရေးကော်ပိုရေးရှင်း **(JFC)** သည် အများပိုင်ဘဏ္ဍာရေးဆိုင်ရာ ကော်ပိုရေးရှင်းတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံနှင့် နိုင်ငံတကာ၌ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုတို့ကို ဖော်ဆောင်လျက်ရှိပါသည်။ ဂျပန်ဘဏ္ဍာရေးကော်ပိုရေးရှင်း **(JFC)** ၏ အဓိကလုပ်ငန်းကဏ္ဍကြီးသုံးရပ်တွင် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဤကဏ္ဍက အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဂျပန်နိုင်ငံစီးပွားရေး၏ အခရာကျသော ကဏ္ဍတစ်ရပ်အဖြစ် ခံယူသတ်မှတ်ပြီး အဆိုပါ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေပံ့ပိုးခြင်းနှင့် ချေးငွေအာမခံတို့ကို စီစဉ်ဆောင်ရွက်ပေးပါသည်။ ဂျပန်နိုင်ငံ၏ မူဝါဒသုတေသနဌာနသည် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ ဤဌာနသည် ကာလလတ်နှင့် ကာလရှည်သုတေသနလုပ်ငန်းတို့ကို အဓိကအာရုံစိုက်ဆောင်ရွက်လျက် ရှိပါသည်။

အထက်၌ တင်ပြခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတို့၌ ချေးငွေစိစစ်ခြင်းဆိုင်ရာ နည်းစနစ်များ၊ အာမခံမဲ့ချေးငွေများအတွက် အရည်အသွေးပိုင်းဆိုင်ရာ စိစစ်ခြင်း၊ အရေအတွက်ပိုင်းဆိုင်ရာ စိစစ်ခြင်း၊ ချေးငွေအသုံးပြုမည့် နည်းလမ်းစိစစ်ခြင်း၊ ချေးငွေစိစစ်ခွင့်ပြုခြင်း နည်းလမ်းများ ဆွေးနွေးပို့ချခဲ့သောကြောင့် ဤဆွေးနွေးပို့ချမှုတို့သည် တိုင်းပြည်၏အရေးကြီးသော လစ်ဟာချက်တစ်ရပ်ကို ဖြည့်ဆည်းပေးမည်မှာ သေချာနေပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအလုပ်ရုံဆွေးနွေးပွဲများ ဖြစ်မြောက်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဂျပန်နိုင်ငံ၏ မူဝါဒသုတေသနဌာန၊ ဂျပန်ဘဏ္ဍာရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# မြဝတီဘဏ် (သန်လျင်)ဘဏ်ခွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မြဝတီဘဏ်လီမိတက်၏ ၅၉ ဘဏ်မြောက်မြဝတီဘဏ် (သန်လျင်) ဘဏ်ခွဲဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မြို့မ(မြောက်)ရပ်ကွက် လမ်းမတော်လမ်းရှိ အဆိုပါဘဏ်ခွဲ၌ ကျင်းပရာ ရှေးဦးစွာတပ်နယ်မှူး၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ဌေးနိုင်၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ အကြံပေး ဦးသန်းထွန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဌာနကြီးမှူး ဦးအောင်ရဲဝင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ခေတ္တဌာနကြီးမှူး ဦးလှစိန်နှင့် မြဝတီဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာဦးယုလွင်တို့က မြဝတီဘဏ် (သန်လျင်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

မြဝတီဘဏ် (သန်လျင်) ဘဏ်ခွဲမှ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုအပ်ငွေများ၊ ATM ကတ်စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သောရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သောမြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ ချေးငွေများထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန် ငွေလွှဲပေးပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့် လည်း Mobile Banking ဆိုင်ရာ ဘဏ် လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



## သံအမတ်ကြီး ဦးမိုးကျော်အောင် ဘူတန်နိုင်ငံ ဘုရင်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၉**

ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမိုးကျော်အောင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် သင်ဖူးမြို့၌ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျင်မီခေဆာ နမ်းဂျဲလ် ဝမ်ချွတ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ **သတင်းစဉ်**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၈**

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ချောင်းဖြတ်၍စာသင်သွားကြသည့် ကျောင်းသားကျောင်းသူများအန္တရာယ်ကင်းရန် အသက်ကယ်အင်္ကျီများလှူဒါန်း

**ပွင့်ဖြူ ဇွန် ၂၈**

မုန်းချောင်းကို လှေဖြင့်ဖြတ်ကူး၍ ပွင့်ဖြူမြို့အခြေခံပညာအထက်တန်းကျောင်းသို့စာသင်သွားကြသည့် ကျေးရွာများမှ ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေးကွန်ရက်မှ အသက်ကယ်အင်္ကျီ လှူဒါန်းမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

"မနေ့က အသက်ကယ်အင်္ကျီ ၁၄ ထည်လှူပြီးပြီ၊ နောက်ထပ်ခြောက်ထည်နဲ့ အားလုံးပေါင်းအထည် ၂၀ လှူဖို့ရှိပါတယ်၊ NLD မြို့နယ် ဥက္ကဋ္ဌ ဦးကျော်မင်းနိုင်ဆီကို ကလေးတွေ သွားလာရေးခက်ခဲတဲ့ အကြောင်း ဒေသခံတွေက သွားပြောကြတယ်၊ သူက တစ်ဆင့် အကူအညီပေးဖို့ မေတ္တာရပ်ခံခဲ့တာကြောင့် ကွန်ရက်အစီအစဉ်နဲ့ လှူဒါန်းဖြစ်တာပါ "ဟု မြို့နယ်ဖွံ့ဖြိုးရေးကွန်ရက်အတွင်းရေးမှူး ဦးဘုန်းမြင့်က ပြောသည်။

မုန်းချောင်းအနောက်ဘက်ကမ်းရှိ သမန်းရင်း၊ သရက်ကုန်း၊ သမုန်းကုန်း ကျေးရွာများမှ ကျောင်းသားကျောင်းသူ ၆၀ ကျော်မှာ မုန်းချောင်းကို ဖြတ်၍ ပညာသင်ကြားမှုများကြောင်း၊ မိဘများက မုန်းချောင်းကို ဖြတ်ကူးကာ မြို့နယ်ဘက်သို့ ဈေးရောင်းချအသက်မွေးမှုများရှိနေသည့်အပြင် ချောင်းကိုကူး၍ကျောင်းသွားတက်လျှင် နေထိုင်ရာ ကျေးရွာများနှင့် ခရီး လမ်းဆက်သွယ်ရေး ပိုနီးသွားကြောင်း ဒေသခံအချို့ထံမှ သိရသည်။

အဆိုပါအင်္ကျီများကို စက်လှေပိုင်ရှင်က ထိန်းသိမ်းပေးပြီး ကျောင်းသားများနှင့် ပြည်သူများ အလှည့်ကျဖြတ်ကူးစဉ် ဝတ်ဆင်ကြကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် အဆင်ပြေစေရန် သမ္မာဆန္ဒ အသင်းမှ ကိုပေတူးကလည်း အကူအညီပေးခဲ့ကြောင်း၊ ကျေးလက်ဒေသနေ ပြည်သူများ၏ ချောင်းကူးခရီးစဉ်များ အန္တရာယ်ကင်းစေရေးအတွက် လူမှုကွန်ရက်မှ တစ်ဆင့် အသက်ကယ်အင်္ကျီအကူအညီ တောင်းခံမှုများရှိနေကြောင်း မြို့နယ်ဖွံ့ဖြိုးရေးကွန်ရက်မှ သိရသည်။

**ဇေယျာတု(မကွေး)**

# ခြံထွက်သီးနှံများနှင့် စားသုံးသီးနှံများအတွက် အာဆီယံစံချိန်စံညွှန်းများရေးဆွဲခြင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း ဥယျာဉ်ခြံသီးနှံထွက်ကုန်များနှင့် အခြားစားသုံးသီးနှံများအတွက် အာဆီယံစံချိန်စံညွှန်းများပြုစုရေးဆွဲရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မိမိတို့နိုင်ငံအလိုက် ရေးဆွဲထားသော ဥယျာဉ်ခြံသီးနှံထွက်ကုန်များနှင့် အခြားစားသုံးသီးနှံများ၏ အမျိုးသားစံချိန်စံညွှန်းများကို အခြေခံပြီး အာဆီယံဒေသအတွင်း တစ်ပြေးညီဖြစ်စေမည့် တူညီသော အတန်းအစားနှင့် အရည်အသွေးသတ်မှတ်ချက်များ ညှိနှိုင်းဆောင်ရွက်ရန်၊ အာဆီယံဒေသတွင်းစံချိန်စံညွှန်းများ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်၌ အာဆီယံအနေဖြင့် ရေရှည်နေရာယူ ယှဉ်ပြိုင်မှုတွင် ပါဝင်ဆောင်ရွက်နိုင်ရန်တို့ကို ရည်ရွယ်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 14th Meeting of the Task Force on ASEAN Standards for Horticultural Produce and other Food Crops(MASHP) အစည်းအဝေးကို ဇွန် ၂၇ ရက်က နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများ၊ ASEAN အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ASEANအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။



ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ASEAN (MASHP) ကိုယ်စားလှယ်များက ဥယျာဉ်ခြံသီးနှံထွက်ကုန်များနှင့် အခြားစားသုံးသီးနှံများအတွက် အာဆီယံစံချိန်စံညွှန်းများ ရေးဆွဲခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံချက်များနှင့် တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ဥယျာဉ်ခြံသီးနှံထွက်ကုန်များနှင့် အခြားစားသုံးသီးနှံများအတွက် အာဆီယံ စံချိန်စံညွှန်းများရေးဆွဲခြင်းနှင့် သက်ဆိုင်သည့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ သတင်းအချက်အလက်များကိုလည်းကောင်းသက်ဆိုင်ရာ နိုင်ငံအလိုက် ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံဒေသတွင်းနိုင်ငံများ၌ စိုက်ပျိုးထုတ်လုပ်သည့် ဥယျာဉ်ခြံသီးနှံထွက်ကုန်များနှင့် အခြားစားသုံးသီးနှံများအတွက် အာဆီယံ စံချိန်စံညွှန်းများရေးဆွဲခြင်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ပြည်ပပို့ကုန်၊ သွင်းကုန်များဖြစ်သည့် စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်စံချိန်စံညွှန်းများ ရေးဆွဲခြင်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မည်ဖြစ်သဖြင့် လယ်ယာကဏ္ဍထုတ်ကုန်များနှင့် ပတ်သက်သည့်ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မိမိတို့နိုင်ငံ စည်းလုံးညီညွတ်သည့်အင်အားမျိုးဖြစ်ပေါ်စေရန်အတွက် မီဒီယာများမှ လုပ်ဆောင်ပေးစေလို

**နေပြည်တော် ဇွန် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မီဒီယာဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက်အရေးကြီးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်သဖြင့် ယခုကဲ့သို့ အလေးထားပြီး တွေ့ဆုံခြင်းဖြစ်ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများတွင် မီဒီယာများနှင့် အပြန်အလှန်အကျိုးပြုလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မီဒီယာများမှ ဖော်ပြချက်များသည် မိမိတို့တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုများတွင် များစွာသက်ရောက်မှုရှိပါကြောင်း၊ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးသည့် မီဒီယာများဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ နိုင်ငံစည်းလုံး ညီညွတ်သည့် အင်အားမျိုးဖြစ်ပေါ်စေရန်အတွက် မီဒီယာများမှ လုပ်ဆောင်ပေးစေလိုကြောင်း၊ ဝေဖန်သင့်သည့် ကိစ္စရပ်များကိုလည်း ဝေဖန်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင်က မိမိတို့အနေဖြင့် တပ်မတော်နှင့် သဘောထားတူညီမှုရှိပြီး ယခုအခါ အပြန်အလှန်ယုံကြည်မှုများတည်ဆောက်ထားနိုင်ပြီဖြစ်ကြောင်း၊ မီဒီယာအား နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်အဖြစ် တည်ရှိရန်အတွက် ယခင်သတင်းစာဆရာကြီးများ အဆက်ဆက်မှ ကြိုးပမ်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် "ပြည်ကြီးပခုံး၊ ပြည့်လက်ရုံး" မီဒီယာအနေဖြင့် "ပြည်ကြီးပခုံး၊ ပြည့်မျက်လုံး" ဟူသော ဝန်ကြီးပဒေသရာဇာ၏ ဆိုရိုးစကားရှိပါကြောင်း၊ မိမိတို့အနေဖြင့် မဏ္ဍိုင်ကြီး (၄)ရပ် ဆွေးနွေးပွဲများအား တိုင်းနှင့် ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မီဒီယာအနေဖြင့် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

---

** ရှေ့ဖုံးမှ*

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီအတွင်းရေးမှူး၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ Mr. Chen Hao နှင့် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Hai Geng Hua Yuan ၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားလာရေး ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီအတွင်းရေးမှူး၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌက တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**

---

## ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများနှင့်ပတ်သက်၍ အမိန့်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၈**

ဥပဒေဘာသာပြန်ကော်မရှင်က ဇွန် ၂၇ ရက်တွင် အမိန့်အမှတ် ၁/၂၀၁၈ ကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါအမိန့်တွင်

ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ ဥပဒေဘာသာပြန် ကော်မရှင်ကအတည်ပြုသည့် အောက်ပါ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာလိုက်သည် -

(က) The Bar Council Act

(ခ) The Limitation Act

(ဂ) The Sale of Goods Act

(ဃ) The Defile Traffic Act

(င) The Christian Marriage Act

(စ) The Special Marriage Act

(ဆ) The Registration of Kettima Adoptions Act

(ဇ) The Majority Act

(စျ) The Partition Act

ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု ဖော်ပြထားပါသည်။

**သတင်းစဉ်**

---

# ဇွန်လအတွင်း ရေကြီးရေလျှံမှုများကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းညှိနှိုင်း

**နေပြည်တော် ဇွန် ၂၈**

၂၀၁၈ ခုနှစ် ဇွန်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် ပတ်သက်၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီတို့ ပူးပေါင်းညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ဃာပုံ)**



အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုပိုင်းကို ပိုမိုအားကောင်းရန် ဆောင်ရွက်ပြီး ဘေးဖြစ်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးဖြစ်ပြီးနောက် ပြန်လည်ထူထောင်မှုအပိုင်းကို ပိုမိုကောင်းမွန်သည့် အခြေအနေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကြိုတင်ပြင်ဆင်မှုအပိုင်း အားကောင်းအောင် ဆောင်ရွက်ထားပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းသွားမည်ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးမှုနည်းပါက ပြန်လည်ထူထောင်ရေးပိုင်းတွင် သက်သာသွားမည် ဖြစ်ကြောင်း၊ ယနေ့ကာလသည် ရာသီဥတုပြောင်းလဲမှုကြောင့် မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က ယခုဇွန်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဇွန်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို တင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူပြီးဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးမှု ၃၂၇၈၃ ဧကအတွက် ကျပ် ၄၃၄၉ ဒသမ ၁၃၅ သန်း ထောက်ပံ့ပေးနိုင်ရေး တင်ပြဆောင်ရွက်ထားပါကြောင်း၊ မိမိတို့တွင် အာဆီယံ+၃ အရေးပေါ်အရန်ဆန်ရိက္ခာအစီအစဉ်အနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆန်တန်ချိန် ၁၀၀၀ ရရှိထားရာ ယခု ၄၂၂ တန် ကျန်ရှိနေပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ဆန်တန်ချိန် ၈၀၀ ရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှု(IRM) အစီအစဉ်ဖြင့် စစ်ကိုင်း၊ မကွေး၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်း၊ ရခိုင်ပြည်နယ်တို့တွင် မော်တော်ဆိုင်ကယ် အစီး ၂၀၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ ၃၄၉၁၂၃ အိတ်၊ မျိုးစေ့သန့်စင်စက် ၁၀ လုံး၊ အစိုဓာတ်တိုင်းကိရိယာ အခု ၁၇၀၊ လေလုံမျိုးစေ့သိုလှောင်အိတ် ၄၅၄၇၀၊ တစ်တန်အိတ် ၅၅၄၈ အိတ်၊ မိုးကာစ ၅၄၀၀ တို့ကို ဝယ်ယူဖြန့်ဖြူး ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးစေ့နှင့်ဓာတ်မြေဩဇာများကိုလည်း ဘေးသင့်ဒေသများကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများတွင် စက်ယန္တရားများကူညီပေးမည့် အစီအစဉ်များ စီစဉ်ထားရှိပါကြောင်း။

ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနအနေဖြင့်လည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မပြတ်ဆောင်ရွက်နေပါကြောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) တွင် သဘာဝဘေးဒဏ်ခံ ဒေသများသို့ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်သုံးဆေးဝါး ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ကျပ်သန်း ၂၈၀ လျာထားကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာသူများက အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်တင်ပြမည့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၈-၆-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ ပါ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဆွေး ကိုရီးယားရိုးရာယဉ်ကျေးမှုအကဖျော်ဖြေပွဲတက်ရောက် သတင်း၏ ပုံစာအား **ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ကိုရီးယားရိုးရာယဉ်ကျေးမှုအကဖျော်ဖြေပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများ ကိုရီးယားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

# အမေရိကန်နိုင်ငံ၏ (၂၄၂)နှစ်ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ကြီးမှူးကျင်းပသည့် အမေရိကန်နိုင်ငံ၏ (၂၄၂)နှစ်ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဦးအောင်လှထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမေရိကန် နိုင်ငံတော်သီချင်းနှင့် မြန်မာနိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီယယ်လ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမေရိကန်သံအမတ်ကြီးနှင့် တက်ရောက်လာကြသူများသည် ညစာ အတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အမေရိကန်နိုင်ငံ၏ (၂၄၂)နှစ်ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇွန် ၂၈**

စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်း အဝေး (၂/ ၂၀၁၈) ကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနခန်းမတွင် ကျင်းပရာ **(ယာပုံ)** စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက အာဆီယံစီးပွားရေး အသိုက်အဝန်းအတွင်း နိုင်ငံဖြတ်ကျော်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် စားသုံးသူယုံကြည်မှု မြင့်မားစေခြင်း ဟူသည့် အခြေခံမူအရ တင်သွင်း၊ တင်ပို့သော ကုန်စည်များအပေါ် စားသုံးသူများယုံကြည်မှုမြင့်မားစေရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိရာ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားများကို ဥပဒေနှင့်အညီ မြန်မာဘာသာဖြင့် ဖော်ပြနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း၊ သုံးစွဲပုံနှင့်ပတ်သက်ပြီး ကုန်စည်တွင် ကုန်အညွှန်းအမှတ်အသားကို မြန်မာဘာသာဖြင့် ဖော်ပြစေခြင်းဖြင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကူညီဆောင်ရွက်ပေးရာရောက်ပါကြောင်း၊ အဓိကအားဖြင့် တရားမဝင် ဝင်ရောက်လာသော ကုန်စည်များနှင့် ပြည်တွင်းထုတ်လုပ်သော ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာတွင် ပြည်တွင်းထုတ်လုပ်သူများ ပိုမိုအကျိုးဖြစ်ထွန်းစေခြင်း၊ အရည်အသွေးပိုင်းကို ပိုမိုဂရုစိုက်လာပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လာမည်ဖြစ်၍ နိုင်ငံ့စီးပွားရေးကို တိုးတက်လာစေခြင်း၊ နယ်စပ်ဒေသသို့မဟုတ် တစ်ဖက်နိုင်ငံမှ မြန်မာဘာသာမဟုတ်သော အခြားဘာသာတစ်ခုခုဖြင့် ရိုက်နှိပ်၍ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကို တားဆီးအရေးယူရာတွင် ပိုမိုထိရောက်စေခြင်းစသည့် ရလဒ်ကောင်းများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် စားသုံးသူများအနေဖြင့်လည်း ရွေးချယ်ဝယ်ယူစားသုံးနိုင်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည့်အပြင် ကုန်စည်များ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ စိတ်ကျေနပ်မှုရရှိခြင်းတို့ကို ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးပြည့်မီသော ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ကာ ပြည်ပသို့ တင်ပို့နိုင်သည်အထိ တန်ဖိုးမြှင့်ကုန်စည်များကို နိုင်ငံတကာကုန်အညွှန်းအမှတ်အသားများအတိုင်း ဖော်ပြ၍ ထုတ်လုပ်နိုင်ပါက ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကုန်စည်တွင် ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားတွင်ပါဝင်သင့်သည့် အချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရန်အတွက် ဦးစားပေးကုန်စည်သတ်မှတ်၍ ဆောင်ရွက်သွားမည့်အစီအမံများအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ကောင်စီဝင်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စားသုံးသူ အကာအကွယ်ပေးရေးကိစ္စရပ်ဆိုင်ရာ ကျွမ်းကျင်သူ ပြင်ပပညာရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ ရှေ့ဖုံးမှ

### အကြမ်းဖက်အုပ်စုကိုပင် အမွှမ်းတင်

အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေ တည်တံ့မှု၊ အကြမ်းဖက်မှု၊ တရားဥပဒေစိုးမိုးမှု၊ လူ့အခွင့်အရေးနှင့် ကြီးမားသော ရွှေ့ပြောင်းမှုစသည့် ရှုထောင့်ပေါင်းစုံ ပါဝင်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို လျင်မြန်စွာ မဖြေရှင်းနိုင်ပါက လူမှုဝန်းကျင်အတွင်း အကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်မှု အန္တရာယ်များ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၏ လုံခြုံရေး အခြေအနေသည် အကြမ်းဖက်အုပ်စု ARSA အဖွဲ့မှ မောင်တောမြို့ရှိ လုံခြုံရေးစခန်းများကို တိုက်ခိုက်ပြီးနောက် ယိုယွင်းလာပါကြောင်း၊ ပဋိပက္ခအတွင်း ခံစားရသူများအတွက် များစွာဝမ်းနည်းမိပါကြောင်း၊ အိုးပစ်အိမ်ပစ် ထွက်ပြေးရသူများတွင် မွတ်စလင်နှင့်ရခိုင်တိုင်းရင်းသားများသာမကဘဲ လူနည်းစုများဖြစ်သော ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးနှင့် ဟိန္ဒူတို့လည်း ပါဝင်ပါကြောင်း၊ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ယင်းကိစ္စရပ်ကို နိုင်ငံတကာမှ ဥပေက္ခာပြုထားကြကြောင်း၊ အချို့မှာ အကြမ်းဖက်အုပ်စုကိုပင် အမွှမ်းတင်ခြင်း၊ ကာကွယ်ပြောကြားခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ အထူးအစီရင်ခံစာတင်သွင်းသူ၏ မိန့်ခွန်းတွင် ARSA ၏ တိုက်ခိုက်မှုများနှင့် ဟိန္ဒူ ၉၉ ယောက်အား သတ်ဖြတ်မှုများကို ဖော်ပြခြင်းပင် မပြုခဲ့ကြောင်း၊ ယင်းမှာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ဘက်လိုက်မှုနှင့် မမျှတမှုကို ပြသနေကြောင်း၊ တစ်ချိန်တည်းမှာပင် မြန်မာအစိုးရအနေဖြင့် မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုကိုမျှ လျစ်လျူရှုနေမည် မဟုတ်ဘဲ အထောက်အထား ခိုင်လုံပါက ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းကို အကြိမ်ကြိမ် ပြောကြားခဲ့ကြောင်း၊ အစိုးရအနေဖြင့် ရခိုင်ဒေသ၏ အမျိုးသားပြန်လည်စည်းလုံးရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် Independent Commission of Enquiry ကို ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### မေတ္တာရပ်ခံချက်အပေါ် လျစ်လျူရှုနေ

ထို့အပြင် အမြဲတမ်းအတွင်းဝန်က မုတ်သုံကာလရောက်ရှိလာပြီဖြစ်ရာ လူသားချင်းစာနာမှု အကူအညီများ အလျင်အမြန် လိုအပ်နေပြီး ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား သဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို လျင်မြန်စွာ စတင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်လက်ခံရေး စတင်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ အစိုးရနှင့် UNDP၊ UNHCR အကြားနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် ကိစ္စများ လျင်မြန်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယူဆပါကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများသည် ပြန်လည်ဝင်ရောက်မှုနှင့် နေရာချထားရေး လုပ်ငန်းစဉ်များနှင့် ရခိုင်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးအစီရင်ခံစာတင်သွင်းသူအပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့် စပ်လျဉ်း၍ မိမိတို့အနေဖြင့် အထူးအစီရင်ခံစာတင်သွင်းသူများနှင့် ဆယ်စု နှစ် (၂) ခုကျော် ပူးပေါင်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ဤ Mandate နှင့် ဆက်လက်ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် လက်ရှိ အထူးအစီရင်ခံစာတင်သွင်းသူမှာ ဓမ္မဓိဋ္ဌာန်မကျမှုနှင့် ကုလသမဂ္ဂဝန်ထမ်းကျင့်ထုံးများကို လိုက်နာမှု အားနည်းမှုတို့ကြောင့် ဆက်လက်ပူးပေါင်းပါက အကျိုးဖြစ်ထွန်းနိုင်ခြေ မရှိကြောင်းကို မြန်မာပြည်သူများက သုံးသပ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ အနေဖြင့် ၎င်းအစား အထူးအစီရင်ခံစာ တင်သွင်းသူအသစ်ခန့်အပ်ပေးရန် လူ့အခွင့်အရေးကောင်စီအား ယခင်ကပင် တောင်းဆိုခဲ့ပါကြောင်း၊ သို့သော်လည်း ယင်းမေတ္တာရပ်ခံချက်အပေါ် လျစ်လျူရှုနေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ ပင်မမဏ္ဍိုင်တစ်ခုဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းသွားမည် ဖြစ်ကြောင်း၊ ယင်းရပ်တည်ချက်ဖြင့် မြန်မာနိုင်ငံအနေဖြင့် ၁၂-၆-၂၀၁၈ ရက် မှ ၂၁-၆-၂၀၁၈ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ခရီးစဉ်ကို လက်ခံခဲ့ပြီး ရခိုင်ပြည်နယ် အပါအဝင် ၎င်းမှမေတ္တာရပ်ခံခဲ့သော ဒေသများသို့ သွားရောက်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ ၎င်း၏ရုံးအား နေပြည်တော်တွင် ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး မကြာမီပြုလုပ်မည့် အမျိုးသားငြိမ်းချမ်းရေးကွန်ဖရင့်သို့လည်း တက်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

### အပြုသဘော ပူးပေါင်းသွားမည်

နိဂုံးချုပ်တွင် အမြဲတမ်းအတွင်းဝန်က မိမိတို့အနေဖြင့် အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းတို့နှင့် အပြုသဘော ပူးပေါင်းသွားမည်ဟု ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# အားကစားကလောင်ရှင်ကြီးများအား သွားရောက်ကန်တော့


**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ကြီးမှူး၍ ဇွန် ၂၃ ရက်က ကျင်းပသည့် သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီး ၂၃ ဦးအား ဂါရဝပြုကန်တော့ပွဲတွင် မတက်ရောက်နိုင်ခဲ့သည့် ကန်တော့ခံဆရာကြီးများအား ဇွန် ၂၈ ရက် နံနက်က သွားရောက် ကန်တော့ခဲ့ကြသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဇေဒီ နှင့် အလုပ်အမှုဆောင်များဖြစ်သည့် ဦးစိုးညွှန့်၊ ဦးသော်မောင်မောင်သည် မြောက်ဥက္ကလာပမြို့နယ်ရှိ OSC ဆေးရုံသို့သွားရောက်၍ ဆရာကြီး ဗဟိုသိမ်းဆောင်အား ရှေးဦးစွာ သွားရောက်ကန်တော့ကြသည်။ ဆရာကြီး ဗဟိုသိမ်းဆောင်သည် အသည်းအားနည်းရောဂါကြောင့် အစာမဝင်ဖြစ်နေသဖြင့် OSC ဆေးရုံတွင် ဇွန် ၁၅ ရက် ကတည်းက တက်ရောက်ကုသနေရခြင်း ဖြစ်သည်။

ထို့နောက် ဦးဇေဒီနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် လှည်းတန်းရှိ ဆရာကြီး နီနီဦးထံသို့ သွားရောက်ကန်တော့ခဲ့ကြသည်။ ဆရာကြီးနီနီဦးသည် လေဖြတ်ရောဂါကြောင့် Wheel Chair နှင့် နေထိုင်နေရသူ ဖြစ်သည်။ မြန်မာနိုင်ငံ အားကစားမီဒီယာ အဖွဲ့ချုပ်သည် ကန်တော့ခံ သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးတစ်ဦးလျှင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ လှူဒါန်းငွေကျပ် နှစ်သိန်းအပါအဝင် ပူဇော်ကန်တော့ ငွေကျပ်လေးသိန်းနှင့် အခြားလှူဖွယ်ပစ္စည်းများ လှူဒါန်းကန်တော့ခဲ့ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်နိုင်ငံသို့ အလုပ်သဘော အလည်အပတ်ခရီးရောက်ရှိ

**ပေကျင်း ဇွန် ၂၈**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ၏ ဖိတ်ကြားချက်အရ အလုပ်သဘောအလည်အပတ်ခရီးစဉ်အဖြစ် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိသည်။

ညနေပိုင်းတွင် မြန်မာ - တရုတ် ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာ နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် အပြန်အလှန်အကျိုးရှိစေမည့် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

# BOT စနစ်ဖြင့် လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၏ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်

**နေပြည်တော် ဇွန် ၂၈**

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေး ၊ စံချိန်စံညွှန်းပြည့်မီသော လမ်းများဖြစ်စေရေးအတွက် BOT စနစ်ဖြင့် ဆောင်ရွက်သော ကုမ္ပဏီ ၂၅ ဖွဲ့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ ဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ အင်ဂျင်နီယာချုပ်များ ၊ ညွှန်ကြားရေးမှူးများနှင့် BOT ကုမ္ပဏီ ၂၅ ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်းပုံစံကို ၁၉၉၆ ခုနှစ်က တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများနှင့် စတင်ခဲ့ရာတွင် ယခုအခါ B.O.T ကုမ္ပဏီ ၂၅ ဖွဲ့ လမ်းမိုင်ပေါင်း ၃၀၂၅ မိုင်ကို ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ B.O.T လမ်းပိုင်းများကို ဆန်းစစ်ရာတွင် စီးပွားရေးအရတွက်ခြေကိုက်သည့် B.O.T လမ်းများရှိသကဲ့သို့ စီးပွားရေးအရ တွက်ခြေမကိုက်ဘဲ ဆောင်ရွက်နေရသည့် လမ်းများရှိနေသည်ကို ဆန်းစစ်တွေ့ရှိရပါကြောင်း၊ လမ်း ၊ တံတားလုပ်ငန်းများ၏ သဘောသဘာဝမှာ လူ ၊ ငွေကြေး၊ စက်ယာဉ်၊ ယန္တရားနည်းပညာများဖြင့် ပမာဏကြီးကြီးမားမား ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရသည့် သဘာဝဖြစ်ပါကြောင်း။

B.O.T စနစ်ဖြင့် လမ်း ၊ တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေ၏ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေး ၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးအတွက် B.O.T ကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း ၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က B.O.T ကုမ္ပဏီများမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ မိမိတို့တာဝန်ယူဆောင်ရွက်သော လမ်းအပိုင်းအလိုက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် B.O.T ကုမ္ပဏီ ၂၅ ဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးအဆောက်အအုံသစ်ဖွင့်

**ဘားအံ ဇွန် ၂၈**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ် ၄ ရပ်ကွက် သီရိလမ်းရှိ အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် အဆောက်အဦ ဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမျိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ညွှန်ကြားရေးမှူးရုံး အဆောက်အအုံ ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါရုံးအဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြု ရန်ပုံငွေကျပ် ၂၈၇ ဒသမ ၁ သန်းဖြင့် ခြံစည်းရိုး၊ ဝင်ထွက်လမ်း၊ ရေမီးပါ ပေ(၈၀×၆၀×၂၄)RC နှစ်ထပ် အဆောက်အအုံ အမျိုးအစားကို ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၁၃)က တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအဆောက်အအုံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တတိယမြောက် အဆောက်အအုံလည်း ဖြစ်ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန်နှင့် ပတ်သက်သည့် အမိန့်ကြော်ငြာစာအမှတ် ၊ ၄၇/၂၀၁၈ အား သတင်းမီဒီယာများသို့ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန် (Withholding Tax)နှင့် ပတ်သက်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ ကို သတင်းမီဒီယာများအား ရှင်းလင်းဆွေးနွေးသည့် အစီအစဉ်ကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်တွင်းအခွန်များဦးစီးဌာန ပြန်ကြားရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေခိုင်က ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပွဲအခမ်းအနားသို့ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာ ၁၈ ခုမှ တက်ရောက်ခဲ့ကြပြီး အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ နှင့် ပတ်သက်၍ မရှင်းလင်းသည်များကို မေးမြန်းခဲ့ကြရာ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၅ တွင် ဖော်ပြခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိသတင်း ပုံစာတွင် "တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း" **အစား** "ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **မြန်မာ့အလင်း**

**မှတ်သားဖွယ်ရာ မိုးရေချိန်**

**နေပြည်တော် ဇွန် ၂၈** -မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ သီပေါမြို့တွင် ၂ ဒသမ ၁၂ လက်မ၊ ဟသ်ာတမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊သထုံမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ လပွတ္တာမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ရွှေဂွန်းမြို့တွင် ၁ ဒသမ ၂၄ လက်မ၊ ကတိုင်တိတွင် ၁ ဒသမ ၂၃ လက်မ၊ ပြည်မြို့တွင် ၁ ဒသမ ၂၂ လက်မနှင့်မအူပင်မြို့တွင် ၁ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# သက်ရှိ၊ သက်မဲ့အရာများအတွက် လုံခြုံမှုကိုပေးသည်မှာ ဥပဒေသည်သာ

ဒေါက်တာဥမ္မာလင်း(မော်ကွန်းတိုက်)

နိုင်ငံတော်သည် အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သည်။ ဤသို့အကောင်အထည်ဖော်ဆောင်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်သည့် ဥပဒေပြုအဖွဲ့အစည်းများ ဖြစ်သော ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်စသည့် ဥပဒေပြုအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါရည်ရွယ်ချက်များ၊ အနှစ်သာရများ နှင့်အညီ ၎င်းတို့အားအပ်နှင်းထားသော ဥပဒေပြုခွင့်အာဏာ များအရ လိုအပ်သည့် ဥပဒေများကို သတ်မှတ်ပေးရသည်။ ဥပဒေပြုခွင့်အာဏာသည် လွှတ်တော်တွင်သာ ရှိသည်။ ဥပဒေပြုလွှတ်တော်များသည် သက်ဆိုင်ရာ လူမှုအသိုင်း အဝိုင်းတို့၏လိုအပ်ချက်များကို ညှိနှိုင်း၍ ဥပဒေပြုခြင်း၊ ဥပဒေများကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်ကာ တရားမျှတသော ဥပဒေများကို ပြဋ္ဌာန်းပေး ကြသည်။




### မြန်မာ့ဥပဒေစနစ်

မြန်မာနိုင်ငံသည် ဘုရင်စနစ်တွင် ကိုယ့်ဥပဒေနှင့်ကိုယ် ကျင့်သုံးခဲ့ပြီး မြန်မာ့ဥပဒေစနစ် သီးခြားရှိခဲ့သည်။ ပုဂံခေတ် နောက်ပိုင်း အေဒီ ၁၂၉၄ တွင် တရားဥပဒေကို အိန္ဒိယ အမည်ဖြင့် ဓမ္မသတ်ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ ၁၃ ရာစုအလယ် ၌ ဥပဒေပါရဂူများ ပေါ်ပေါက်ခဲ့ပြီးမြန်မာ့ရိုးရာဓလေ့ကိုယူ၍ ပြုပြင်လျက် ဥပဒေကျမ်းပြုခဲ့ကြသည်။ ရှေးမြန်မာတို့၏ အုပ်ချုပ်ရေး၌ တရားဥပဒေဆိုင်ရာဌာန သီးခြားရှိခဲ့သော် လည်း ဥပဒေကျမ်းကို အားကိုးသည်ထက် တရားလို၊ တရားခံ ကျမ်းတိုက်ခြင်း၊ ခါတ်တော်နှင့် ရုပ်တုတော်ရှက်စေခြင်းကို ပို၍ အားကိုးကြသည်ကို အေဒီ ၁၂၁၈ ရှေးကျောက်စာများအရ သိရပါသည်။

၁၈၂၆ ခုနှစ် ပထမ အင်္ဂလိပ် - မြန်မာစစ်ပွဲမှ စတင်၍ ဗြိတိသျှကိုလိုနီ လက်အောက်တွင် Common Law စနစ်ကို ကျင့်သုံးခဲ့ပြီး ဓလေ့၊ ထုံးတမ်းများကို အလေးမထားဘဲ အစိုးရ ပြဋ္ဌာန်းသည့် ဥပဒေကိုသာ အဓိကထားခဲ့သည်ကို တွေ့ရှိရ သည်။ ဂျပန်အုပ်ချုပ်သည့် ကာလတွင် ဥပဒေစနစ်ပြောင်းလဲ ကျင့်သုံးလာခဲ့ပြီး ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကာလတွင် ဥပဒေစနစ်ပြောင်းလဲလာသော်လည်း Common Law စနစ်ကိုသာ ဆက်လက်ကျင့်သုံးခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက် ဆိုရှယ်လစ်ခေတ်တွင် တရားစီရင်ထုံးကိုမြှုပ်ပြီး ဥရောပဥပဒေစနစ်ကဲ့သို့ Civil Law ကို ကျင့်သုံးခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဥပဒေစနစ်တစ်မျိုး ပြောင်းလဲကျင့်သုံးလာခဲ့သည်။

### တည်ဆဲဥပဒေပေါင်း ၉၀၀ ကျော် ပြဋ္ဌာန်းထား

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးသမိုင်း ပြောင်းလဲလာသည် နှင့်အညီ ခေတ်အဆက်ဆက် နိုင်ငံတော်မှ ထုတ်ပြန်ခဲ့သည့် ဥပဒေများ၊ နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာ ရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်သော ဥပဒေ များ၊ လက်စွဲဥပဒေ (Manuals)၊ အက်ဥပဒေ(Acts )၊ နည်းဥပဒေ( Rules)၊ စည်းမျဉ်းဥပဒေ (Regulations)၊ စည်းကမ်းဥပဒေ(By- Law)၊ ကိုဒ်ဥပဒေ(Codes)၊ တရား ဥပဒေ(Laws)၊ စတက်ကျူ ဥပဒေ (Statutes)၊ အမိန့်ဥပဒေ (Ordinances)၊ အခြေခံဥပဒေ (Constitutions) ဟူ၍ မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေပေါင်း ၉၀၀ ကျော် ပြဋ္ဌာန်း ထားသည်။

ဥပဒေများကို နိုင်ငံတိုင်း၊ လူမျိုးတိုင်းအလေးထား တန်ဖိုး ထားကြသည်။ ဥပဒေတွင် သဘောတရားရေးရာနှင့် ပတ်သက် ၍ အပိုင်းနှစ်ပိုင်းရှိသည်။ ဥပဒေရေးဆွဲခြင်းနှင့် အကောင် အထည်ဖော်ဆောင်ရွက်ခြင်းဟူ၍ ဖြစ်သည်။ ဥပဒေသည် မည်မျှပင်ကောင်းစေကာမူ အကောင်အထည်ဖော်ဆောင် ရွက်ခြင်းမရှိပါက အချည်းအနှီးပင်ဖြစ်သည်။ လူ့ဘောင် သမိုင်းတိုးတက်လာသည်နှင့်အမျှဥပဒေများသည်လည်း များစွာတိုးကာ ပြဋ္ဌာန်းလာခဲ့ကြသည်။ ဥပဒေများပြဋ္ဌာန်းခြင်း သည် လူ့အဖွဲ့အစည်းများအတွင်းရှိ ပြဿနာရပ်များကို တရား သဖြင့် ဖြေရှင်းနိုင်စေရန်အတွက် ဖြစ်သည်။

ဥပဒေအမျိုးအစားအမျိုးမျိုးကို အစိုးရအဖွဲ့အစည်းများမှ ပြဋ္ဌာန်းပေးရသည်။ ဥပဒေများပြဋ္ဌာန်းရာတွင် နိုင်ငံတော် အဆင့် ဆုံးဖြတ်ချက်များကို ချမှတ်ရပြီး ပြည်ထောင်စု လွှတ်တော်မှ ချမှတ်ပြဋ္ဌာန်းလိုက်သော ဥပဒေသည် နိုင်ငံတစ် ဝန်းလုံးတွင် အာဏာသက်ရောက်မှုရှိသည်။ ထိုပြဋ္ဌာန်းလိုက် သော ဥပဒေများသည် အဆင့်မြင့် ဥပဒေပြုအဖွဲ့အစည်းများမှ ပြဋ္ဌာန်းသော ဥပဒေများနှင့် ဆန့်ကျင်မှုရှိလျှင် အဆင့်မြင့် ဥပဒေပြုအဖွဲ့အစည်းများမှ ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ ဥပဒေမူကြမ်းရေးဆွဲရာ တွင်ဖြစ်စေ၊ ဥပဒေပြန်လည်ပြင်ဆင်ရာတွင်ဖြစ်စေ၊ နိုင်ငံတော် ၏မူဝါဒ၊ အကောင်အထည်ဖော်ဆောင်ပေးရမည့်ဌာန၏ လုပ်ငန်းလိုအပ်ချက်ကို ဥပဒေပါ ရည်ညွှန်းချက်များအတိုင်း ထမြောက်အောင်မြင်စေရန်အတွက် ပြင်ဆင်ရသည့် အကြောင်း အရာနှင့် ပတ်သက်၍ နိုင်ငံတကာစံချိန်၊ စံနှုန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ ပြည်တွင်းဥပဒေများ၏ Format များကိုပါ စံနမူနာထား၍ ရေးဆွဲကြရပါသည်။

### အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်း များ မော်ကွန်းတိုက်ဦးစီးဌာနသည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာ ၁၃ ရက်နေ့တွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို (နယက ဥပဒေအမှတ် ၁၈/ ၁၉၉၀) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၉၁ ခုနှစ် ဧပြီ ၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၄/ ၉၁ ဖြင့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ဆိုင်ရာလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခဲ့သည်။ အမျိုးသား မော်ကွန်းတိုက်သည် နိုင်ငံတော်အတွက်အရေးပါသည့် မှတ်တမ်း များ ပျက်စီးဆုံးရှုံးမှုမရှိစေရန် မော်ကွန်းဥပဒေဖြင့် ကာကွယ်ထား ပါသည်။ မော်ကွန်းဥပဒေအရ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အုပ်ချုပ်မှုဆိုင်ရာ အရေးပါ သော မှတ်တမ်းများနှင့်သမိုင်းဆိုင်ရာ အရေးကြီးသော မှတ်တမ်း များကို အဓိကထားကာ လွှဲပြောင်းရယူ ထိန်းသိမ်းပါသည်။

အုပ်ချုပ်မှုဆိုင်ရာ အရေးပါသောမှတ်တမ်း (Records of Value for Administrative Purposes) ဆိုသည်မှာ အစိုးရက ချမှတ်ပေးသော အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ ပိုင်ဆိုင်မှုလျှောက်ထားချက်များ၊ နစ်နာကြေးနှင့်ပတ်သက်သည့် အထောက်အထားများ၊ ဥပဒေပြင်ဆင်ခြင်း၊ ပြုလုပ်ခြင်းဆိုင်ရာ နှင့် ပတ်သက်သော မှတ်တမ်းများ၊ နိုင်ငံတော်အခြေခံဥပဒေနှင့် ပတ်သက်သောကိစ္စရပ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ စီမံကိန်းများ၊ အစီရင်ခံစာများ၊ ဥပဒေဆိုင်ရာ အကြံပေးချက် အစီရင်ခံစာများ၊ အကြံပြုချက်များ၊ အဆိုပြုချက်များ၊ ဌာနဆိုင်ရာစည်းမျဉ်း စည်းကမ်းများနှင့် ညွှန်ကြားစာများ ဖြစ်သည်။

သမိုင်းဆိုင်ရာ အရေးကြီးသော မှတ်တမ်း( Records of Historical Importance ) ဆိုသည်မှာ အစိုးရအဖွဲ့အစည်း၊ ဌာနများ၏ ဖွဲ့စည်းပုံများ၊ နိုင်ငံတော်တစ်ခုလုံး၏ ပေါ်လစီမူဝါဒ ပြောင်းလဲခြင်းနှင့်ပတ်သက်သော အထောက်အထားများ၊ ကက်ဘီနက်ကဲ့သို့ နိုင်ငံတော်၏အရေးအကြီးဆုံး အစည်းအဝေး ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်အတွက် အထူးအရေးကြီး ပြောင်းလဲသော စီမံကိန်းများ၊ လျာထားချက်များ၊ နိုင်ငံတကာနှင့် ယှဉ်ပြီးပြောင်းလဲချက်ဆိုင်ရာမှတ်တမ်းများ၊ နိုင်ငံတော်အစိုးရက လုပ်ဆောင်ခဲ့သော လူထုညီလာခံများ၊ တစ်နိုင်ငံလုံးနှင့် ပတ်သက်သော အစည်းအဝေးများနှင့်သတင်းများ ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် လက်အောက်ခံအဖွဲ့ အစည်းများရှိ မော်ကွန်းဝင်မှတ်တမ်းများသည် ကာလရှည်ကြာ လာသောအခါတွင် မော်ကွန်းများ ဖြစ်လာနိုင်ပြီး ပြည်တွင်း/ ပြည်ပသုတေသီပညာရှင်များ၊ ပါရဂူကျမ်းပြုပုဂ္ဂိုလ်များနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းလာစေမည့်အပြင် နိုင်ငံတော်နှင့် ဌာနဆိုင်ရာများအတွက်လည်း တန်ဖိုးမဖြတ်နိုင် သည့် အထောက်အထားများ ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားမော်ကွန်းတိုက်သည် အပြည်ပြည် ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (International Council on Archives- ICA) အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၁ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး အရှေ့တောင်အာရှဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (Southeast Asian Regional Branches of International Council on Archives - SARBICA) အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၃ ခုနှစ်၌ ဖြစ်လာခဲ့သည်။ ထို့ကြောင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် နိုင်ငံတကာရှိ မော်ကွန်းတိုက်များ နည်းတူ မှတ်တမ်းရယူ စုဆောင်းခြင်းကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်ပါသည်။

မှတ်တမ်းရယူခြင်း (Acquisition) ဆိုသည်မှာ မော်ကွန်း တိုက်များ၏ ကနဦး ဆောင်ရွက်ချက်တစ်ခု ဖြစ်သကဲ့သို့ အဓိက လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်သည်။ အမျိုးသားမော်ကွန်းတိုက် သည် မှတ်တမ်းများရယူ စုဆောင်းခြင်းလုပ်ငန်းကို အမျိုးသား ရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ အစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးတို့နှင့် လူပုဂ္ဂိုလ်တို့၏မော်ကွန်းဝင်မှတ်တမ်းတို့ကို အမျိုးသားမှတ်တမ်း နှင့် မော်ကွန်းဥပဒေနှင့်အညီ ရယူစုဆောင်းကာ စနစ်တကျ သိမ်းဆည်းထားရှိပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသို့ သွားရောက်ကာ မှတ်တမ်းရယူစုဆောင်းရာတွင် အချို့သောဌာနများ၌ နိုင်ငံ၏ အုပ်ချုပ်မှုဆိုင်ရာ အရေးပါသောမှတ်တမ်းများနှင့် သမိုင်းဆိုင်ရာ အရေးကြီးသော မှတ်တမ်းများမှာ ပျက်စီးပြီး ဖြစ်နေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ မှတ်တမ်းစီမံ ခန့်ခွဲမှုအပိုင်း၌ အားနည်းချက်များရှိသောကြောင့် ဖြစ်သည်။

### ပြောင်းလဲပြင်ဆင်ရန် လိုအပ်နေ

မှတ်တမ်းစီမံခန့်ခွဲမှုလုပ်ငန်းနှင့် ပတ်သက်၍ ဗြိတိသျှခေတ် နှင့် လွတ်လပ်ရေးရပြီးခေတ်များ၌ ကိုလိုနီခေတ်အုပ်ချုပ်ရေး၏ ဗဟိုအချက်အချာဖြစ်သော အတွင်းဝန်များရုံး၏ကိုဒ်ဥပဒေကို Secretariat Code တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းကို ခုဒ်ဥပဒေစနစ် ဖျက်သိမ်းပြီးသည့်နောက်တွင် အတွင်းဝန်များရုံးလက်စွဲ (Secretarial Manual)နှင့် မြန်မာပြည်ခရိုင်ရုံးလက်စွဲ (Burma District Office Manual) များဖြင့် မှတ်တမ်း များ မပျောက်ပျက်စေဘဲ ထိန်းသိမ်းမှုစနစ်တကျဖြစ်စေရန် သတ်မှတ်ပေးခဲ့သည်။ တော်လှန်ရေးအစိုးရလက်ထက်တွင် မှတ်တမ်းစီမံခန့်ခွဲမှုဆောင်ရွက်ရန် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ၌ ထုတ်ပြန်သော အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ရေး စာအုပ် ၂၇ ဖြင့် ညွှန်ကြားခဲ့ပါသည်။ ထို့ကြောင့် မှတ်တမ်းစီမံခန့်ခွဲမှုမှာ အမျိုးသားအဆင့်အတိုင်းအတာဖြင့် ဆောင်ရွက်ကြရမည် ဖြစ်သည်။

အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေအခန်း(၄)၊ ပုဒ်မ (၆)၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် “ အစိုးရဌာနများသည် မိမိ တို့လက်ဝယ်ရှိ မှတ်တမ်းများကို ကိစ္စဆောင်ရွက်ပြီးစီး၍ ၁၂ နှစ်ပြည့်မြောက်ပြီး ဆက်လက်သုံးစွဲခြင်း မပြုပါက ဤဦးစီးဌာန သို့ လွှဲပြောင်းပေးရမည်” ဟူ၍ ပြဋ္ဌာန်းထားရှိသည်။ ၁၂ နှစ် မပြည့်မြောက်စေကာမူ လွှဲပြောင်းပေးလိုက လွှဲပြောင်းပေးနိုင် သည်ဟူ၍သာပါရှိပြီး လွှဲပြောင်းပေးခြင်းမရှိပါက မည်သို့ ဆောင်ရွက်ရမည်ကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ မှတ်တမ်းများ လွှဲပြောင်းပေးနိုင်ခြင်းမရှိပါက ဌာနမှဝင်ရောက် သိမ်းဆည်းရန်အချက်ကို မော်ကွန်းဥပဒေတွင် ပြုပြင်၊ ပြောင်းလဲပြင်ဆင်ရန် လိုအပ်နေပါသည်။

မော်ကွန်းဥပဒေကို ပြင်ဆင်ရာတွင် ပြည်တွင်းဥပဒေများ ကိုသာမက အာဆီယံဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံ များ၏ မော်ကွန်းဥပဒေများကိုပါနှိုင်းယှဉ်၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဥပဒေကို ရေးဆွဲကြရပါသည်။ ဥပဒေပြင်ဆင် သည့်အခါ အချို့အပိုင်းများတွင် အင်္ဂလိပ်- မြန်မာကွက်တိ ဘာသာပြန်ဆို၍ မရနိုင်သည့်အကြောင်းအရာများ ရှိနေသော် လည်း မော်ကွန်းနှင့် ပတ်သက်သည့် Propagandas များကို International Law ကော်မရှင်တွင် လေ့လာကာဆောင်ရွက် ကြရပါသည်။ မော်ကွန်းဥပဒေပြင်ဆင်ချက် မထုတ်ပြန်နိုင်လျှင် အချိန်ကြာမြင့်လာသည်နှင့်အမျှ နိုင်ငံ၏အရေးကြီးမှတ်တမ်း များ ဆုံးရှုံးရမည်ဖြစ်သည်။ အချို့မှတ်တမ်းများသည် အနာဂတ်တွင် မော်ကွန်းများဖြစ်လာမည်ဖြစ်သောကြောင့် ဌာနအသီးသီးရှိ မှတ်တမ်းထိန်းသိမ်းမှုများ စနစ်ကျစေရန် အတွက် မှတ်တမ်းစီမံခန့်ခွဲသူ၊ တာဝန်ရှိသူများအနေဖြင့် Need- to- know Compartment System အတိုင်းကျင့် သုံးရန် လိုအပ်ပါသည်။ နိုင်ငံ၏အရေးကြီးလှသော မှတ်တမ်း များပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် ကာကွယ်ကြရမည်မှာ နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်ပင် ဖြစ်သည်။

အမျိုးသားမော်ကွန်းတိုက်သည် နောင်သမိုင်းစာမျက်နှာ အတွက် အရေးပါလှသော မှတ်တမ်းများကို ပြင်ပဌာနများသို့ သွားရောက်ကာ မှတ်တမ်းများ ရယူစုဆောင်းနေရသော်လည်း မော်ကွန်းဥပဒေသစ်ထွက်ရှိလာသောအခါ ပြင်ပဌာနများရှိ မှတ်တမ်းများ အမျိုးသားမော်ကွန်းတိုက်သို့ အလို အလျောက် ပေးပို့ကြရမည်ဖြစ်ပြီး မော်ကွန်းဥပဒေသစ်ဖြင့် နိုင်ငံ၏ အရေးပါသော မှတ်တမ်းများကို အကာအကွယ်ပေးနိုင်မည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးလုပ်သည် ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၊ ဌာနအဖွဲ့အစည်းတစ်ခု ကောင်းစားရေးအတွက် လုပ်ခြင်းမဟုတ်ဘဲ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် ကိုယ်စားပြုဆောင်ရွက်ခြင်းပင် ဖြစ်သည်။

### ဥပဒေသည် တရားမျှတခြင်း

ဥပဒေသည် တရားမျှတခြင်း၊ မှန်ကန်ခြင်း၊ ညီညွတ်ခြင်း စသည့် အရိပ်အာဝါသကို ပေးသည်။ စကားလုံး သုံးလုံးတည်းရှိ သော်လည်း လူသားတိုင်းသိရှိနားလည်ရန် ခက်ခဲသည့်ဥပဒေ သည် တည်ကြည်ခြင်း၊ လေးနက်ခြင်း၊ လုံခြုံခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ ဥပဒေပြုရေးလုပ်ငန်းများကို ထမ်းဆောင်နေသည့် လွှတ်တော်များသည် ဥပဒေပြုရေး မဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အကြား အပြန်အလှန်ထိန်း ကျောင်းပေးခြင်းကို ဆောင်ရွက်ပါသည်။ ဥပဒေဆိုင်ရာ အဓိက အချက်များဖြစ်သည့် ရှိရင်းစွဲဥပဒေများကို ပြန်လည်စိစစ်ခြင်း၊ ပြင်ဆင်ရန်လိုအပ်သော ဥပဒေများကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်း သင့်သည့် ဥပဒေများကိုရုပ်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို ပြဋ္ဌာန်းခြင်းတို့ကိုလည်း လုပ်ဆောင်ပါသည်။

ဗုဒ္ဓတရားတော်နှင့်အညီ လောက၏နိယာမအတိုင်း ဤသင်္ခါရလောကတွင် မြင်မြင်သမျှသော သက်ရှိသက်မဲ့ အရာဟူသမျှတို့သည် နေ့စဉ်ပြောင်းလဲလျက်ရှိရာ ကောင်းမွန် သောပြောင်းလဲခြင်းဖြစ်စေရန် လုပ်ဆောင်ကြရပေမည်။ နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရာတွင် နိုင်ငံသား တိုင်းဥပဒေရေးရာအမြင်နှင့် ဥပဒေဆိုင်ရာသုတအဖြာဖြာ သိရှိလေ့လာထားရန် လိုအပ်လှပါသည်။ အမျိုးသားမော်ကွန်း တိုက်သည် ပြဋ္ဌာန်းထားသည့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြောင်းလဲလာသောခေတ်၊ စနစ်နှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက်သာမက သက်ရှိ၊ သက်မဲ့အရာများအတွက် ဥပဒေသည်သာ အလုံခြုံဆုံး ဖြစ်သည့်အတွက် ပြုပြင်၊ ပြောင်းလဲ၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို အများပြည်သူသိရှိစေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

**“ဥပဒေများကို နိုင်ငံတိုင်း၊ လူမျိုးတိုင်း အလေးထားတန်ဖိုးထားကြသည်၊ ဥပဒေတွင် သဘောတရားရေးရာနှင့် ပတ်သက်၍ အပိုင်းနှစ်ပိုင်းရှိသည်၊ ဥပဒေရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟူ၍ ဖြစ်သည်၊ ဥပဒေသည် မည်မျှပင်ကောင်းစေကာမူ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါက အချည်းအနှီးပင်ဖြစ်သည်၊ လူ့ဘောင်သမိုင်းတိုးတက်လာသည်နှင့်အမျှ ဥပဒေများသည်လည်း များစွာတိုးကာ ပြဋ္ဌာန်းလာခဲ့ကြသည်၊ ဥပဒေများပြဋ္ဌာန်းခြင်းသည် လူ့အဖွဲ့အစည်းများအတွင်းရှိ ပြဿနာရပ်များကို တရားသဖြင့် ဖြေရှင်းနိုင်စေရန်အတွက်ဖြစ်”**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နှင့် IndustriALL Global Union Federation ၏ General Secretary Mr. Valter Sanches ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးစဉ်။

# အထည်ချုပ်အလုပ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အကြံပြုမှာကြား

**နေပြည်တော် ဇွန် ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ သည် IndustriALL Global Union Federation ၏ General Secretary ဖြစ်သူ Mr. Valter Sanches ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၂၈ ရက်က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍတွင် CMP လုပ်ငန်းသာမက ကဏ္ဍတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အထည်ချုပ်အလုပ်သမားများ လုပ်ငန်းကျွမ်းကျင်မှုရှိရေး၊ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရေး၊ လုပ်ခလစာများ တိုးမြှင့်နိုင်ရေးတို့နှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက အကြံပြုမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံအများစုတွင် နာမည်ကျော်ကြားသည့် ကုန်အမှတ်တံဆိပ် ထုတ်ကုန်များထုတ်လုပ်သည့် လုပ်ငန်းရှင်များထံမှ ပြည်တွင်းရှိအလုပ်သမားများ ထိုက်တန်သော လုပ်ခလစာရရှိရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ သုံးပွင့်ဆိုင် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရေး၊ ဝယ်ယူသူများထံမှ တိုက်ရိုက်မှာကြားမှုရရှိသည့် အလုပ်ရှင်များ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲပြုလုပ်ရန်ကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခင်ရတနာ**


နိုင်ငံတော်သမ္မတရုံး PRESIDENT OFFICE မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန

"လုံခြုံစိတ်ချ - သတင်းပေးကြ"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈) ဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့် တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့်အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇- ၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇- ၅၉၀၂၃၃ |
| အီးမေးလ် လိပ်စာ | - | antinarcotics@presidentoffice.gov.mm |


## မူးယစ်ဆေးဝါးအန္တရာယ်များ အသိပညာပေး

**နေပြည်တော် ဇွန် ၂၈**

လယ်ဝေးမြို့နယ် အေလာ အ.ထ.က (၅) တွင် မှုခင်းအသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။ အခမ်းအနားတွင် အမှတ်(၁) လူကုန်တားတပ်ဖွဲ့မှ ရဲအုပ်ရဲဝင်းလွင်က လူကုန်ကူးမှုဆိုင်ရာ သိသင့်သိထိုက်သည့် ဥပဒေများ၊ အေလာ စခန်းမှူး ရဲအုပ် ကျော်ကျော်ဦးက မူးယစ်ဆေးဝါးနှင့် လက်နက်ဆိုင်ရာ သိသင့်သိထိုက်သည့် ဥပဒေအကြောင်းအရာများ၊ လယ်ဝေးမြို့ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်က မူးယစ်ဆေးဝါးနှင့် ကလေးသူငယ်ဆိုင်ရာ ဥပဒေများအား အသိပညာပေး အကြောင်းအရာများအား ရှင်းလင်းဟောပြောသည်။

**ကိုရဲ**

● *ကျောဖုံးမှ*

စီးပွားရေးစနစ် ပီပြင်စွာဖော်ဆောင်ရေး၊ တိုင်းရင်းသားစာပေသင်ကြားရေး၊ တိုင်းရင်းသား ဘာသာစကား၊ စာပေ၊ ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာ၊ ဝတ်စားဆင်ယင်မှု၊ သမိုင်းအမွေအနှစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ကာကွယ်ထိန်းသိမ်းရေး၊ လူတိုင်းအကျုံးဝင်သော ပညာရေးစနစ်၊ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သည့် ကျန်းမာရေးစနစ်ဖော်ဆောင်ရေး၊ အနာဂတ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတွင် တပ်မတော်တစ်ခုတည်းထားရှိရေး အဆိုပြုချက်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ကချင်ပြည်ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက "နိုင်ငံရေးကဏ္ဍနဲ့ပတ်သက်ပြီး တိုင်းရင်းသားအရေး၊ တိုင်းရင်းသားအခွင့်အရေးနဲ့ လူနည်းစုတိုင်းရင်းသားတွေရဲ့အကြောင်းအရာတွေကို ဆွေးနွေးခဲ့ပါတယ်။ အဲဒီအပြင် ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်ထဲမှာပါတဲ့ နိုင်ငံရေးဆိုင်ရာကိစ္စရပ်တွေ၊ ဖွဲ့စည်းပုံရေးဆွဲရာမှာ ထည့်သွင်းသင့်တဲ့အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAO)နဲ့ နိုင်ငံရေးပါတီတွေကတင်တဲ့ စာတမ်းတွေကို တစ်ချက်ချင်းဆွေးနွေးပါတယ်။ တူတဲ့အမြင်တွေရှိသလို ကွဲလွဲတဲ့အမြင်တွေလည်းရှိပါတယ်။ ဒါတွေကို မှတ်ချက်အနေနဲ့ ရေးထားပါတယ်။ သုံးပွင့်ဆိုင်ကိုယ်စားလှယ်တွေရဲ့သဘောထားတစ်ခုတည်းရရှိတယ်ဆိုရင်တော့ မှတ်ချက်မှာ မပါတော့ပါဘူး။ စာတမ်းတွေကို မနက်ဖြန် ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ -UPDJC ကို တင်မှာဖြစ်ပါတယ်။ UPDJC ကနေ ပြန်ချပေးလိုက်တဲ့အချက်တွေကို ဇူလိုင် ၄ ရက်ကနေ ၆ ရက်အထိ ကျင်းပမယ့် လုပ်ငန်းကော်မတီ အစည်းအဝေးမှာ ပြန်ပြီးဆွေးနွေးမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားလူနည်းစုအခွင့်အရေးမှာ သဘောတူညီထားတာတွေ တော်တော်များများရှိပါတယ်" ဟု ပြောသည်။

ထို့အတူ ဦးအောင်ကြည်ညွန့်က " ဒီ ၃ ရက်အတွင်းမှာ ဆွေးနွေးခဲ့တာတွေကို စုစည်းပြီး UPDJC ကို တင်ပြသွားမှာပါ။ နိုင်ငံရေးပါတီက ဆွေးနွေးဖို့ကျန်ခဲ့တဲ့ ခေါင်းစဉ် ၁၀ ခုရှိပါတယ်။ အဲဒီထဲက ခေါင်းစဉ် ၂ ခုကိုပဲ ဆွေးနွေးခဲ့ပါတယ်။ တိုင်းရင်းသားလူနည်းစုများရဲ့ အခွင့်အရေးကို ကာကွယ်ခြင်းနဲ့ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ ကျား၊ မ တန်းတူညီမျှရေးဆိုတဲ့အချက်တွေကို ဆွေးနွေးခဲ့ပါတယ်"ဟု ပြောသည်။


လုံခြုံရေးကဏ္ဍဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဦးမျိုးဝင်းက "လုံခြုံရေးကဏ္ဍနဲ့ပတ်သက်ပြီး အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAO)ကြားမှာ အလွတ်သဘောဆွေးနွေးပွဲ လေးကြိမ်လုပ်ခဲ့ပါတယ်။ ဒီအလွတ်သဘော ဆွေးနွေးပွဲကနေ ရရှိတဲ့အချက်တွေနဲ့ သဘောထားစုစည်းချက်တွေကို အခုဆွေးနွေးပွဲမှာ တင်ပြလာပါတယ်။ အလွတ်သဘော ဆွေးနွေးပွဲဆိုတာကလည်း တရားဝင်ဆွေးနွေးပွဲကို အထောက်အကူဖြစ်ဖို့ လုပ်ခဲ့ကြတာပါ။ လုံခြုံရေးကဏ္ဍမှာတော့ အနာဂတ်မှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုမှာ တပ်မတော်တစ်ခုတည်းထားရှိရေးကိစ္စကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAO)နဲ့ ဆွေးနွေးပါတယ်။ အနာဂတ်မှာ တည်ဆောက်မယ့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုမှာထားရှိမယ့် တစ်ခုတည်းသော တပ်မတော်ကိစ္စအပါအဝင် လုံခြုံရေးကဏ္ဍကိုဆွေးနွေးဖို့ အစိုးရနဲ့ EAO ကြားမှာ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်သွားပြီးတော့မှ ဆောင်ရွက်သွားမယ်ဆိုတဲ့ ၂ ချက်ကို ဆွေးနွေးခဲ့ပါတယ်။ အလွတ်သဘောဆွေးနွေးပွဲက ၂ ချက်ကို အပြုသဘောဆောင်တဲ့ ရလဒ်အဖြစ် ထားရှိပါတယ်။ တိုင်းပြည်တစ်ခုမှာ တပ်မတော်တစ်ခုတည်း ရှိရမယ်ဆိုတာ မူအားဖြင့် ရှိထားပြီးသားပဲ။ ဒါ Universal Truth အဖြစ်နဲ့ လက်ခံထားပြီးသားပါပဲ။ အဲဒါနဲ့ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး နှစ်ဖက်လက်ခံနိုင်တဲ့ ပညာရှင်တွေခေါ်ယူပြီး အတူတကွလေ့လာမယ်၊ သဘောထားတွေ စုစည်းမယ်။ ဒါတွေကို ရေရှည်မှာဆောင်ရွက်သွားဖို့ သဘောထားစုစည်းသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

စီးပွားရေးကဏ္ဍဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဦးလှမောင်ရွှေက "အရင် (၁၀) ကြိမ်မြောက် UPDJC အစည်းအဝေးက ကွန်တော်တို့ ပြန်ဆွေးနွေးဖို့ ပို့ပေးလိုက်တဲ့အချက် ၆ ချက်ရှိပါတယ်။ အဲဒါတွေ ကျွန်တော်တို့အားလုံး ဆွေးနွေးပြီးပါပြီ။ နောက်တစ်ခုက တိုင်းရင်းသားလက်နက်ကိုင် ငါးဖွဲ့ပေါင်းတင်တဲ့ ၂၄ ချက်ပါတဲ့ စာတမ်းတစ်ခုရှိပါတယ်။ အဲဒီထဲက ၁၃ ချက်ဆွေးနွေးပြီးပါပြီ။ မွန်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကတင်တဲ့ အချက် ၇၁ ချက်နဲ့ နိုင်ငံရေးပါတီတွေကတင်တဲ့ အချက် ၈ ချက်ကိုလည်း တစ်ဝက်ကျော် ဆွေးနွေးပြီးပါပြီ။ ယခုဆွေးနွေးချက်တွေအားလုံးကို တိုင်းရင်းသားတွေက သူတို့ရဲ့တာဝန်ရှိတဲ့ သူတွေဆီ ပြန်ယူသွားမယ်။ လာမယ့် ဇူလိုင် ၄၊ ၅၊ ၆ ရက်မှာ ကျွန်တော်တို့ ပြန်ပြီးဆွေးနွေးပါမယ်။ အဲဒါပြီးရင် UPDJC ကတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကို တင်မှာဖြစ်ပါတယ်။ အရင်ညီလာခံမှာတုန်းက စီးပွားရေးကဏ္ဍကနေ စုစုပေါင်းအချက် ၁၁ ချက် မူဝါဒအဖြစ်ထွက်ခဲ့ပါတယ်။ အခုတစ်ခေါက်မှာလည်း အရင်တစ်ခါကထက် မနည်းတဲ့အချက်တွေကို မူဝါဒအဖြစ်ထွက်လာမယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးကဏ္ဍအတွက် အားရပါတယ်။ ညီလာခံကျင်းပမယ့် ရက်ကို မနက်ဖြန် UPDJC အစည်းအဝေးမှာ အတည်ပြုမှာပါ။ တတိယအကြိမ်ညီလာခံကို ဇူလိုင် ၁၁ ရက်မှာ ကျင်းပဖို့ အဆိုပြုထားပါတယ်။ ညီလာခံကိုတော့ ဇူလိုင် ၁၁ ရက်ကနေ ၁၅ ရက်အထိ ၅ ရက်ကျင်းပဖို့တင်ပြမှာပါ။ တက်ရောက်မယ့် လက်နက်ကိုင် အဖွဲ့တွေကို ဖိတ်ကြားဖို့ကတော့ မနက်ဖြန်မှာ ကျင်းပမယ့် UPDJC မှာ ဆုံးဖြတ်မှာဖြစ်ပါတယ်"ဟုပြောသည်။

ယနေ့ ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျဦးနှင့် တာလုဖေ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်သူထက်၊ အေးအေးသန့်**




# မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံအမျိုးသမီးပြိုင်ပွဲ ဇွန် ၃၀ ရက်စတင်မည်

**ရန်ကုန် ဇွန် ၂၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှစ၍ အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပတော့မည်ဖြစ်သည်။ အာဆီယံနိုင်ငံများအတွက် အမြင့်ဆုံး အမျိုးသမီးဘောလုံးပြိုင်ပွဲဖြစ်ပြီး အောင်မြင်မှုရရေး ပြင်ဆင်ထားသည့် မြန်မာအမျိုးသမီးအသင်း၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ၁၀ နိုင်ငံ ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေမှုအနေအထားအရ အုပ်စု (က) တွင် ထိုင်း၊ ဩစတြေးလျ၊ တီမော၊ ကမ္ဘောဒီးယား၊ မလေးရှား၊ အုပ်စု (ခ) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို ဇွန် ၃၀ရက်မှ ဇူလိုင် ၉ ရက် အထိ ကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၁၁ ရက်တွင် ဆီမီးဖိုင်နယ်၊ ဇူလိုင် ၁၃ ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲတို့ ကျင်းပမည်ဖြစ်သည်။ ဇွန် ၃၀ ရက်တွင် အုပ်စု (က) ပွဲများကျင်းပမည်ဖြစ်ပြီး မလေးရှားအသင်းနှင့် ဩစတြေးလျအသင်း၊ တီမောအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းမှာမူ အုပ်စုအဖွင့်ပွဲကို ဇူလိုင် ၁ ရက်မှ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမနေရာအတွက် ဗီယက်နမ်နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ခြေစွမ်းတက်လာသည့် ဖိလစ်ပိုင်နှင့် ယှဉ်ပြိုင်ရမည့် အဖွင့်ပွဲမှာ အရေးပါနေသည်။ မြန်မာအသင်းအနေဖြင့် ရှေ့သုံးပွဲတွင် ရလဒ်ကောင်းရယူထားနိုင်မှသာ ဗီယက်နမ်နှင့် နောက်ဆုံးပွဲတွင် စိတ်ကြိုက်ကစားနိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇူလိုင် ၅ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ ဇူလိုင် ၇ ရက်တွင် စင်ကာပူအသင်း၊ ဇူလိုင် ၉ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှတ်စု

# လူငယ်များပြောစကား . . . ဦးစွာနားထောင်ပါ

**ခင်ရတနာ**



**ဒီနှစ်ရဲ့အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ကတော့ Listen First ဖြစ်ပါတယ်။ နိုင်ငံတိုင်း၊ မြို့ရွာတိုင်း၊ အဖွဲ့အစည်းတိုင်း၊ မိသားစုတိုင်းဟာ ကိုယ့်ဝန်းကျင်၊ ကိုယ့်အနီးအနားက ကလေးသူငယ်တွေရဲ့ခံစားချက်တွေကို နားထောင်ကြဖို့ လိုအပ်နေတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာလည်း ဖြစ်ပါတယ်။**

### ဘာကြောင့်ဦးစွာနားထောင်သင့်လဲ

နိုင်ငံအတော်များများက မိဘ၊ ဆရာတွေနဲ့ ဦးဆောင်သူတွေဟာ တိုးတက်မှုအတွက်၊ မြင့်မားလာတဲ့ လူနေမှုဘဝတွေအတွက် တိုးတက်ရာတိုးတက်ကြောင်းကို ရှေးရှုနေကြပါတယ်။ အဲဒီလို ကြိုးပမ်းတာတွေကြောင့် လူမှုစီးပွားဘဝတွေ မြင့်မားလာမှာမုန်ပေမယ့် တစ်ဖက်မှာ မိမိတို့ရဲ့ရင်သွေးတွေ၊ အနာဂတ်ကြယ်ပွင့်လေးတွေရဲ့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဖို့ အားနည်းလာကြတာမို့ အရွယ်မတိုင်မီ လမ်းမှားကိုရောက်သွားတဲ့ကလေးတွေ တစ်စတစ်စ ပိုပြီးများလာခဲ့တာ ၂၀၁၇ ခုနှစ်ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ မူးယစ်ဆေးသုံးတဲ့အတွက် အရွယ်မတိုင်မီမှာပဲ သေဆုံးသွားခဲ့ရသူ နှစ်သိန်းနီးပါးရှိနေတယ်လို့ သိရပါတယ်။

“သင်သည် သင့်ကလေးပြောသမျှကို အချိန်ယူ၍နားထောင်ရန် အရေးကြီးလှပါသည်။ သင့်ကလေးက သင့်ကို စကားပြောရန် အချိန်တောင်းလာသောအခါ သင်သည်သူ့ကို သီးသန့်ပေးရန် ကြိုးစားရမည်။ မငြင်းပယ်မိပါစေနှင့်။ ခဏလေးပါ၊ ပြီးမှပြောဆိုသည့် အသုံးအနှုန်းမျိုး မပေးမိပါစေနှင့်။ သူပြောဆိုနေချိန်တွင် မေတ္တာ၊ ကရုဏာစိတ်ဖြင့် စိတ်ဝင်တစားအာရုံစိုက်ကာ အချိန်ပေးဂရုစိုက်ပေးပါ။ ကလေးများသည် သင်စိတ်ဝင်စားသလား၊ ဟန်ဆောင်နေသလားဆိုသည်ကို ကောင်းစွာရိပ်မိတတ်ကြသည်” ဟု သားသမီးများကို မူးယစ်ဆေးဝါးနှင့်ကင်းဝေးအောင် ပြုစုစောင့်ရှောက်နည်းစာအုပ်မှာ ဖော်ပြထားပါတယ်။

လူငယ်တွေအတွက် အသိပညာတွေ၊ အကြံဉာဏ်တွေ ဘယ်လိုအရာမျိုးမှ




မပေးခင်မှာ ကလေးတွေပြောသမျှ အချိန်ယူပြီး နားထောင်ဖို့က အရေးကြီးပါတယ်။ သူတို့က မပြောရင်တောင် စကားစပြောဖို့အားပေးရာမှာ ကန့်သတ်မထားတဲ့ လွတ်လပ်တဲ့ မေးခွန်းမျိုးတွေကနေ စသင့်ပါတယ်။ ဥပမာပြောရရင် သားဒီနေ့ ကျောင်းမှာ ဘာလုပ်ခဲ့သလဲလို့ မေးသင့်သလို သားကျောင်းမှာအဆင်ပြေလားဆိုတဲ့ အပိတ်မေးခွန်းမျိုးတွေကိုလည်း ရှောင်သင့်ပါတယ်။ ကလေးတွေဟာ အပိတ်မေးခွန်းတွေအတွက် ဟုတ်ကဲ့ဆိုတာမျိုးလောက်သာ ပြန်ဖြေကြမှာပါပဲ။ ဒါကြောင့် သူတို့ကို စကားများများပြောနိုင်အောင်၊ ကိုယ့်ကိုယ်ကိုယ်လည်း နားထောင်တတ်တဲ့သူတွေဖြစ်အောင် လေ့ကျင့်ကြဖို့လိုပါတယ်။

များပြားလှတဲ့ လူ့ဘောင်ကိစ္စရပ်တွေကြားမှာ ကလေးတွေအတွက် သီးသန့်အချိန်ပေးဖို့ဆိုတာ အတော်လေးခက်ခဲပါတယ်။ ဒါပေမယ့် သီးသန့်ပေးလိုက်တဲ့အတွက် ရလာတဲ့အကျိုးဆက်ကတော့ လိမ္မာယဉ်ကျေးတဲ့ ကလေးတွေဖြစ်လာမယ်၊ မူးယစ်ဆေးဝါးအန္တရာယ်အတွက် အသိပညာပေးနိုင်မယ်၊ ကလေးတွေရဲ့စိတ်ခွန်အားမြင့်မားလာမယ်၊ စာရိတ္တပိုင်းဆိုင်ရာ မြင့်မားလာမှာပါ။ ဒါကြောင့် ကလေးနဲ့အတူ လမ်းလျှောက်ထွက်တာ၊ မုန့်သွားဝယ်ကျွေးတာ၊ တီဗွီအတူကြည့်တာမျိုးတွေ လုပ်ရင်းနဲ့ နေ့စဉ်တိုင်း ဒါမှမဟုတ်အပတ်စဉ်တိုင်း ရင်းနှီးမှုတည်ဆောက်ပြီး ကြည်နူးစရာအချိန်တွေမှာ သူတို့ပြောသမျှ အရင်ဆုံးနားထောင်ပေးလိုက်သင့်ပါတယ်။

### နားထောင်ပြီးရင် ပြန်ပြောရန်အလှည့်ကျပြီ

နားထောင်ခဲ့ပြီးဖြစ်လာတဲ့အခါ ကလေးတွေကို ဘယ်လိုတုံ့ပြန်မလဲဆိုတာ အလွန်အရေးကြီးပါတယ်။ မိဘတိုင်း၊ ဆရာတိုင်း၊ အကြီးအကဲတိုင်းဟာ ဒီအချိန်မှာ သိမ်မွေ့လွန်းတဲ့ ခက်ခဲနက်နဲတဲ့အခြေအနေလည်း ဖြစ်ပါတယ်။ “ကလေးတွေကို စာသင်ရတာလွယ်တယ်။ သူတို့အတွက် စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စည်းကမ်းပိုင်းဆိုင်ရာ သင်ရတာပိုပြီး ပညာပါတယ်။ သတိထားရတယ်။ ဒေါသစကားမျိုး၊ ခြိမ်းခြောက်တာမျိုး ပြောတဲ့အခါ ကလေးတွေဟာ ပိုပြီးသွေဖည်တတ်တယ်။ ဒါကြောင့် သူတို့ကိုယ်တိုင် လိုလိုလားလားလက်ခံနိုင်မယ့်ပုံစံကို ပြောပေးရတယ်” လို့ စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာဂျော်ထက်ဒိုးက ဆိုထားပါတယ်။

စွဲတတ်စေသော ဆေးဝါးများသုတေသနအဖွဲ့ရဲ့သုတေသနတွေ့ရှိချက်တွေအရ မိဘတွေဟာ ကလေးတွေကို မူးယစ်ဆေးဝါးအန္တရာယ်ကနေ ကာကွယ်မှုပေးလေ့မရှိဘူးလို့ သိရပါတယ်။ ကလေးတွေကို မူးယစ်ဆေးဝါးရဲ့ အန္တရာယ်အကြောင်း ပြောဆိုသင်ကြားတာမျိုးလည်း မရှိခဲ့ဘူးလို့သိရပါတယ်။ ဒါဟာ မိမိ မိသားစု၊ မိမိဒေသ၊ မိမိနိုင်ငံကိုပါ ဂရုမစိုက်ရာ ရောက်ပါတယ်။ ဒါကြောင့် မိဘတွေဟာ မူးယစ်ဆေးဝါးကို လုံးဝမသုံးရဘူးဆိုတဲ့ စည်းကမ်းချက်ကို ပြတ်ပြတ်သားသား တိတိကျကျ ပြောဆိုချမှတ်ထားဖို့ လိုအပ်တယ်လို့ သိရပါတယ်။ ဒါမှသာ ကလေးတွေဟာ သူတို့ရဲ့သက်တူရွယ်တူကလေးတွေက ဖိအားပေးပြီး မူးယစ်ဆေးသုံးခိုင်းတာကို တန်ပြန်နိုင်၊ ရှောင်လွှဲနိုင်မှာ ဖြစ်ပါတယ်။

### မူးယစ်ဆေးကာကွယ်ရေးပညာရှင်တွေက အဆိုပြုတယ်

“သားကိုချစ်တယ်။ သားဘဝကို အကောင်းဆုံးတွေပဲ ဖြစ်စေချင်တယ်။ ဒါကြောင့် ဆေးခြောက်၊ အရက်နဲ့ ဘယ်မူးယစ်ဆေးကိုမှ သုံးခွင့်မပြုနိုင်ဘူး” ဆိုတဲ့ စကားမျိုးတွေဟာ ကလေးတွေအတွက် မကြာခဏ နားယဉ်အောင်ပြောသင့်တဲ့ စကားမျိုးဖြစ်တယ်လို့ မူးယစ်ဆေးကာကွယ်ရေးပညာရှင်တွေက မိဘတွေကို ရည်ရွယ်အကြံပြုထားကြတယ်လို့ UNAIDS ရဲ့ထုတ်ပြန်ချက်တွေအရ သိရပါတယ်။ ကျောင်းသားလူငယ်တွေကို ဘာသာရေးအသင်းအဖွဲ့တွေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့တွေ၊ အားကစားအသင်းအဖွဲ့တွေထဲမှာ ဝင်ရောက်ပါဝင်စေတာကလည်း မူးယစ်ဆေးဝါးသုံးစွဲမှုကို ကာကွယ်ပြီးသားဖြစ်တယ်လို့ စိတ်ပညာရှင်တွေက ဆိုပါတယ်။ အဲဒီလိုအရာတွေကလည်း သူတို့ကို အန္တရာယ်ရှိတဲ့အခြေအနေကို ရောက်မသွားအောင် ကာကွယ်ပေးပါလိမ့်မယ်။

### ကလေးအချင်းချင်း ဖိအားတွေကိုရှောင်ရှားပါ

ကလေးသူငယ်တွေကို အန္တရာယ်ရှိတဲ့အခြေအနေကနေ ရုန်းထွက်နိုင်အောင် ကူညီပေးဖို့က အားလုံးမှာ တာဝန် ရှိပါတယ်။ ကလေးတစ်ယောက်ဟာ သူ့သူငယ်ချင်း ဒါမှမဟုတ် သူ့အထင်ကြီးလေးစားတဲ့ တခြားသောကလေးသူငယ်က မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို သုံးဖို့အတွက် ဖိအားပေးလာတဲ့အခါ ကာကွယ်တတ်ဖို့အတွက် မိဘ၊ ဆရာ၊ ရပ်ရွာအကြီးအကဲ၊ အဖွဲ့အစည်းအကြီးအကဲတွေက ကြိုပြီးစဉ်းစားပေးကြဖို့လိုပါတယ်။ ဥပမာပြောရရင် “ငါ့အဖေက ငါ့ကိုသတ်လိမ့်မယ်”၊ “လာနောက်နေတာလား။ ငါဒီလောက်မိုက်တဲ့အလုပ် မလုပ်ဘူး”၊ “ဒါတွေသုံးတာသိရင် ငါ့ကို အသင်းကနေ ပယ်ထုတ်လိုက်လိမ့်မယ်” နဲ့ “ကျေးဇူးပါပဲကွာ၊ ငါကတော့ အဲဒါမလုပ်ဘူး” စသည်ဖြင့် ငြင်းဆိုတတ်စေဖို့ ကြိုတင်သင်ကြားထားသင့်တယ်လို့လည်း စွဲလမ်းစေသောဆေးဝါးများသုတေသနအဖွဲ့ SARA က အကြံပြုထားပါတယ်။ ။

# (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရောင်းချရမှုရာခိုင်နှုန်းမြင့်တက်

**နေပြည်တော် ဇွန် ၂၈**

(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ ပရဝဏ်အတွင်း ဆက်လက်ကျင်းပလျက်ရှိရာ ပြသရောင်းချရမှု ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

**၉၀ ရာခိုင်နှုန်းနီးပါး ရောင်းချ**

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက “အခုကျင်းပနေတဲ့ (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲရဲ့ ရောင်းချရမှုတွေကို ထုတ်ပြန်ကြေညာပေးလျက်ရှိပါတယ်။ စတင်ပြသရောင်းချရတဲ့ရက်ကနေ ဒီနေ့ ဇွန် ၂၈ ရက်အထိ ၈၀ ရာခိုင်နှုန်းကျော် ၉၀ ရာခိုင်နှုန်းနီးပါး ရောင်းချရတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မန္တလေးကျောက်မျက်ဈေးကွက်မှာ ဈေးနှုန်းတွေ အေးနေတယ်ဆိုပေမယ့် ဒီနေပြည်တော်မှာကတော့ ဈေးနှုန်းတွေ ကောင်းနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ပကျောက်မျက်ရတနာ ကုန်သည်တွေဟာ အရင်နှစ် ပြပွဲတွေထက် ဒီနှစ်မှာ ပိုမိုလာရောက်ဝယ်ယူနေကြလို့ပဲဖြစ်ပါတယ်။ ကျောက်အမျိုးအစားကောင်းတယ်၊ အရည်အသွေးကောင်းတယ်ဆိုရင် ဈေးကောင်းရမှာဖြစ်ပါတယ်” ဟု ပြောသည်။

ဇွန် ၂၀ ရက်မှ ၂၁ ရက်အတွင်း ပုလဲအတွဲ ၃၆၀ ကို တင်ဒါစနစ်ဖြင့်ရောင်းချခဲ့ရာ ယူရိုငွေ ၂ ဒသမ ၅၉၈ သန်းတန်ဖိုးရှိ ပုလဲအတွဲ ၃၄၁ တွဲကို လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် ကျောက်မျက်အတွဲ ၃၃၆ တွဲကို တင်ဒါစနစ်ဖြင့်ရောင်းချခဲ့ရာ ယူရိုငွေ ၁ ဒသမ ၃၇၈ သန်းတန်ဖိုးရှိ ကျောက်မျက်အတွဲ ၆၉ တွဲကို လည်းကောင်း ရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲ ၆၇၉၅ တွဲကို ဇွန် ၂၄ ရက်မှ ၂၉ ရက်အထိ ပြသရောင်းချသွားမည်ဖြစ်ရာ ဇွန် ၂၄ ရက်တွင် ယူရိုငွေ ၃၈ ဒသမ ၅၃၀ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၉၇၃ တွဲကို လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် ယူရိုငွေ ၇၄ ဒသမ ၁၂၂ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၃၃ တွဲကို လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ယူရိုငွေ ၈၆ ဒသမ ၈၆၆ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၁၈ တွဲကို လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ယူရိုငွေ ၅၂ ဒသမ ၄၄၁ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၉၂ တွဲကို လည်းကောင်း၊ ယနေ့ (ဇွန် ၂၈ ရက်)တွင် ယူရိုငွေ ၁၁၈ ဒသမ ၆၉၁ တန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၉၂၅ တွဲကို လည်းကောင်း ရောင်းချခဲ့ရကြောင်း သိရသည်။

**နေရာစုံအောင် ခင်းကျင်းပြသ**

“ ဒီနှစ်ကျောက်စိမ်းပြသရောင်းချပွဲမှာ ရောင်းချတဲ့ပုံစံ အနည်းငယ်ပြောင်းသွားပါတယ်။ အရင်တုန်းက ကျောက်ကြီးကျောက်ကောင်းတွေကို ထိန်းသိမ်းမှုနဲ့ ပြပွဲပုံစံအရ တစ်နေရာနှစ်နေရာလောက်ပဲ ခင်းကျင်းပြသပါတယ်။ အဲဒီလိုပုံစံဆိုရင် တစ်ရက်တည်းမှာ များများရောင်းရပါတယ်။ ရောင်းချရတဲ့ငွေတွေကလည်း တစ်ရက်တည်းမှာ တော်တော်လေးရပါတယ်။ ကျောက်စိမ်းတွဲတွေ ခင်းကျင်းပြသရောင်းချရတာချင်းအတူတူ ရောင်းချတဲ့ရက်တွေက၊ ရောင်းချရတဲ့ငွေတွေ မတူညီတာတွေ့ရပါမယ်။ ဘာလို့မတူတာလဲလို့ မေးစရာရှိပါတယ်။ အဲဒါက အရည်အသွေးကောင်းပြီး အမျိုးအစားကောင်းတဲ့ ကျောက်အတွဲတွေကို တစ်နေရာတည်းမှာစုပုံပြီး ပြသတာကနေ နေရာစုံအောင် ခင်းကျင်းပြသပါတယ်။ ရောင်းချတဲ့နေ့တိုင်း ပြပွဲအစကနေ အဆုံးအထိ ကျောက်အမျိုးအစားကောင်းတွေ အရည်အသွေးကောင်းမွန်တာတွေ ပါရှိမှာဖြစ်ပါတယ်။ ဒါဟာ ကဏ္ဍစုံအဆင်ပြေချောမွေ့စေတဲ့ နည်းစနစ်တစ်ခုဖြစ်ပါတယ်” ဟု ဦးသန်းဇော်ဦးက ဆက်လက်ရှင်းပြသည်။

ယခုကျင်းပသည့် (၅၅) ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသသည့်ကာလသည် မုတ်သုံမိုးရာသီဖြစ်သည့်အားလျော်စွာ ရာသီဥတုနှင့်ပတ်သက်သည့် အခက်အခဲအချို့ရှိသော်လည်း လွတ်လပ်စွာလေ့လာကြည့်ရှု၍ တင်ဒါများ တင်သွင်းလျက်ရှိနေကြကြောင်း သိရသည်။

ပြည်တွင်းကျောက်မျက်ရတနာကုန်သည် ဦးသိန်းနိုင်ဝင်းက “(၅၅) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသတဲ့နည်းစနစ်ဟာ အရင်ပြပွဲတွေထက်စာရင် ပြပွဲနည်းစနစ် ပိုမိုကောင်းမွန်လာတာကို တွေ့ရပါတယ်။ လွတ်လွတ်လပ်လပ် လေ့လာကြည့်ရှုပြီး လွတ်လပ်စွာ တင်ဒါတင်သွင်းဝယ်ယူလို့ရပါတယ်။ အခုပြသရောင်းချပွဲဟာ မိုးရာသီကာလဖြစ်နေတဲ့အတွက် ပြကွက်နေရာအချို့မှာ မိုးရွာရင် ရေတွေဝင်ရောက်ပါတယ်။ ကျောက်စိမ်းအတွဲကို လေ့လာကြည့်ရှုတဲ့ ရတနာကုန်သည်တွေအနေနဲ့ ရေထဲမှာ လေ့လာကြည့်ရှုရသလို ဖြစ်နေပါတယ်။ ရေထုတ်မြောင်းစနစ်ကို သေသေချာချာဆောင်ရွက်ပေးစေချင်ပါတယ်”ဟု ၎င်းက ပြောသည်။

“အခုခင်းကျင်းပြသရောင်းချတဲ့ပွဲဟာ ပြီးခဲ့တဲ့နှစ်လယ်ပွဲထက် ပြည်တွင်း ပြည်ပ ကျောက်မျက်ရတနာကုန်သည်တွေ ပိုမိုလာရောက်ကြတယ်ဆိုတာ မြင်တွေ့ရမှာဖြစ်ပါတယ်။ လက်ရှိရောင်းချနေတဲ့ ဈေးကွက်အနေအထားအရ ခန့်မှန်းလျာထားချက်ပြည့်မီတယ်၊ အောင်မြင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပ ရတနာကုန်သည်တွေအတွက် အစစ အရာရာ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ပြသရောင်းချတာဖြစ်တဲ့အတွက် တင်ဒါတင်သွင်းတဲ့အခါ မိမိရဲ့သဘောဆန္ဒအတိုင်း လွတ်လပ်စွာ တင်သွင်းနိုင်ပါတယ်။ ပြသရောင်းချပွဲပြီးတဲ့အခါတိုင်း ပြပွဲသုံးသပ်ချက်တွေ လုပ်ဆောင်ပါတယ်။ အဲဒီသုံးသပ်ချက်တွေအရ နောင်လာမယ့်ပြပွဲတွေကို ပြည့်စုံသည်ထက် ပြည့်စုံအောင်၊ အဆင်ပြေသည်ထက် ပိုအဆင်ပြေအောင်၊ ချောမွေ့သည်ထက် ချောမွေ့အောင် ဆောင်ရွက်ပေးနေပါတယ်။ လုပ်ငန်းကော်မတီအသီးသီးအနေနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေအားလုံးကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်စိမ်းတူးဖော်မှုတွေကိုလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်တဲ့ တူးဖော်မှုတွေဖြစ်အောင်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးကဏ္ဍ တိုးတက်သည်ထက် တိုးတက်လာအောင်၊ မြင့်မားသည်ထက် မြင့်မားလာအောင် ကြိုးပမ်းအားထုတ်နေပါတယ်” ဟု မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှစိုးဦးက ပြောသည်။

ယခုကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချရသည့်တန်ဖိုးများအပေါ် သတ်မှတ်ကောက်ခံမည့် အခွန်အခနှုန်းထားများမှာ အထူးကုန်စည်ခွန်အနေဖြင့် ကျောက်စိမ်းအရိုင်းများအတွက် ၁၅ ရာခိုင်နှုန်း၊ ကျောက်မျက်အရိုင်းများအတွက် ၁၀ ရာခိုင်နှုန်းနှင့် ကျောက်မျက်လက်ဝတ်ရတနာအချောထည်များအတွက် ငါးရာခိုင်နှုန်းတို့ဖြစ်ကြပြီး ဝန်ဆောင်ခအနေဖြင့် ကျောက်မျက်ရတနာအရိုင်းများအတွက် သုံးရာခိုင်နှုန်းနှင့် အချောထည်များအတွက် တစ်ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

**စစ်တွေ ဇွန် ၂၈**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)ဥက္ကဋ္ဌ Mr. Peter Maurer နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အစိုးရအဖွဲ့ဝင်များကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်ရုံးရှိ ညှိနှိုင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မောင်တောဒေသ ပဋိပက္ခဖြစ်စဉ်ဖြစ်ပွားပြီး ဒေသလိုအပ်ချက်များကို ICRC အပါအဝင် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းပြီး Red Cross Movement အစီအစဉ်ဖြင့်ဆောင်ရွက်နေမှု၊ ICRC ဥက္ကဋ္ဌအနေဖြင့် ရခိုင်ပြည်နယ်အတွင်း အကူအညီများ တိုးမြှင့်လုပ်ဆောင်ရန် မောင်တောဒေသသို့ ကွင်းဆင်းပြီး ရပ်ရွာလူထု အသိုင်းအဝိုင်းအားလုံးနှင့် တွေ့ဆုံဆောင်ရွက်မှု၊ ICRC ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးမှု၊ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ပြန်လည်လက်ခံရေး၊ စိစစ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို UEHRD အစီအစဉ်ဖြင့် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ အကျဉ်းထောင်အသီးသီးကို လိုက်လံစိစစ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု ကိစ္စများ ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်ကြသည့် ရပ်ရွာလူထု အသိုင်းအဝိုင်းများနှင့် တွေ့ဆုံကူညီဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် အစိုးရကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံ၍ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

"လူတွေရဲ့ အဖြစ်အပျက်တွေကို ကြားသိလိုက်ရတာ ကျွန်တော်အတော် စိတ်မကောင်းဖြစ်မိပါတယ်။ လူပေါင်းများစွာ နေရပ်စွန့်ခွာခဲ့တဲ့အကြမ်းဖက်မှုဖြစ်စဉ်တွေအပြီး နောက်ပိုင်း အရေးပေါ်အကူအညီတွေ လိုအပ်နေဆဲဖြစ်ပါတယ်" ဟု ICRC ဥက္ကဋ္ဌ Mr. Peter Maurer က ပြောကြားသည်။

ထို့အပြင် "အကြမ်းဖက်မှုတွေရဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ အကျိုးဆက်တွေဟာ ရပ်ရွာလူထုရဲ့ လူနေမှုဘဝနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ အဘက်ဘက်က ထိခိုက်မှုတွေရှိခဲ့တယ်ဆိုတာကို နားလည်ကြဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့သွားရောက်ခဲ့တဲ့ ငါးခူရလိုမျိုး ကျေးရွာတစ်ရွာမှာ လူဦးရေလေးပုံတစ်ပုံသာ ကျန်ရှိတော့တဲ့အခါ စီးပွားရေးလုပ်ကိုင်ကြတဲ့ ဈေးတွေက အလုပ်မဖြစ်တော့ဘူး။ ယေဘုယျ လုံခြုံရေးအခြေအနေကလည်း ခက်ခဲပါတယ်။ လူတွေက လယ်ယာလုပ်ကိုင်ဖို့ လယ်ကွင်းတွေထဲ မသွားကြတော့ပါဘူး။ ဈေးတွေကိုလည်း မသွားကြတော့ဘူး။ သူတို့ဟာ ကြံ့ကြံ့ခံနိုင်စွမ်း မရှိကြဘဲ ကူညီထောက်ပံ့မှုတွေကိုပဲ အားကိုးနေကြဆဲပါ" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ICRC ဥက္ကဋ္ဌသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဘူးသီးတောင်မြို့နယ်ရှိ ကြက်ခြေနီ ရွှေ့လျားဆေးပေးခန်းတစ်ခုနှင့် မောင်တောမြို့နယ်ရှိ အစားအစာပေးဝေသည့်နေရာတို့ကို သွားရောက်ကြည့်ရှု လေ့လာခဲ့သည်။ ထို့အပြင် ICRC ဥက္ကဋ္ဌသည် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံပြီး ရပ်ရွာလူထုအသိုင်းအဝိုင်းများမှ ရပ်မိ ရပ်ဖများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ပြန်လည်ထွက်ခွာ**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌ Mr.Peter Maurer နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**အောင်သူရ(သတင်းစဉ်)**



# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောဒေသ၌ ကွင်းဆင်းသတင်းရယူ

**စစ်တွေ ဇွန် ၂၈**

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်းသတင်းရယူရန် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့နယ် အင်းဒင်ကျေးရွာသို့ ရောက်ရှိကြသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့သည် အင်းဒင်ကျေးရွာတွင် အကြမ်းဖက်ဖြစ်စဉ်ကြုံတွေ့ခဲ့ရမှုနှင့် ကျေးရွာ၏ ပကတိအခြေအနေမှန်များကို ကျေးရွာသားများနှင့်တွေ့ဆုံ၍ သတင်းရယူကြသည်။

ထို့နောက် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် အဖွဲ့အားတွေ့ဆုံ၍ ဒေသအတွင်း ပြန်လည်ဝင်ရောက်လာမည့်သူများကို စိစစ်လက်ခံရေး၊ နေရာချထားရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့ ငါးခူရ ပြန်လည်လက်ခံရေးစခန်း၌ တည်ဆောက်ပြီးစီးမှုအခြေနေများကို သတင်းရယူကြစဉ်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် ပြန်လည်ဝင်ရောက်လာသူများကို ယာယီလက်ခံမည့် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး ဆက်လက်၍ စခန်းအတွင်းရှိ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များနှင့် စခန်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို သတင်းရယူကြသည်။ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် အစ္စလာမ်ဘာသာဝင်များကို တွေ့ဆုံ၍ သတင်းရယူကြသည်။

**သူရဇော်**

# မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောဆွေးနွေးသရုပ်ပြ

**နေပြည်တော် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် မြန်မာပြည်သား Ready Made အစားအစာစက်ရုံ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးပြည့်စုံနှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို စက်ရုံရှိ ဝန်ထမ်းများအား ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ စက်ရုံခြံဝင်းအတွင်း၌ မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံဝန်ထမ်းများနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ ပူးပေါင်းဆောင်ရွက်ကြသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်မှုကြောင့် နေပြည်တော်ရှိ ရေလှောင်တမံများ ထိခိုက်မှုမရှိဟုသိရ



**နေပြည်တော် ဇွန် ၂၈**

ဇွန် ၂၇ ရက် ည ၇ နာရီ ၃၂ စက္ကန့်က နေပြည်တော် မြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ဝ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်သွားခဲ့ရာ ယင်းငလျင်ကြောင့် နေပြည်တော်ရှိ ရေလှောင်တမံများ တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမြေငလျင် လှုပ်ပြီးပြီးချင်း ညတွင်းမှာပင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများက နေပြည်တော်အတွင်းရှိ ရေဆင်းဆည်၊ ငလိုက်ဆည်၊ ဆင်သေဆည်၊ ပေါင်းလောင်ဆည်နှင့် ဆက်စပ်အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြရာ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှု လုံးဝမရှိခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းဆည်တွင် သက်ဆိုင်ရာတာဝန်ရှိဝန်ထမ်းများက ငလျင်ကြောင့် ထိခိုက်ပျက်စီးမှု ရှိ၊ မရှိ စစ်ဆေးစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ရေစကြိုမြို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်

ရေစကြို ဇွန် ၂၈

**ပခုက္ကူခရိုင် ရေစကြိုမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီလမှ ယနေ့အထိ သွေးလွန်တုပ်ကွေးရောဂါဖြင့် ဆေးရုံသို့ လာရောက်သော ကလေး ၃၈ ဦးရှိခဲ့ပြီး ယခင်နှစ်က သွေးလွန်တုပ်ကွေးရောဂါဖြင့် ဆေးရုံလာရောက်သော ကလေး လေး၊ ငါးဦး ခန့်သာ ရှိခဲ့ကြောင်း သိရသည်။**

ရေစကြိုမြို့နယ်တွင် ယခင်နှစ်များထက် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု များပြားလျက်ရှိပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အသိပညာပေးဟောပြော**

"ရပ်ကွက်နဲ့ ကျေးရွာတွေမှာ မိုးဦးကျကတည်းက အစ်မတို့ ကျန်းမာရေးဝန်ထမ်းတွေရယ်၊ NGO တွေရယ်၊ ပူးပေါင်းပြီးတော့ ဖုံးသွန်လဲစစ် လိုက်လံဆောင်ရွက်နေတယ်။ သွေးလွန်တုပ်ကွေးက ၁၂ ရာသီလုံး ဖြစ်နိုင်တယ်။ ကျောင်းတွေမှာလည်း ဒီလထဲမှာ ဖုံးသွန်လဲစစ်လုပ်ပေးတယ်။ တချို့နေရာတွေကျတော့ အစ်မတို့ ဆေးဖျန်းပေးတယ်။ ပြည်သူတွေကို ဆရာမတွေကိုယ်တိုင် တစ်အိမ်တက်တစ်အိမ်ဆင်း အသိပညာပေး ဟောပြောပေးနေတယ်"ဟု ရေစကြို မြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး မှ ဆေးရုံအုပ်ဒေါက်တာ ဝင်းနီလာလှက ပြောသည်။

**မိုးရေများအတွင်းမှ ပေါက်ပွား**

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သည့် ခြင်သည် ခုနစ်ရက်ထက်ပို၍ သိုလှောင်ထားသော ရေများ၊ လူတို့စွန့်ပစ်ထားသည့် တာယာအဟောင်း၊ ပလတ်စတစ်ခွက်၊ အုန်းမှုတ်ခွက်၊ ဝါးဆစ်ခွက်၊ အမှိုက်များ ပိတ်နေသော ရေတံလျှောက်များ၊ သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များအကြား တင်ကျန်နေသော မိုးရေများအတွင်းမှ ပေါက်ပွားလေ့ရှိသည်ဟု သိရသည်။

**၂၄ နာရီ ဆေးခန်းဖွင့်ထား**

"အစ်မတို့ဆီမှာ ဒီနှစ်က ကလေးအထူးကုရှိတော့ မြိုင်မြို့နယ်ဘက်ကလည်း သွေးလွန်တုပ်ကွေးရောဂါနဲ့ ကလေး ၁၁ ယောက်လာတယ်။ မြိုင်မှာကျတော့ ကလေးအထူးကုဆရာဝန် မရှိဘူး။ တချို့တွေက သွေးလွန်တုပ်ကွေး grade1 အဆင့်လောက်ဆိုရင်ကို မိဘတွေက စိုးရိမ်ပြီး လာတင်ရင်တင်ပေးထားလိုက်တယ်။ တချို့ကျတော့လည်း အိမ်မှာပဲ ၃၊ ၄ ရက် မလာကြဘူးပေါ့နော်။ အိမ်မှာ ၄၊ ၅ ရက်ဖျားပြီး ဒီမှာရောက်လာတဲ့ဟာလည်း ရှိတယ်။ ခုကျ အစ်မတို့က အဲဒီလိုမဖြစ်အောင် မိခင်နဲ့ ကလေးစောင့်ရှောက်ရေးအသင်းမှာ ဆေးခန်းဖွင့်ပေးမယ်။ ဆေးခန်းဖွင့်ပြီးတော့ လက်ထောက်ဆရာဝန် တစ်ယောက်က ဖျားတဲ့နာတဲ့ ကလေးတွေ စစ်မယ်။ ဆေးရုံမှာတော့ ၂၄ နာရီ ဆေးခန်းဖွင့်ထားတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီးတော့လည်း ကျွန်မ ဆေးခန်းလေးတစ်ခန်းဖွင့်ပြီးတော့ ဖျားတဲ့ ကလေးတွေကို စစ်ဆေးပေးဖို့ ဆောင်ရွက်နေပါတယ်"ဟု ဆေးရုံအုပ် ဒေါက်တာ ဝင်းနီလာလှက ဆက်လက်ပြောသည်။

ရေစကြိုမြို့တွင် ဇွန် ၂၀ ရက်က အမှတ်(၈)ရပ်ကွက်အတွင်းမှ ငါးနှစ်သားအရွယ် ကလေးတစ်ဦးနှင့် ဇွန် ၂၂ ရက်တွင် အမှတ်(၁)ရပ်ကွက်အတွင်းမှ လေးနှစ်အရွယ် ကလေးငယ်တစ်ဦးတို့မှာ သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



# ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လိုဏ်ဂူအတွင်းမှ လူငယ် ၁၃ ဦး ပြန်လည်ထွက်လာနိုင်ရေး ဆုတောင်းမေတ္တာပို့သ

**တာချီလိတ် ဇွန် ၂၈**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ထမ့်လွမ် လိုဏ်ဂူအတွင်း ပိတ်မိနေသည့် လူငယ် ၁၃ ဦးအား ပြန်လည်ထွက်လာနိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းရေး ဆုတောင်းမေတ္တာပို့သမှုကို တာချီလိတ်မြို့ ရွှေတိဂုံစေတီရင်ပြင်၌ ယနေ့ ဇွန် ၂၈ ရက် ညနေ ၅ နာရီက စတင်ပြုလုပ်ကြောင်း သိရသည်။

ဆုတောင်းမေတ္တာပို့သခြင်းအား တာချီလိတ်မြို့နေ ပြည်သူများက ဆရာတော် သံဃာတော်များ ပင့်ဖိတ်၍ စေတီရင်ပြင်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ဓမ္မစကြာဝတ်ရွတ်အသင်းများက အန္တရာယ်ကင်းရှင်းရေး ရွတ်ဖတ် ပူဇော်သည်။

အလားတူ ညနေပိုင်းတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်တို့ ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက တာချီလိတ်မြို့နယ် ပုန်းထွန်ရပ်ကွက်ရှိ ငွေစေတီကုန်းလိုဏ်ဂူတွင် ရှာဖွေမှုများ စတင်ဆောင်ရွက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဝေယံလင်း(ပြန်/ဆက်)**

# နိုင်ငံခြားငွေလဲလှယ်နှုန်း ဈေးမြင့်တက်လာ၍ စားသုံးကုန်အချို့ ဈေးနှုန်းမြင့်တက်

**ရန်ကုန် ဇွန် ၂၈**

ဇွန်လကုန်ပိုင်းတွင် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်း မြင့်တက်လာသည့်အတွက် ရန်ကုန်ဈေးကွက်တွင် စားသုံးကုန်အချို့ ဈေးနှုန်းစတင်မြင့်တက်လာသော်လည်း အချို့မှာ ဈေးနှုန်းငြိမ်နေဆဲရှိကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဈေးကွက်မှ သိရသည်။

ဇွန် ၂၇ ရက်တွင် ဗဟိုဘဏ် ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၈၀ ကျပ် ဖြစ်သော်လည်း ဇွန် ၂၈ ရက်တွင် ၁၃၉၅ ကျပ်သို့ ဈေးမြင့်တက်လာသည်။ ဇွန် ၂၈ ရက် ပုဂ္ဂလိကဘဏ်အချို့တွင် ဝယ်ဈေး ၁၃၉၅ ကျပ်၊ ပြန်ရောင်းဈေး ၁၄၀၄၊ ၁၄၀၆ ကျပ် ဟု ငွေလဲနှုန်းများကို အသိပေးထားသည်။

ရန်ကုန်ဈေးကွက်တွင် ပြည်ပမှ သွင်းကုန်များဖြစ်သော စားအုန်းဆီနှင့် သကြားများသာ ယခုရက်ပိုင်းတွင် ဈေးနှုန်းစတင် မြင့်တက်လာကြောင်း ဘုရင့်နောင်ဈေးကွက်မှ သိရသည်။

ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီသည် ဇွန် ၂၆ ရက်တွင် ဆီထုတ်ယူခွင့် စာရွက်ဈေး လက်ကားတစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၅၇၀ ရှိသော်လည်း ဇွန် ၂၈ ရက်တွင်မူ ငွေကျပ် ၁၆၀၀ နှုန်းသို့ မြင့်တက်လာသည်ဟု စိန်ပန်းလမ်းမှ စားသုံးဆီရောင်းချသည့် ပွဲရုံမှ သိရသည်။

ပြည်ပမှ တင်သွင်းလာသော Reexport သကြားဈေးမှာ တစ်တန်လျှင် ငွေကျပ် ၆၈၀၀၀၀ နှုန်း ဇွန်လနောက်ဆုံးပတ် အစပိုင်းရက်များတွင် ရှိရာမှ ဇွန် ၂၅ ရက်မှစ၍ ဈေးနှုန်းမြင့်တက်စပြုလာရာ ဇွန် ၂၈ ရက်တွင် ငွေကျပ် ၇၀၀၀၀၀- ၇၁၀၀၀၀ နှုန်းသို့ ဈေးနှုန်းမြင့် ရောင်းချလာသည်ဟု အောင်သပြေလမ်း သကြားပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဇွန် ၂၇ ရက်တွင် ပြည်ပသကြား တစ်ပိဿာ(ပါကစ္စတန်) လက်ကားဈေး တစ်ပိဿာ ၁၁၅၀ ကျပ် ဇွန် ၂၈ ရက်တွင် ၁၁၈၀ ကျပ်ဖြင့် ဝယ်ယူရသည်ဟု သကြား အဝယ်တော်တစ်ဦးက ဆိုသည်။

ပြည်တွင်း မြစ်ဝကျွန်းပေါ်ဒေသထွက် ဧရာဘ်ရှည်များ တစ်ပိဿာ ငွေကျပ် ၂၂၀၀ ဝန်းကျင်သာရှိခဲ့သော ဇွန်လဆန်းတွင် အိန္ဒိယဧရာဘ်ရှည်ဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ် ၃၈၀၀၊ ၃၈၅၀ ရှိခဲ့သည်။ ဇွန် ၂၈ ရက်တွင် မြစ်ဝကျွန်းပေါ်ထွက် ဧရာဘ်ရှည်တစ်ပိဿာ ငွေကျပ် ၃၂၀၀ ဝန်းကျင်သို့ ဈေးမြင့်တက်လာချိန်တွင် အိန္ဒိယဧရာဘ်ရှည်ဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ် ၃၉၀၀ သာ ရှိနေသည်။ အိန္ဒိယဧရာဘ်ရှည်ဈေးနှုန်းသည် ရန်ကုန်ဈေးကွက်တွင် ယခုကဲ့သို့ ငွေလဲနှုန်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၄၀ ဝန်းကျင် မြင့်တက်လာချိန် ဈေးမမြင့်တက်သည်မှာ ထူးခြားသည်။

ပြည်ပပို့ကုန်ဖြစ်သော မတ်ပဲနှင့် ပဲစင်းငုံတို့မှာ ဒေါ်လာငွေလဲနှုန်းမြင့်တက်လာသော်လည်း ပြည်တွင်းပဲဈေးကွက်တွင် နေ့စဉ်ဈေးကျနေရာ ဇွန် ၂၈ ရက်တွင် ဈေးနှုန်းအနည်းငယ် ပြန်လည်မြင့်တက်လာသည်။ ဇွန် ၂၁ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၄၆၇၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၅၀၅၀၀၀ ရှိရာမှ ဇွန် ၂၈ ရက်တွင်မူ မတ်ပဲ RC တစ်တန် ငွေကျပ် ၄၄၀၀၀၀၊ ပဲစင်းငုံနီ RCတစ်တန် ငွေကျပ် ၄၇၈၀၀၀ နှုန်းသို့ ဈေးနှုန်း အနည်းငယ် ပြန်လည်မြင့်တက်လာသည်ဟု ပဲဈေးနှုန်းနေ့စဉ်စာရင်းများနှင့် ပဲလုပ်ငန်း လုပ်ကိုင်သူအချို့ထံမှ သိရသည်။

ဈေးကွက်သဘာဝအရ ကုန်စည်ဈေးနှုန်းများသည် ပြည်တွင်း ပြည်ပဈေးနှုန်း၊ စိုက်ပျိုးထွက်ရှိ၍ ဈေးကွက်သို့ ရောက်ရှိသည့် ကုန်ပစ္စည်းပမာဏ၊ ဈေးကွက်အတွင်း ရောင်းလိုအားနှင့် ဝယ်လိုအား၊ မိုးလေဝသအခြေအနေ၊ ပြည်တွင်းပြည်ပ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်မှု၊ ငွေလဲလှယ်နှုန်း ဈေးကွက်ပရိယာယ် စသည့် အကြောင်းအချက်များပေါ် အခြေခံ၍ ပြောင်းလဲတတ်သည်။ သို့ဖြစ်ရာ ငွေလဲလှယ်နှုန်း အပြောင်းအလဲရှိလာချိန် ဈေးနှုန်းများ ပြောင်းလဲတတ်သည်ဆိုသော်လည်း မပြောင်းလဲသည့် ကုန်စည်အချို့ ရှိနေသည်။

သို့သော် ကုန်ပစ္စည်းဈေးနှုန်း မြင့်တင်လိုလျှင် ငွေလဲလှယ်နှုန်းမြင့်တက်မှုကို အကြောင်းပြပြောဆိုတတ်ရာ ယခုလကုန်ပိုင်း နိုင်ငံခြားငွေလဲလှယ်နှုန်းများစွာ မြင့်တက်လာချိန်တွင် ဝယ်ယူသုံးစွဲသူများ ကုန်ပစ္စည်းဈေးနှုန်း မြင့်တက်လာမည်ကို စိုးရိမ်သောကဖြစ်နေကြကြောင်း သိရသည်။

**ခင်ဆိုင်**

# ဦးကိုနီလုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူးပါ-၄ဦးမှ တရားခံပြ သက်သေ ၅၀ အမည်စာရင်းတင်သွင်း

ရန်ကုန် ဇွန် ၂၈

**တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့်လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ သေနတ်သမား ကြည်လင်း (ခ) ဖိုးထူးပါ လေးဦးတို့အား ယနေ့နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ပြန်ပို့လာသည့် ပြင်ဆင်မှုပါရှိသော အမိန့်အကျဉ်းချုပ်ကို ရှင်းလင်းဖတ်ကြားခဲ့ကြောင်းနှင့် တရားခံများဘက်မှ တရားခံပြသက်သေ ၅၀ ဦးစာရင်းအား လက်ခံယူခဲ့ကြောင်း သိရသည်။**

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့မှာ အထူးခုံရုံးကနေ တရားခံများ၊ အမှုသည်များ၊ ရှေ့နေများကို တိုင်းတရားလွှတ်တော်က ချမှတ်တဲ့ ပြင်ဆင်မှုတွေပါတဲ့ အမိန့်အကျဉ်းချုပ်တွေကို ရှင်းလင်းပြောကြားပါတယ်။ အဲဒီနောက်တော့ တရားခံတွေနဲ့ ပတ်သက်ပြီး စွဲချက်တင်ထားတာတွေကိုအပြစ် ရှိ၊ မရှိမေးပြီး ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စမှာ ဘာကြောင့်အပြစ်မရှိပါဘူးဆိုတဲ့ အကြောင်းကို အကျဉ်းချုပ်စွဲချက်ပုံစံမှာ မှတ်တမ်းယူပါတယ်။ ပြီးတဲ့အခါမှာတော့ တရားခံများဘက်က ပြသတဲ့ တရားခံပြသက်သေစာရင်းတွေကို ရေးမှတ်ယူပါတယ်။ ရာကြီး ၄၅/၂၀၁၇ လူသတ်မှုအတွက် တရားခံပြသက်သေ အမည်စာရင်းသွင်းတာဟာ ကြည်လင်း (ခ)ဖိုးထူးက ၁၀ ဦး၊ အောင်ဝင်းဇော်က ၁၂ ဦး၊ အောင်ဝင်းထွန်းက ၁၆ ဦး၊ ဇေယျာဖြိုးက ၁၂ဦး စုစုပေါင်း တရားခံပြသက်သေ ၅၀ အမည်စာရင်းတင်သွင်းထားပါတယ်။ ရာကြီး ၄၆/၂၀၁၇ လက်နက်များ အက်ဥပဒေပုဒ်မအရကတော့ ကြည်လင်း(ခ)ဖိုးထူးကသာ လူသတ်မှုမှ ပြသထားတဲ့ တရားခံပြသက်သေ ၁၀ ဦးကိုပဲ တင်သွင်းထားပါတယ်။ ဒီ့အတွက် ဒီအမှုမှာ စုစုပေါင်း တရားခံပြသက်သေဟာ ၅၀ ဖြစ်ပါတယ်" ဟု ပြောသည်။

ဦးကိုနီလုပ်ကြံခံရမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ တရားလို ရဲအုပ်မိုးနိုင်၊ တရားခံကြည်လင်း(ခ) ဖိုးထူးပါ-၄ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂/၃၄/၁၂၂ အရ လူသတ်မှုနှင့် ရာဇဝတ်ကြီး အမှုအမှတ် ၄၆/၂၀၁၇ တရားလိုရဲမှူး မြတ်ထွန်းကျော်၊ တရားခံကြည်လင်း (ခ) ဖိုးထူးပါ-၂ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)၊ (စ) အရစွဲဆိုမှုဖြစ်သည်။

အဆိုပါစွဲဆိုထားမှုအား တရားလိုပြသက်သေ စစ်ဆေးပြီး လူသတ်မှု၌သေနတ်သမား ကြည်လင်း(ခ) ဖိုးထူးကို ရာဇသတ်ကြီး ဥပဒေပုဒ်မ၃၀၂(၁) (ခ)/၃၄နှင့် ၃၀၂(၂)အရ လည်းကောင်း၊ အမှုနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ လည်းကောင်း၊ အချုပ်လွှတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁၂အရ လည်းကောင်း၊ လက်နက်မှု၌ ကြည်လင်း (ခ) ဖိုးထူးနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်တို့အား လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရလည်းကောင်း မူလမြောက်ပိုင်းခရိုင် အထူးတရားခုံရုံးက စွဲချက်အမိန့်များ ချမှတ်ခဲ့သည်။



သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူများအား ဇွန် ၂၈ ရက်က ရန်ကုန် မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ရုံးထုတ်လာစဉ်။

မူလတရားခုံရုံး စွဲချက်အမိန့်အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ပြင်ဆင်မှုများ လျှောက်ထားရာမှ လူသတ်မှု၌ တရားခံကြည်လင်း(ခ)ဖိုးထူးကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁) (ခ)/၃၄ နှင့် ပုဒ်မ ၃၀၂ (၂)အရ လည်းကောင်း၊ အမှု၌ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်အား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရလည်းကောင်း၊ အချုပ်လွှတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁၂ အရ လည်းကောင်း၊ ဇေယျာဖြိုးအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ အရလည်းကောင်း၊ လက်နက်မှု၌ တရားခံကြည်လင်း (ခ) ဖိုးထူးအား လက်နက်များ အက်ဥပဒေအရ ၁၉(ဃ) (စ)အရလည်းကောင်း၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်အား လက်နက်များ အက်ဥပဒေပုဒ်မ၁၉(ဃ) (စ) အရ မူလတရားရုံးစွဲချက်အမိန့်အား ပယ်ဖျက်ပြီး တရားရှင်လွှတ်လိုက်ကြောင်း တိုင်းတရားလွှတ်တော်မှ ပြင်ဆင်မိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုအား နောက်တစ်ပတ်ရုံးချိန်း၌ ကြည်လင်း (ခ)ဖိုးထူးအား စစ်ဆေးမှာဖြစ်ပြီး ဇူလိုင် ၅ ရက်ကို ချိန်းဆိုထားကြောင်း အဆိုပါတရားရုံးမှ သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် မြန်မာစာဘာသာရပ် နမူနာမေးခွန်းပုံစံ(၁)

**၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေလ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။**

**ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။**

**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

**---- ခုနှစ် နမူနာမေးခွန်း**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **တစ်ခု** အကြောင်းကို ဖော်ပြပါ။ **(၅မှတ်)**
မူရင်းအရေးအသား၊ နငယ်ပြောင်းလဲပုံ၊ နာမ်ပစ္စည်း(၅)မျိုး။

(ခ) အောက်ပါတို့မှ **ငါးခု**ကိုရွေးချယ်၍ပုဒ်အထားအသိုမှန်ကန်အောင် ဝါကျပြန်ရေးပါ။ **(၁၀မှတ်)**
(၁) ကြောင်အိမ်ထဲက အစ်ကိုကြီးအား ငါးကြော်တစ်ကောင် ပေးလိုက်ပါ။
(၂) မလှသည် မနေ့က ပေါင်မုန့်ကို စားသည်။
(၃) မောင်မောင်သည် လှေပေါ်က ဗေဒါပင်ကို ခူးသည်။
(၄) ပေ ၂၀၀ ရှည်သော ကလေးများရေကူးရန် ကန်ကိုတူးနေသည်။
(၅) မမသည် အပ်ချည်နှင့် ခရေပွင့်များကို သီသည်။
(၆) အိမ်တွင် ရန်မဖြစ်ရန် အမေက ဆုံးမသည်။
(၇) ဒိုင်လူကြီးက ကြမ်းတမ်းစွာကစားသဖြင့် ကျောနံပါတ် ၄ ကို အနီကတ်ပြလိုက်သည်။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **ငါးခု**၏ အဓိပ္ပာယ်ကိုတိကျစွာဖော်ပြပါ။ **(၅မှတ်)**
စာဂ၊ ကျိုင်း၊ သောက၊ ရက်ချုပ်၊ သရစ်၊ ရယ်ခိုး၊ ပြောက်။

(ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ **(၅ မှတ်)**
ပါးလုတ်ကျင်း -ပါးလုပ်ကျင်း၊ စိုပြေ - စိုပြည်၊ ပုရစ်- ပရစ်၊ သိမ်ဖြင်း- သိမ်ဖျင်း၊ ပင်ကိုယ်နာမ် - ပင်ကိုနာမ်။

(ဂ) အောက်ပါတို့အနက် **ငါးခု** ကို အလင်္ကာငါးမျိုးမှ မည်သည့်အလင်္ကာဖြစ်ကြောင်းဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့အသုံးပြုထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။**(၁၀မှတ်)**
ခံတွင်းမဲ့သို့၊ မြင်စိုင်းရွှေမြေ၊ ရွှေကွန်ရက်နှင့်တူ၊ ဘဝပါရဂူနောင်နောင်၊ ရတနာချဉ်ပေါင်၊ လည်ချောင်းကိုမြေလှန်။

၃။ (က) အောက်ပါတို့မှ **ငါးခု** ကိုဖြေပါ။ **(၅ မှတ်)**
(၁) "တောင်လေရှူန်းရှူန်း၊ မိုးခတ်အုန်း၊ ကင်ပုန်းပွင့်ချိုချယ်" ၏ဆိုလိုရင်းကို ရေးပါ။
(၂) စစ်မှာတစ်မူသည် မည်သည့်ကဗျာအမျိုးအစား ဖြစ်သနည်း။
(၃) တပေါင်းညှာကျင်ကဗျာကို မည်သည့်ကဗျာမှ ထုတ်နုတ်ထားသနည်း။
(၄) ညည်းချင်းသည် မည်သည့်ကဗျာမျိုး ဖြစ်သနည်း။
(၅) ဒုံးသည် မည်သည့်အသံမှ ပြောင်းလာသနည်း။
(၆) "မုရိုးဖြူ ဆံခွေထုံးမှာ ကုံးပန်လို့ခြားခြား" ၏ဆိုလိုရင်းကိုရေးပါ။
(၇) ကဗျာစာဆိုနောင်၏ အမည်ရင်းကို ဖော်ပြပါ။

(ခ) နွေဦးကာလမြူထသောခါကဗျာမှ ထန်းတက်သမားမိသားစုဘဝကို ပေါ်လွင်အောင်ရေးပါ။ **(၁၀ မှတ်)**

**(သို့မဟုတ်)**

ဌာနီပြည်ကြီးက ဝေးသနှင့် ကဗျာတွင် တစ်ကိုယ်တည်းလွမ်းဆွေးရပုံကို စာဆိုက မည်သို့ သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၄။ (က) အောက်ပါတို့မှ **ငါးခု** ကို ဖြေပါ။ **(၅ မှတ်)**
(၁) သိယ်သူ့သမီးသည် မည်သူ၏မြေးဖြစ်သနည်း။
(၂) စီးချင်းတိုက်ပွဲ စကားပြေကို မည်သူ ရေးသနည်း။
(၃) "ငါမအိုသေး" ဟု မိန့်ဆိုခဲ့သူမှာ မည်သူနည်း။
(၄) မိခင့်သောကစကားပြေကို မည်သည့်ဇာတ်တော်မှ ထုတ်နုတ်ထားသနည်း။
(၅) မဟာဆွေသည် ဟာသဝတ္ထုများကို မည်သည့်ကလောင်အမည်ဖြင့် ရေးသနည်း။
(၆) သူရိယကန္တိ၏ စာပေဗိမာန်ဆုရ စာအုပ်အမည်ကို ဖော်ပြပါ။
(၇) ပန်းပဲပညာရပ်သည် မည်သို့သော ပညာရပ်ဖြစ်သနည်း။

(ခ) မိဖုရားဖွားစော၏ စိတ်နေသဘောထားကို ပေါ်လွင်အောင် တင်ပြပါ။ **(၁၀ မှတ်)**

**(သို့မဟုတ်)**

နေဝင်မြင်သည် ဝရွှေပြည် စကားပြေတွင် စာဆိုက မည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ **(၅ မှတ်)**
" ပေါ့ပေါ့တန်တန်၊ ဟင်းရွက်ကန်စွန်း၊ သရေနွမ်းအောင်၊ တလတွန်းကြံတယ်လို့၊ ဟန်ပန်ရနိုင်ပ့ါမလား။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ တစ်ခု ကို ဖြေဆိုပါ။ **(၁၀ မှတ်)**
(၁) ဥဒယမင်းကြီးအား အိမ်ရှေ့မင်းလုပ်ကြံရန် ကြံစည်ပုံ
(၂) ရေသည်ပြဇာတ်တွင် ဇာတ်ကွက်များကို အချိတ်အဆက်မိအောင် ဖန်တီးပုံ

၆။ (က) အောက်ပါတို့အနက် **တစ်ခု** ကို ပေးထားသောအချက်အလက်များနှင့် အညီစာစီကုံးပါ။ **(၁၀ မှတ်)**
**(၁) ပျော်ရွှင်ဖွယ်ရာ ဖြစ်ရပ်တစ်ခု**
ဖြစ်ရပ်၏ အကြောင်းခံ၊ ဖြစ်ရပ်၏အချိန်၊ ဖြစ်ရပ်နေရာ၊ ဖြစ်ရပ်၏ ပျော်ရွှင်ဖွယ်ကောင်းပုံ၊ ဤဖြစ်ရပ်နှင့်ဆက်စပ်သော အတွေးများ။
**(၂) အလိမ္မာ စာမှာရှိ**
ဆိုလိုရင်းအဓိပ္ပာယ်၊ စာဖတ်ခြင်းကြောင့် အသိအလိမ္မာတိုးနိုင်ပုံ၊ စာဖတ်ခြင်း၏အကျိုး
စာတွေ့သာဓက၊ စာဖတ်ခြင်း၏အကျိုးကိုယ်တွေ့သာဓက၊ မိမိအတွေးအမြင်။

(ခ) အောက်ပါအဆိုများအနက် တစ်ခုကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေဆွေးနွေးပါ။ **(၁၀ မှတ်)**
(၁) သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည်။
(၂) အားကစားပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည်။

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၁ | ဆရာမြသန်းတင့်နှင့် နိုင်ငံတကာစာပေရှုခင်း | မြသန်းတင့် | ၅၀၀၀ | နေရီရီ |
| ၂၂ | အနက်ဖော်ရခက်သော နေ့စဉ်သုံး မြန်မာဝေါဟာရများအဘိဓာန် | သန်းဝင်းလှိုင် | ၅၀၀၀ | လဝန်းရိပ် |
| ၂၃ | ပညာသင်ယူခြင်းအတွက်တွေးခေါ် စဉ်းစားချက်များ | အောင်လှိုင် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၂၄ | သမိုင်းကိုဖန်တီးကြသူများ | ထက်မြက် | ၄၅၀၀ | ဝတ်ရည်နှင်း |
| ၂၅ | လေလှိုင်းထဲက မြန်မာစကား မြန်မာစာ | မောင်ခင်မင် (ဓနုဖြူ) | ၂၀၀၀ | ဝတ်ရည်နှင်း |
| ၂၆ | အတိတ်ပြန်ခရီး | ဆရာဒဗ္ဗ | ၂၀၀၀ | ဝတ်ရည်နှင်း |
| ၂၇ | အာဏာအလွဲသုံးစားသူများ၏ အတွင်းရေး အဖြစ်မှန်များ - ၂ | အဝေးရောက်သံတမန်တစ်ဦး | ၃၅၀၀ | လွင်ဦး |
| ၂၈ | အောင်မြင်မှုအတွက် ကွန်ရက် | ဒေါက်တာခင်မောင်ညို | ၂၀၀၀ | ဂလိုဘယ်အလင်း |
| ၂၉ | အကြမ်းဖက်အန္တရာယ်နှင့် မြန်မာ့အနာဂတ် | နေဇင်လတ် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၃၀ | တစ်မိနစ် အရောင်းလူသား | နေမျိုးထွန်း | ၁၈၀၀ | စိတ်ကူးချိုချို |
| ၃၁ | ရိုးမပေါ်မှာကျတဲ့ မျက်ရည် | တင်ညွန့် | ၄၀၀၀ | မောက္ခစာပေ |
| ၃၂ | အခန်းနံပါတ် - ၆ | မိုးကျော်ဇင် | ၂၅၀၀ | ကံ့ကော်ဝတ်ရည် |
| ၃၃ | တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ-ကယား | | ၄၀၀၀ | စိတ်ကူးချိုချို |
| ၃၄ | တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ-ရခိုင် | | ၃၅၀၀ | စိတ်ကူးချိုချို |
| ၃၅ | ပြတင်းပေါက်က ကြောင် | စစ်ငြိမ်း | ၃၀၀၀ | နှစ်ကာလများ |
| ၃၆ | ဝါဒပြိုင်ပွဲနှင့် ပတ်ဝန်းကျင်ကို ကိုင်လှုပ်သော စာအုပ် | ပါရဂူ | ၂၀၀၀ | ခေတ်ပြတိုက် |
| ၃၇ | မြေသိမ်းသည် ဆိုလေတိုင်းနှင့် မြေယာဥပဒေရေးရာ လက်တွေ့အသုံးချစာတမ်းများ | ဦးမောင်မောင်ညွန့် | ၆၀၀၀ | Wisdom house |
| ၃၈ | ကရင်ပုံပြင်များ (ပဉ္စမတွဲ) | လူထုဦးလှ | ၂၃၀၀ | လူထုစာပေ |
| ၃၉ | နျူရိုးဆစ်ရပ်ဝန်း | ချစ်လွမ်းဝေ (ရွှေမျှော်) | ၁၅၀၀ | ယဉ်မျိုး |
| ၄၀ | လူထုရှေ့မှောက် စကားပြောခြင်း အတွက် လျှို့ဝှက်ချက် - ၉ ရပ် | မောင်ဗေဒါ | ၂၀၀၀ | စိတ်ကူးချိုချို |
| ၄၁ | သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ် | နတ်နွယ် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၄၂ | ရင်ဂုက်ပန်းရဲ့အလွမ်းသံစဉ် | ရှင်ပန်ထွာ | ၂၀၀၀ | ယဉ်မျိုး |
| ၄၃ | သမ္မတကြီး ဦးဘဦး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ | မောင်မြတ်မိုး | ၅၀၀၀ | အိပ်မက်သစ် |
| ၄၄ | လွမ်းရိပ်ဝေဝေချစ်သူ့မြေနှင့် ဝတ္ထုတိုများ | မဟော်ဂနီ | ၂၅၀၀ | စိတ်ကူးသစ် |
| ၄၅ | သေကံမရောက် | စစ်သွေးနီ | ၂၅၀၀ | စိတ်ကူးသစ် |

## သံဖြူဇရပ်မြို့နယ် စာသင်ကျောင်းများ၌ မှုခင်းအသိပညာပေး

**သံဖြူဇရပ် ဇွန် ၂၈-** သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှထွန်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇွန် ၂၇ ရက်က သံဖြူဇရပ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ရာ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အေးမင်းထွန်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်/လမ်းစည်းကမ်းများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။ အလားတူ သံဖြူဇရပ်မြို့နယ် ဝယ်ကဝါကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ခေတ္တသံဖြူဇရပ်မြို့မရဲစခန်းမှူး ရဲအုပ်မင်းဌေးမောင်မောင်က သက်ငယ်မုဒိမ်းမှု ပပျောက်စေရေး ရပ်ကွက်/ကျေးရွာနေပြည်သူများမှ ပူးပေါင်းပါဝင်စေလိုကြောင်းနှင့် လိုအပ်လာပါက ဆက်သွယ်နိုင်ကြောင်း အသိပေးဟောပြောခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ မဟာအောင်မြေမြို့နယ်အသင်း အနိုင်ရဗိုလ်စွဲ

**မန္တလေး ဇွန် ၂၈**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အားကစားနှင့် ကာယပညာသိပ္ပံရှိ ဖူဆယ်အားကစားပြိုင်ပွဲရုံ၌ မဟာအောင်မြေအသင်းနှင့် ချမ်းမြသာစည်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မဟာအောင်မြေက ၅ ဂိုး- ၄ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုများပေးအပ်ရာ ဒုတိယဆုရ ချမ်းမြသာစည်အသင်း၊ ပထမဆုရ မဟာအောင်မြေအသင်းတို့မှ အားကစားသမားများကို တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဇာနည်အောင်က ဒုတိယဆုတံဆိပ်နှင့် ဆုငွေကျပ်နှစ်သိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ စိုးသန်းက တစ်ဦးချင်း ပထမဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက နေရာအလိုက် အကောင်းဆုံးဆုရသူများအား ဆုတံဆိပ်နှင့် ဆုငွေချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပထမဗိုလ်စွဲသည့် မဟာအောင်မြေအသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ်သုံးသိန်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**တင်မောင် (မန်းကိုယ်ပွား)**



## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ကျင်းပမည့်ရက် ထုတ်ပြန်

**ရန်ကုန် ဇွန် ၂၈**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲကျင်းပမည့်ရက် ထုတ်ပြန်လိုက်ပြီဖြစ်ပြီး စက်တင်ဘာလ တတိယပတ်နှင့် စတုတ္ထပတ်တို့တွင် နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်သို့ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအပါအဝင် ချန်ပီယံဆုရဖူးသည့် ရန်ကုန်၊ မကွေးနှင့် ဟံသာဝတီအသင်းတို့ တက်ရောက်လာပြီး ချန်ပီယံဆုရဖူးသည့် အသင်းများဖြစ်သောကြောင့် ချန်ပီယံအသင်းသစ် ထွက်ပေါ်လာမည်မဟုတ်ဘဲ အသင်းဟောင်းများထဲမှ ထပ်မံဗိုလ်စွဲမည်ဖြစ်သည်။ ယင်းလေးသင်းစလုံးသည် ချန်ပီယံဆု တစ်ကြိမ်စီရထားပြီး ဒုတိယမြောက်ချန်ပီယံဆုကို မည်သည့်အသင်း ရယူနိုင်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် မူလက ဆီမီးဖိုင်နယ်ပထမအကျော့ကို ဇူလိုင်တတိယပတ်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) မှ ရွှေ့ဆိုင်းထားသည့်ပွဲများကို ယင်းရက်များတွင် ပြန်လည်ကစားမည်ဖြစ်သောကြောင့် နှစ်ကျော့စလုံးကို စက်တင်ဘာလတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၈ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် စက်တင်ဘာ ၂၆ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဗိုလ်လုပွဲကို စက်တင်ဘာ ၃၀ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး တစ်ကျော့တည်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ကျန်နှစ်များတွင် ပုံမှန်အတိုင်း ကျင်းပခဲ့သည်။ ကျင်းပပြီးစီးခဲ့သည့် ခုနစ်ကြိမ်တွင် ရေဝတီအသင်းက သုံးကြိမ်၊ ဟံသာဝတီ၊ ရန်ကုန်၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**ညီမြတ်သော်တာ**

## Lethwei Nation Fight 5 မြန်မာနှင့်ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး တောင်ကြီးမြို့၌ကျင်းပမည်

**မန္တလေး ဇွန် ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Red Bull အားဖြည့်အချိုရည်၏ အဓိကပံ့ပိုးမှု၊ ကျားတံဆိပ်လိမ်းဆေး၊ ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်း၊ Madana ဖြည့်စွက်အာဟာရ WIGO ထမင်းဘူးလုပ်ငန်းတို့က တွဲဖက်ပါဝင်ကူညီပြီး Lethwei Nation နှင့် H&S Group တို့ပူးပေါင်းစီစဉ်သည့် Lethwei Nation 5 မြန်မာနှင့်ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် နိုင်ငံတကာစိန်ခေါ်ပွဲ တွဲဆိုင်း သုံးဆိုင်းနှင့် ပြည်တွင်းတွဲဆိုင်း လေးဆိုင်း၊ စုစုပေါင်းတွဲဆိုင်း ခုနစ်ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

မြန်မာ-ထိုင်းစိန်ခေါ်ပွဲများမှာ ရှမ်းကို (မြန်မာ-A.M.T.Z) နှင့် ဒင်ဘိုဆိုင်း (ထိုင်း)၊ စောထူးအောင် (မြန်မာ-ဒို့ရိုးရာ) နှင့် ခွန်နခေါ် (ထိုင်း)၊ ကရင်လေး (PHOENIX - မြန်မာ) နှင့် ရော့ဆီလာ (ထိုင်း) တို့ဖြစ်ကြပြီး ပြည်တွင်းစိန်ခေါ်ပွဲများမှာ ကျော်ကြား (တောင်ကလေး) နှင့် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)၊ ရွှေဝင်း (A.M.T.Z ) နှင့် အောင်မင်းသူ (တောင်ကလေး)၊ သိန်းစိုး (အဖြူရောင်သွေးသစ်) နှင့် တောင်ပေါ်သား (တောင်ဇလပ်)၊ ထွန်းစစ်နိုင် (ရိုးရာပုဂံ) နှင့် တောက်ရှား (A.M.T.Z) စသည့် တွဲဆိုင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ရုံဝင်လက်မှတ်ဈေးနှုန်းများမှာ ကျပ်ငါးထောင်၊ ကျပ်တစ်သောင်းနှင့် ကျပ်တစ်သောင်းငါးထောင်တို့ဖြစ်ပြီး ဇွန် ၂၈ ရက်ကစ၍ ရန်ကုန်၊ တောင်ကြီးမြို့များတွင် စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

## ၂၀၁၈ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲများကျင်းပပြီး ဆုများချီးမြှင့်

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင် အားကစားသမား ၃၀ ကို ကိုရီးယားနိုင်ငံသား နည်းပြဆရာ Mr. Youn Byung Sun ကြီးကြပ်၍ ယခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ရန်ကုန်မြို့ကျိုက္ကဆံမြားပစ်အားကစားကွင်း၌ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး University Games ၊ Asian Games နှင့် SEA Games ပြိုင်ပွဲများတွင်



အောင်မြင်မှုရရှိနိုင်ရေးအတွက် ပြင်းပြင်းထန်ထန်လေ့ကျင့်လျက်ရှိရာ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ပဏာမလက်ရည်စစ် မြားပစ်ပြိုင်ပွဲများကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့က ကျင်းပခဲ့သည်။

ဇွန် ၂၇ ရက်တွင် အမျိုးသား၊ အမျိုးသမီး လူသစ်တန်း Recurve ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ( Recurve နှင့် Compound) အဆင့်သတ်မှတ်ချက်ပြိုင်ပွဲများနှင့် ရှုံး၊ ထွက်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ဆက်လက်ပြီး ဇွန် ၂၈ ရက် နံနက် ၈ နာရီတွင် အဆိုပါမြားပစ်ကွင်း၌ အမျိုးသား၊ အမျိုးသမီး လူသစ်တန်း Recurve ဗိုလ်လုပွဲ၊ Compound အလွတ်တန်း ဗိုလ်လုပွဲ၊ Recurve အလွတ်တန်းဗိုလ်လုပွဲ၊ Compound Mixed Team အလွတ်တန်းနှင့် Recurve Mixed Team ဗိုလ်လုပြိုင်ပွဲများ ကျင်းပခဲ့ပြီး ယင်းပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိသူများကို Trophy နှင့် ဆုငွေများအပြင် ပြိုင်ပွဲအတွင်း ပွဲစဉ်တစ်လျှောက် အကောင်းဆုံးပစ်ခတ်သူဆုများကို မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်ဒင်နှင့် အဖွဲ့ဝင် ဦးဘန်နီတင်အောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇေသီဟ၊ တွဲဖက်အတွင်းရေးမှူး ဦးတောက်ထွန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် အဖွဲ့ချုပ် အမှုဆောင်များက တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## အမှတ်ပေးနှင့် ရှုံးထွက်ပြိုင်ပွဲ ချန်ပီယံလမ်းကြောင်းပေါ်တွင် အပြိုင်ဖြစ်နေသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်

**ရန်ကုန် ဇွန် ၂၈**

၂၀၁၈ ရာသီမှာ စက်တင်ဘာလကုန်မှ ပြီးဆုံးမည်ဖြစ်သော်လည်း ပြည်တွင်းပြိုင်ပွဲများဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံမျှော်လင့်နိုင်သည့်အသင်းများ ထွက်ပေါ်နေပြီဖြစ်ပြီး ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် ပြိုင်ပွဲနှစ်ခု၏ ချန်ပီယံလမ်းကြောင်းတွင် အပြိုင်ဖြစ်နေသည်။

MNL အမှတ်ပေးပြိုင်ပွဲမှာ ပြိုင်ပွဲပြီးဆုံးရန် ခြောက်ပွဲကစားရန် ကျန်ရှိနေပြီး ချန်ပီယံဆုအတွက် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသာ အပြိုင်လုရဖွယ်ရှိနေသည်။ တတိယနေရာမှ Southern အသင်းသည် တစ်ပွဲပိုကစားကာ ၁၀ မှတ်လျော့နေသောကြောင့် ချန်ပီယံဆုအတွက် ၃၆ မှတ်ရထားသည့် ရန်ကုန်အသင်းနှင့် ၃၄ မှတ်ရထားသည့် ရှမ်းယူနိုက်တက်အသင်းတို့သာ ပြိုင်ဆိုင်ရဖွယ်ရှိနေခြင်းဖြစ်သည်။ ပွဲစဉ် (၅) ပွဲသာ ယှဉ်ပြိုင်ရန်ကျန်ရှိသော်လည်း အသင်းကြီးအများစု ကစားရမည့် ပွဲစဉ် (၁၃) မှ လေးပွဲကို ဇူလိုင်လ တတိယပတ်မှ ပြန်လည်ကျင်းပမည်ဖြစ်သောကြောင့် ဇယားထိပ်ပိုင်းမှ အသင်းအများစုမှာ ခြောက်ပွဲစီကစားရန်ကျန်ရှိနေခြင်းဖြစ်သည်။ လက်ကျန်ပွဲအနေအထားအရ ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် အသင်းကြီးများနှင့် ကစားရန်ရှိနေပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ လက်ကျန်ခြောက်ပွဲတွင် လေးပွဲကို အိမ်ကွင်း၌ ကစားရမည်ဖြစ်ကာ ဟံသာဝတီနှင့် ရခိုင်ပွဲကိုသာ အဝေးကွင်း၌ ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် လက်ကျန်ပွဲများအဖြစ် ဇူလိုင် ၁ ရက်တွင် မကွေးနှင့် အိမ်ကွင်း၊ ဇူလိုင် ၈ ရက်တွင် ရတနာပုံအသင်းနှင့် အဝေးကွင်း၊ ဇူလိုင် ၁၅ ရက်တွင် စစ်ကိုင်းအသင်းနှင့် အိမ်ကွင်း၊ ဇူလိုင် ၂၂ ရက်တွင် ဟံသာဝတီအသင်းနှင့် အိမ်ကွင်း၊ စက်တင်ဘာ ၁၄ ရက်တွင် မြဝတီအသင်းနှင့် အိမ်ကွင်း၊ စက်တင်ဘာ ၂၃ ရက်တွင် Southern အသင်းနှင့် အိမ်ကွင်း ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းမှာမူ ဇူလိုင် ၁ ရက်တွင် GFA အသင်းနှင့် အိမ်ကွင်း၊ ဇူလိုင် ၈ ရက်တွင် Southern အသင်းနှင့် အိမ်ကွင်း၊ ဇူလိုင် ၁၄ ရက်တွင် ဟံသာဝတီအသင်းနှင့် အဝေးကွင်း၊ ဇူလိုင် ၂၁ ရက်တွင် ဇွဲကပင်အသင်းနှင့် အိမ်ကွင်း၊ စက်တင်ဘာ ၁၄ ရက်တွင် ရခိုင်အသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၂၃ ရက်တွင် မြဝတီအသင်းနှင့် အိမ်ကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းသည် ပြီးခဲ့သည့်ရာသီကလည်း ချန်ပီယံဆုအတွက် အပြိုင်ဖြစ်ခဲ့ပြီး ယခုရာသီတွင် ရှမ်းယူနိုက်တက်အသင်းက ချန်ပီယံဆုကာကွယ်နိုင်ရန်၊ ရန်ကုန်အသင်းက နှစ်ရာသီဆက်တိုက် ဖလားလက်မဲ့အိပ်မက်ဆိုးကို အဆုံးသတ်နိုင်ရန် မျှော်လင့်ချက်များအတွက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ပြီးဆုံးခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် ရောက်ရှိနေပြီဖြစ်ကာ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ တွေ့ဆုံနေသည်။ ဖလားနှစ်လုံးလမ်းကြောင်းပေါ်တွင်ရှိနေသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက်များကို ကျော်ဖြတ်နိုင်ပါက ပြီးခဲ့သည့်ရာသီကဲ့သို့ပင် ဗိုလ်လုပွဲတွင် ထပ်မံတွေ့ဆုံမည်ဖြစ်သည်။ ၎င်းတို့၏ ပြိုင်ဘက်များမှာလည်း ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုရဖူးသည့် မကွေးနှင့် ဟံသာဝတီအသင်းတို့ဖြစ်နေရာ ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ခက်ခက်ခဲခဲကျော်ဖြတ်ရဖွယ်ရှိနေသည်။

ရတနာပုံအသင်း၏ ယခုရာသီ ပြင်ဆင်မှုအနေအထားအရ ချန်ပီယံဆုအတွက် ပြင်ဆင်မှုများ သေချာပြုလုပ်ထားသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ ပြိုင်ဆိုင်မှုဖြစ်လာခဲ့ပြီး ချန်ပီယံဆုဖလားများကို ရယူနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်၊ ရှုံးထွက်ချန်ပီယံဆုကို တစ်ကြိမ်၊ ရှမ်းယူနိုက်တက်အသင်းက အမှတ်ပေးချန်ပီယံဆု တစ်ကြိမ်၊ ရှုံးထွက်ချန်ပီယံဆု တစ်ကြိမ်ရထားသည်။

**ရဲရင့်ရှိုင်း**

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဇ) မှ ကိုလံဘီယာနှင့် ဂျပန်တို့ နောက်တစ်ဆင့်တက်

၂၀၁၈ ကမ္ဘာ့ဖလားအုပ်စုနောက်ဆုံးပွဲစဉ်များ ရုရှားမြေ၌ ဇွန် ၂၈ ရက်ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (ဇ) မှ ပိုလန်က ဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကိုလံဘီယာက ဆီနီဂေါကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျပန်နှင့် ပိုလန်ပွဲတွင် ပထမပိုင်းပြီးဆုံးချိန်ထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၅၉ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂျန်ဘက်နာရက်ခ်က အနီးကပ်ပိတ်သွင်းယူခဲ့သည်။ ယင်းသွင်းဂိုးတစ်ဂိုးဖြင့် ပိုလန်အသင်း အနိုင်ရရှိခဲ့သည်။

ဆီနီဂေါနှင့် ကိုလံဘီယာပွဲတွင် ကိုလံဘီယာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် နောက်တန်းလူ ယာရီမီနာက သွင်းယူပေးခဲ့သည်။ ၁၆ သင်း ရှုံးထွက်အဆင့်သို့ ကိုလံဘီယာက အုပ်စုဗိုလ်ဖြင့်လည်းကောင်း ဂျပန်က အုပ်စုဒုတိယဖြင့်လည်းကောင်း တက်ရောက်သွားသည်။

ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု (င) ပွဲစဉ်၌ ဘရာဇီးက နှစ်ဂိုး-ဂိုးမရှိဖြင့် ဆားဘီးယားကို အနိုင်ရရှိပြီး ဆွစ်ဇာလန်နှင့် ကော်စတာရီကာမှာ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ ဆာဘီးယားနှင့် ဘရာဇီးပွဲတွင် ဘရာဇီးအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်တွင် ပေါလင်ဟိုနှင့် ၆၈ မိနစ်တွင် သီယာဂိုဆေးလ်ဗားတို့က သွင်းယူခဲ့သည်။ အုပ်စု (င) နောက်ဆုံးပွဲစဉ်အပြီးတွင် နောက်တစ်ဆင့်သို့ ဘရာဇီးက ရမှတ် ခုနစ်မှတ်ရရှိပြီး အုပ်စုဗိုလ်ဖြင့်တက်ရောက်ကာ ဆွစ်ဇာလန်က ငါးမှတ်ရရှိကာ အုပ်စုဒုတိယဖြင့် တက်ရောက်သွားသည်။

**သီဟ**

# သာစည်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်တွင် ရွှေအတုများ လိမ်လည်ပေါင်နှံသူငါးဦး ဖမ်းဆီးရမိ

**သာစည် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွှေဆိုင်တစ်ဆိုင်၌ ဇွန် ၂၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦးတို့က ရွှေအတုများကို ငွေကျပ် ၃၂ သိန်းဖြင့် လိမ်လည်ပေါင်နှံသဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်မြို့ အမှတ် ၅ ရပ်ကွက်ရှိ ဦးစိုးထွန်း(၄၄ နှစ်)ပိုင်ဆိုင်သည့် ရွှေဆိုင်တစ်ဆိုင်တွင် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်နှင်းမာ(၄၄ နှစ် )ရှိနေစဉ် မိတ္ထီလာမြို့နယ် တောမကျေးရွာနေသူ သက်နိုင်ထွေး ရောက်ရှိလာပြီး ရွှေဟန်းချိန်းတစ်ခုအား ငွေကျပ် ၆၅၀၀၀၀ ဖြင့် လည်းကောင်း၊ နံနက် ၈ နာရီ ၁၄ မိနစ်တွင် မိတ္ထီလာမြို့နယ် ဇီးပင်ပေါက်ကျေးရွာနေသူ မသူဇာဝင်းက ဆွဲကြိုးတစ်ကုံးအား ငွေကျပ် ၇၀၀၀၀၀ ဖြင့် လည်းကောင်း၊ သာစည်မြို့နယ် ရွာမွန်သာကျေးရွာနေသူ မအေးမော်မှ MC ဆွဲကြိုးတစ်ကုံးအား ငွေကျပ် ၅၀၀၀၀၀ ဖြင့်လည်းကောင်း လာရောက်ပေါင်နှံခဲ့သည်။

၎င်းတို့နှစ်ဦး ပြန်သွားပြီးနောက် ၁၅ မိနစ်ခန့်အကြာတွင် သာစည်မြို့နယ် ညောင်ကုန်းကျေးရွာနေသူ မစန်းဌေးက MC ရွှေဆွဲကြိုးတစ်ကုံးအား ငွေကျပ် ၇၀၀၀၀၀ ဖြင့် လည်းကောင်း၊ ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် မသိန်းသိန်းမှ MC ရွှေဆွဲကြိုးတစ်ကုံးအား ငွေကျပ် ၆၅၀၀၀၀ ဖြင့်လည်းကောင်း လာရောက်ပေါင်နှံရာ မသင်္ကာ၍ လာရောက်ပေါင်နှံထားသော ရွှေထည်များအားလုံးကို စစ်ဆေးကြည့်ရာ အတုများဖြစ်ကြောင်း တွေ့ရှိရသဖြင့် စုစုပေါင်း ငွေကျပ် ၃၂သိန်း တန်ဖိုးရှိ ရွှေအတုများအား လိမ်လည်ပေါင်နှံသူများကို အရေးယူပေးနိုင်ပါရန် သာစည်မြို့မ ရဲစခန်းသို့ တိုင်တန်းခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ စုစုပေါင်း ငွေကျပ် ၃၂သိန်း တန်ဖိုးရှိ ရွှေအတုများအား လိမ်လည်ပေါင်နှံသူများဖြစ်သည့် သက်နိုင်ထွေး၊ မသူဇာဝင်း၊ မအေးမော်၊ မစန်းဌေးနှင့် မသိန်းသိန်းတို့အား သာစည်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၉ - ၆ - ၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၆၅)
၉း၄၅ - "ဦးနုအထိမ်းအမှတ် အမှတ်တရပြခန်း"
၁၁း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၈)
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၃) (ရန်ကုန်မြို့) (တတိယပိုင်း)
၁၄း၃၅ - "Weekly MNL Review"(Week-17)
၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း- ၅၁)

**ညပိုင်း**

၁၆း၂၀ - 1 On 1
၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ဗဟိုအမျိုးသမီးဆေးရုံကြီး၏ ပထမဆုံး ဖန်ပြွန်သန္ဓေသားအောင်မြင်မှု"
၁၈း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဝိညာဉ်စိမ်း"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၉) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - "ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်ပြုစုခြင်းအကြောင်း သိကောင်းစရာ"
- America's Got Talent
- ၂၀၁၆ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
- "၂၁ ရာစုဆင်ယင်မှု အထူးပြုပြင်အလှသဘင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ"

# သဃ်န်းညီနောင်၌ ယာဉ်တစ်စီးပေါ်မှ ကျောက်စိမ်းလက်ကောက် ၄၀၅ ကွင်း သိမ်းဆည်းရမိ

သဃ်န်းညီနောင် ဇွန် ၂၈

**ကရင်ပြည်နယ် မြဝတီမြို့နယ် သဃ်န်းညီနောင်စစ်ဆေးရေးဂိတ်တွင် ဇွန် ၂၇ ရက် နံနက်ပိုင်းက ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေစစ်ဆေးစဉ် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်မှ အထောက်အထားမဲ့ ကျောက်စိမ်းလက်ကောက် ၄၀၅ ကွင်းကို သိမ်းဆည်းရမိသည်။**

ဇွန်၂၇ရက်နံနက်၁၀နာရီကသဃ်န်းညီနောင်ဂိတ်တွင် အဖွဲ့ခေါင်းဆောင် ရဲအုပ် ဝဏ္ဏမောင်မောင် ဦးစီးသည့် ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးမှ မြဝတီဘက်သို့ သွားရောက်မည့် 6F/----ခရီးသည်တင် မှန်လုံယာဉ်၏ ကုန်လှောင်ခန်းအတွင်းမှ အလေးချိန် ၁၂ ကီလိုခန့်ရှိ ကျောက်စိမ်းလက်ကောက် ၄၀၅ ကွင်း တန်ဖိုး(စိစစ်ဆဲ)ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်နောက်လိုက် ကျော်ရဲနိုင်(၂၆ နှစ်) စဉ့်ကိုင်မြို့နယ် ရှမ်းရွာလေးနေသူကို စစ်ဆေးရာ အဆိုပါ ကျောက်စိမ်းလက်ကောက်များ ပါရှိသော စက္ကူဗူအား မန္တလေးမြို့ ကျွဲဆည်ကန်ကားဂိတ်မှ သယ်ဆောင်လာခြင်းဖြစ်ကာ မြဝတီမြို့အထိ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ပစ္စည်းပိုင်ရှင်မှာ ကျွဲခြံကုန်းရပ်ကွက် မော်လမြိုင်မြို့တွင် နေထိုင်သူ ဦးမူတီရာမာန်ဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

ဦးမူတီရာမာန်အား ခေါ်ယူစေခဲ့ပြီး မေးမြန်းစစ်ဆေးရာ လွန်ခဲ့သည့် သုံးရက်ခန့်က အဆိုပါအထောက်အထားမဲ့ ကျောက်စိမ်း လက်ကောက်များကို မန္တလေးကျောက်ဝိုင်းမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မြဝတီသို့ပို့ဆောင်ပေးရန် ကျွဲဆည်ကန်ကားဂိတ်၌ အပ်နှံထားခဲ့ကာ ၎င်းမှာ မြဝတီသို့ အခြားယာဉ်ဖြင့် လိုက်ပါလာခဲ့ပြီး မြဝတီမြို့၌ စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်စိမ်းလက်ကောက်ပိုင်ရှင် ဦးမူတီရာမာန်နှင့် သယ်ဆောင်ပေးခဲ့သူ ကျော်ရဲနိုင်**(ယာပုံ)** တို့အား သဃ်န်းညီနောင် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# မန်စီမြို့နယ်၌ ငွေကျပ် ၁၁၇ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၈၀ သိမ်းဆည်းရမိ

**မန်စီ ဇွန် ၂၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် ဟန်ထက်-မန်သာကျေးရွာခြင်းဆက် ကားလမ်းဆုံ၌ ဇွန်၂၇ ရက် နံနက် ၁၁နာရီက မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရှာဖွေရာမှ ငွေကျပ် ၁၁၇ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၈၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ ရဲအုပ် ခါးလီ ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မန်စီမြို့နယ် ဟန်ထက်-မန်သာကျေးရွာချင်းဆက်ကားလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် မန်စီမြို့နေ ဝေလင်းထွန်း(၃၀ နှစ်) မောင်းနှင်ပြီး သီတာဦး(ခ)မဦး(၃၆ နှစ်) စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ပီနံအိတ်အတွင်း ဆန်များနှင့်ရောထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၈၀နှင့် သီတာဦး(ခ)မဦး၏ လက်ဆွဲအိတ်အတွင်းမှ မူးယစ်ဆေးဝါးရောင်းရငွေကျပ် ၆၅၀၀၀ တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။



ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသည့် ဝေလင်းထွန်းနှင့် သီတာဦး(ခ)မဦးတို့ကို မန်စီမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ကြိုးဆွဲချသေဆုံးမှုအား စစ်ဆေးစဉ် လူသတ်မှုဖြစ်ကြောင်း ဖော်ထုတ်နိုင်

**နေပြည်တော် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သဖန်းကုန်းကျေးရွာတွင် ဇွန် ၁၈ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က လူတစ်ဦးကြိုးဆွဲချသေဆုံးသွားကြောင်း သတင်းအရ ရွာတန်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အဆိုပါကျေးရွာနေ ကိုဝင်း(ခ)မောင်ဝင်း(၃၈ နှစ်)ဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။ ရဲတပ်ဖွဲ့ဝင်များက အဆိုပါ သေဆုံးသူအား ဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပို့ဆောင်ခဲ့ပြီး ရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးခဲ့စဉ် ရမည်းသင်းမြို့နယ် ဆေးရုံကြီးမှ တာဝန်ရှိသူများ၏ စစ်ဆေးချက်အရ မှတ်ချက်များပေးနိုင်ရန် ခက်ခဲမှုရှိသဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်ခဲ့ကြောင်း၊ ယင်းနောက် သေဆုံးသူ၏ ဇနီးဖြစ်သူ မအေးအေးမာ(၃၈ နှစ်)အား စစ်ဆေးခဲ့ရာ ၎င်းနှင့် သေဆုံးသူတို့ စကားများရန်ဖြစ်စဉ် မအေးအေးမာက ဝါးရင်းတုတ်ဖြင့် ရိုက်လိုက်သောကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မအေးအေးမာအား ရွာတန်းရဲကင်းစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# အစာအိမ်အတွင်း အစာမရှိဘဲ အရက်အလွန်အကျွံသောက်သုံးသူတစ်ဦး သေဆုံး

**ဒေးဒရဲ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ညောင်တစ်ပင်ကျေးရွာနေ မဇာ(၃၅ နှစ်)သည် ဇွန် ၂၆ ရက် နံနက် ၆ နာရီက ညောင်တစ်ပင်ချောင်းအတွင်း ငါးဖမ်းပိုက် ထောင်ထားစဉ် ပျောက်ဆုံးသွားသဖြင့် လိုက်လံရှာဖွေခဲ့ရာ တစ်ရွာတည်းနေ ဇော်မင်းထွန်း(၃၅ နှစ်)၏ နေအိမ်၌ ငါးဖမ်းပိုက်ကို ပြန်လည်တွေ့ရှိသဖြင့် အရက်မူးနေသူ ဇော်မင်းထွန်းနှင့် ၎င်း၏ဇနီး မသန်းလှကြည်တို့အား ဒေးဒရဲမြို့မရဲစခန်းသို့ ခေါ်ဆောင်လာကာ တိုင်တန်းခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက တိုင်ကြားသူ မဇာ၊ ဇော်မင်းထွန်းနှင့် ၎င်း၏ ဇနီးတို့အား မေးမြန်းစစ်ဆေးနေစဉ် ဇော်မင်းထွန်းမှာ အရက်မူးလွန် အမောဖောက်လာသဖြင့် ဒေးဒရဲပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ဆေးရုံ၌ သေဆုံးသွားသောကြောင့် ဒေးဒရဲမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးခဲ့ပြီး ရင်ခွဲစစ်ဆေးချက်အရ အသည်းပျက်စီးကာ အစာအိမ်အတွင်း အစာမရှိဘဲ အရက်အလွန်အကျွံ သောက်သုံးခြင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# ဝမ်းတွင်း၌ ၂၂ ဘီးယာဉ် ဘီးကျွတ်၍ထိမှန်ကာ တစ်ဦးဒဏ်ရာရ

**ဝမ်းတွင်း ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ ဇွန် ၂၇ ရက် ည ၈ နာရီ ၁၅ မိနစ်က ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသော ၂၂ဘီးယာဉ်တစ်စီး ကားဘီးကျွတ်၍ အမျိုးသမီးတစ်ဦးကို ထိမှန်ကာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၅၇/၄ အနီး အားမာန်သစ်လက်ဖက်ရည်ဆိုင်ရှေ့၌ တောင်မှမြောက်သို့ အယ်လ်ဖာဘိလပ်မြေစက်ရုံဝင်းကျောက်ဆည်မြို့နေသူ ယာဉ်မောင်း ကိုဇော်ဝမ်း(၄၆ နှစ်)မောင်းနှင်ပြီး နေရပ်တူ ယာဉ်နောက်လိုက် ရဲဇော် (၂၃ နှစ်) လိုက်ပါလာသော ယာဉ်အမှတ် MDY-2M/---- စီနိုထရပ် ၂၂ ဘီးတွဲယာဉ်သည် မောင်းနှင်လာစဉ် နောက်ဘီးကျွတ်ထွက်ကာ လမ်း၏ဝဲဘက်ခြမ်းရှိ အားမာန်သစ် လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်နေသော ဝမ်းတွင်းမြို့ ညောင်ပင်ရပ် ဝမ်းတွင်း(၁)နေ မအိရွှေဇင် (၂၄ နှစ်)ကို ထိမှန်ခဲ့ပြီး ဒဏ်ရာ(စိုးရိမ်ရ) တို့ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်ဝမ်းအား ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# မရမ်းချောင်ဂိတ်၌ အထောက်အထားမဲ့ကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဇွန် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၉၆ သန်းခန့် စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၁၆ သန်း ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းများ၌ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Sewing Machine (Used) (18U) နှင့် Refined Sugar (50Kg)(133 Bags) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၉၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံသားနှစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဇွန် ၂၈**

ဇွန် ၂၆ ရက် ညနေ ၆ နာရီက မာရမ်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် ဖော့သုတ်ကျေးရွာ ဆိပ်ခံတံတားအနီးတွင် တွေ့ရှိသူ ထိုင်းနိုင်ငံသား နိုင်ဝုန်းအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် အိုက်စ် ၀ ဒသမ ၁ ဂရမ် သိမ်းဆည်းရမိခဲ့သည်။ အလားတူ ကော့သောင်းမြို့နယ် ဖော့သုတ်ကျေးရွာ ဆိပ်ခံတံတားအနီးတွင် တွေ့ရှိသူ ထိုင်းနိုင်ငံသား နိုင်ကျင်းအား ရှာဖွေရာ ၎င်းထံမှ အိုက်စ် ၀ ဒသမ ၁ ဂရမ် ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်နှင့် တရုတ်တို့ စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်သဘောတူ

**ဝါရှင်တန် ဇွန် ၂၈**


အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် သဘောတူခဲ့ကြောင်း သိရသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ကာကွယ်ရေးဝန်ကြီး ဝေဖန်ဂီတို့ကိုဇွန် ၂၇ ရက်က သီးခြားတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ထိုသို့သဘောတူခဲ့ခြင်းဖြစ်သည်။ ယခုခရီးစဉ်သည် မက်တစ်၏ ပထမဆုံး အာရှခရီးစဉ် ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ သမိုင်းကြောင်းအတွက် ယခုအချိန်အခါသည် အရေးကြီးဆုံးအချိန်အခါသမယပင်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံနှင့် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကိုထိန်းချုပ်ပြီး နှစ်နိုင်ငံအပြန်အလှန်နားလည်မှုများတိုးမြှင့်ကာ အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်သတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။

လတ်တလောတွင် ကုန်သွယ်ရေးကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်နှင့် တရုတ်တို့၏ အငြင်းပွားမှုမှာ မြင့်တက်လျက်ရှိသည်။ ထို့အတူ အမေရိကန်ပြည်ထောင်စုက တောင်တရုတ်ပင်လယ်တွင် စစ်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံကို ဝေဖန်လိုက်သည်။




သို့သော်လည်း ယခုတွေ့ဆုံမှုတွင် မက်တစ်က အဆိုပါဝေဖန်မှုကိစ္စရပ်များကို တိုက်ရိုက်မပြောဘဲ ရှောင်ရှားခဲ့သည်။ ထို့အတူ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် မြောက်ကိုရီးယားကို ပိတ်ဆို့ဒဏ်ခတ်မှုများ ပြုလုပ်နိုင်ရေး တရုတ်နိုင်ငံနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း သိရသည်။ ၎င်းသည် ကြာသပတေးနေ့တွင် မြောက်ကိုရီးယားသို့ သွားရောက်ရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့လယ်ရှိ အကြီးဆုံးလဟာပြင်ဈေးကြီး မီးလောင်ရာ ၁၅ ဦးသေဆုံး

**နိုင်ရိုဘီ ဇွန် ၂၈**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့လယ်ရှိ အကြီးဆုံး ဂီကွန်ဘာ လဟာပြင်ဈေးတွင် ဇွန် ၂၈ ရက်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ပြီး အခြား ၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရအရာရှိများက ပြောခဲ့သည်။

မီးလောင်မှုကြောင့် ၁၅ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာညှိနှိုင်းရေးမှူး ကန်ဂက်သည်တုကုက ပြောသည်။ မီးလောင်ရသည့် အကြောင်းရင်းကို ယခုအချိန်ထိ မသိရသေးကြောင်း ၎င်းက ဆက်လက်ပြောပြသည်။



မီးလောင်ကျွမ်းမှုသည် သစ်ခြံမှ လောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း ကနဦး သုံးသပ်ထားသည်။ အရုဏ်ဦး မီးလောင်မှုကြောင့် လူ ၇၀ ဒဏ်ရာရရှိခဲ့ပြီး ဈေးကြီးမှာ အတော်များများ ပျက်စီးခဲ့ကာ ဆိုင်ခန်းများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။ မီးလောင်သည့်နေရာ၌ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း မီးလောင်သည့်နေရာတွင်ရှိနေသည့် ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။ ဓာတ်ငွေ့ဘူးများ ပေါက်ကွဲလွင့်ထွက်သွားသည်မှာ ငရဲကျနေသည့်အလား ဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောသည်။

**အေအက်ဖ်ပီ**

# နျူလက်နက်ကင်းစင်ရေး လုပ်ဆောင်ရမည့်အရာများ မြောက်ကိုရီးယားနားလည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးပြော

**ဝါရှင်တန် ဇွန် ၂၈**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် အမေရိကန်က အလိုရှိသည့် လုပ်ဆောင်ရမည့် လှုပ်ရှားမှုများကို ကောင်းစွာနားလည်သဘောပေါက်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဗုဒ္ဓဟူးနေ့က ဆီးနိတ်တွင် ပြောကြားလိုက်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ သမိုင်းဝင်ဆွေးနွေးပွဲအပြီး အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့သည် ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် အမေရိကန်၏တောင်းဆိုမှုနယ်ပယ်ကို မြောက်ကိုးရီးယားဘက်မှ ကောင်းစွာသဘောပေါက်ကြောင်း မစ္စတာပွန်ပီအိုကပြောသည်။ အမေရိကန်သည် တောင်ကိုရီးယားနှင့် ဩဂုတ်လအတွင်းပြုလုပ်ရန် စီစဉ်ထားသော စစ်ရေးလေ့ကျင့်မှုကိုလည်း ဖျက်သိမ်းထားရာ အမေရိကန်ဘက်မှ ၎င်း၏ကတိအတိုင်း လုပ်ဆောင်လျက်ရှိကြောင်း ပြောခဲ့သည်။ နျူကလီးယားလက်နက်ကင်းစင်ရေးနှင့်ပတ်သက်၍ မြောက်ကိုရီးယားအနေဖြင့် ဖြစ်နိုင်သမျှ လျင်လျင်မြန်မြန်ဆောင်ရွက်လိမ့်မည်ဟုလည်း အမေရိကန်ကမျှော်လင့်ထားကြောင်း မစ္စတာပွန်ပီအိုကပြောသည်။ အမေရိကန်နှင့် မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲအပြီးတွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေး အမေရိကန်နှင့်ပူးပေါင်းဆောင်ရွက်လိုကြောင်း ၎င်း၏သဘောဆန္ဒကိုထုတ်ဖော်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# မော်ရိုကို၌ ဆန္ဒပြသူများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်သည့်အတွက် ကန့်ကွက်မှုများပေါ်ပေါက်

**ရာဘတ် ဇွန် ၂၈**

၂၀၁၆ ခုနှစ် ဆူပူဆန္ဒပြမှုတွင်ပါဝင်ခဲ့သောဆန္ဒပြသူ ၅၃ ဦးကို မော်ရိုကိုတရားရုံးက ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ရာ မြောက်အာဖရိကတစ်ဝန်းတွင် ယင်းထောင်ဒဏ်ချမှတ်မှုကို ရှုတ်ချမှုများ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွက်လာသည်။

အင်္ဂါနေ့နှောင်းပိုင်းတွင် ဆန္ဒပြမှုခေါင်းဆောင် နက်စ်ဆာဇစ်ဇာဖီနှင့် အခြား ခေါင်းဆောင် သုံးဦးကို ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့သည်။ အခြားလူ ၄၉ ဦးကိုလည်း ဒဏ်ကြေးငွေနှင့်အတူ ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ပြင်းထန်သည့် နှစ်ရှည်ပြစ်ဒဏ်များချမှတ်ခြင်းသည် နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ထိုသို့ ချမှတ်လိုက်သည်နှင့်တစ်ပြိုင်နက် မစ္စတာ ဇစ်ဇာဖီ၏ ဇာတိမြို့တွင် ယင်း နှစ်ရှည်ပြစ်ဒဏ်ချမှတ်မှုကို ဆန့်ကျင်ရန် ဆန္ဒပြပွဲများ ပေါ်ပေါက်လာကြသည်။

ဗုဒ္ဓဟူးနေ့က အခြားမြို့ပေါင်းများစွာတို့တွင်လည်း ဆန္ဒပြပွဲများပေါ်ပေါက်လာပြီး ပြစ်ဒဏ်ချမှတ်ခံရသူများက ပြစ်ဒဏ်မှကင်းလွတ်စေရေး တောင်းဆိုခဲ့ကြသည်။ ထို့ပြင် လူမှုမီဒီယာများတွင်လည်း ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်မှုမှာ တရားမျှတမှုမရှိဟု ဝေဖန်ခဲ့ကြပြီး ဖေ့စ်ဘွတ်ခ်တွင်လည်း အနက်ရောင်ပရိုဖိုင်များ ပြောင်းခဲ့ကြသည်။

အတိုက်အခံလက်ယာယိမ်းပါတီမှ အတိုက်အခံ သုံးဦးသည် သတင်းစာရှင်းလင်းပွဲ၌ ထိုကဲ့သို့သော အမိန့်ချမှတ်မှုမှာ တရားမျှတမှုမရှိ တိုင်းပြည်၏ တည်ငြိမ်ရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု ပြောခဲ့ကြသည်။

ဆန္ဒပြမှုများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလက ငါးဝယ်၍ အိမ်ပြန်လာသူ မောက်ဆင်ဖီကရီထံမှ ရဲက ခေါ်ချန်သဏ္ဌာန်နှုတ်သီးပါသည့် ငါးကို သိမ်းယူသွားသည့်အတွက် ပြန်တောင်းရန် အမှိုက်သိမ်းယာဉ်ပေါ်သို့ အတင်းတွယ်တက်ရာမှ ဖိကြိတ်ခံရကာ သေဆုံးခဲ့ရပြီးနောက် ယင်းကိစ္စကို မကျေနပ်သည့်အတွက် ဆန္ဒပြပွဲများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

မောက်ဆင်ဖီကရီအတွက် အမှန်တရားဖြစ်စေရေး တောင်းဆိုကြရင်း အခြေခံလူတန်းစားများ၏ ဆန္ဒပြပွဲများ ပေါ်ပေါက်လာသည်။ မော်ရိုကို ဘုရင်မိုဟာမက်က ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်နှင့် ထိန်းသိမ်းခံထား ရသည့် ဆန္ဒပြသူများကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**




# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် စင်းလုံးငှားလေယာဉ် ပျက်ကျရာ ငါးဦးသေဆုံး

**မွမ်ဘိုင်း ဇွန် ၂၈**

အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော် မွမ်ဘိုင်း၏ လူစည်ကားရာနေရာရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုသို့ ဇွန် ၂၈ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ ငါးဦး သေဆုံးခဲ့ကြောင်း အရာရှိများက ပြောခဲ့သည်။

စင်းလုံးငှား လေယာဉ်ပျက်ကျပြီးနောက် ငါးဦးမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသူများတွင် လေယာဉ်မှူးတစ်ဦး၊ ခရီးသည် သုံးဦးနှင့် လမ်းသွားလမ်းလာတစ်ဦးတို့ ပါဝင်ကြောင်း မွမ်ဘိုင်းရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်က ပြောခဲ့သည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အီတလီဝန်ကြီးချုပ် အမေရိကန်သို့ ဇူလိုင်လအတွင်း သွားရောက်ရန်ရှိ

**ဝါရှင်တန် ဇွန် ၂၈**

အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီသည် ဇူလိုင် ၃၀ ရက်တွင် ဝါရှင်တန်သို့ လာရောက်ပြီး အမေရိကန်သမ္မတ ထရန့်နှင့်တွေ့ဆုံရန် ရှိသည်ဟု အိမ်ဖြူတော်က ဗုဒ္ဓဟူးနေ့တွင်ကြေညာခဲ့သည်။ မစ္စတာကွန်တီ၏ ခရီးစဉ်အတွင်း အမေရိကန်နှင့် အီတလီတို့သည် တစ်ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများနှင့် စီးပွားရေးမြှင့်တင်ရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးသွားမည်ဟု အိမ်ဖြူတော်သတင်းထုတ်ပြန်ရေး အတွင်းရေးမှူး ဆာရာဆန္ဒြာက ဗုဒ္ဓဟူးနေ့ညက ထုတ်ပြန်သော ကြေညာချက်တွင် ပြောကြားထားသည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုအပြီး ခေါင်းဆောင်နှစ်ဦးသည် သီးခြားတွေ့ဆုံဖွယ်ရှိသည်ဟုလည်း သိရသည်။ မစ္စတာထရန့်နှင့် မစ္စတာကွန်တီတို့သည် သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအစဉ်အလာအရ နှစ်နိုင်ငံဆက်ဆံရေးကို တန်ဖိုးထားကြောင်းလည်း ဆာရာက ပြောသည်။ မစ္စတာ ကွန်တီသည် ဇွန် ၁ ရက်မှ စတင်ကာ အီတလီနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သူလည်းဖြစ်သည်။ **ဆင်ဟွာ**

## ကက်ရှ်မီးယားတွင် အိန္ဒိယမှ နယ်စပ်လုံခြုံရေး တပ်ဖွဲ့ဝင် ၁၀ ဦး ပျောက်ဆုံး

**နယူးဒေလီ ဇွန် ၂၈**

အိန္ဒိယမှထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသတွင် နယ်စပ်လုံခြုံရေး ၁၀ ဦး ရုတ်တရက် ပျောက်ဆုံးသွားသည့်အတွက် အိန္ဒိယရဲများသည် ကြာသပတေးနေ့တွင် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။ နယ်စပ်လုံခြုံရေး တပ်ဖွဲ့ဝင် ၈၃ ဦးသည် အိန္ဒိယဘက်မှ ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသသို့ အထူးရထားဖြင့် သွားရောက်စဉ် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်အရှေ့တောင်တွင် တပ်ဖွဲ့ဝင် ၁၀ ဦး ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။

ဒန်ဘတ်နှင့် ဘတ်ဟာမန် ဘူတာရုံကြားတွင် အဆိုပါတပ်ဖွဲ့ဝင် ၁၀ ဦးမှာ ၎င်းတို့၏ တပ်စုမှူးကို သတင်းပို့ခြင်းမရှိဘဲ ပျောက်ဆုံးသွားခြင်းဖြစ်သည်။ ထို့ကြောင့် ပျက်ကွက်စာရင်းသွင်းပြီး ရှာဖွေမှုများ ပြုလုပ်နေကြောင်း မီးရထားရဲအရာရှိ ကူမားရာဒေ့ဗ်က မီဒီယာများကို ပြောသည်။

နယ်စပ်လုံခြုံရေး အစောင့်တပ်မှ အရာရှိကလည်း ပျောက်ဆုံးသွားသော တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ပျက်ကွက်မှုအတွက် အရေးယူခံရမည်ဖြစ်ကြောင်း ပြောသည်။ အထက်အရာရှိကို အကြောင်းမကြားဘဲ မည်သည့်တပ်ဖွဲ့ဝင်မျှ ပျက်ကွက်ခြင်း မရှိကြောင်း၊ ယင်းကိစ္စအတွက် အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# ပြည်တွင်းစစ်ကိုအဆုံးသတ်နိုင်မယ့် တောင်ဆူဒန်ရဲ့ ငြိမ်းချမ်းရေးစာချုပ်

❖ **ဖြူးစန္ဒီမြေး** ❖



တောင်ဆူဒန်နိုင်ငံမှာ သမ္မတကို သစ္စာခံတဲ့အဖွဲ့နဲ့ ဒုတိယ သမ္မတကို သစ္စာခံတဲ့ အဖွဲ့တို့အကြား ပဋိပက္ခတွေအစပြုရာကနေ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပါတယ်။ ဒီရှည်ကြာလှတဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ဖို့ရာ ဗုဒ္ဓဟူးနေ့မှာ တောင်ဆူဒန်သမ္မတနဲ့ သူ့ရဲ့ ဒုတိယသမ္မတဟောင်းတို့ဟာ ငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

**နှစ်နှစ်အတွင်း ပထမဦးဆုံးအကြိမ်တွေ့**

ဒုတိယသမ္မတဟောင်းရိခ်မက်ချာဟာ နိုင်ငံရဲ့ အကြီးဆုံးသူပုန်အုပ်စုကို ဦးဆောင်သူဖြစ်ပြီး အစိုးရကို တိုက်ခိုက်နေသူလည်း ဖြစ်တယ်။ လက်ရှိသမ္မတ ဆယ်ဗယ်ကီရာနဲ့ ရိခ်မက်ချာတို့ဟာ လွန်ခဲ့တဲ့ သီတင်းပတ်ကပဲ နှစ်နှစ်တာကာလအတွင်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ပါတယ်။ တောင်ဆူဒန်ရယ်ဆိုပြီး ဖြစ်ပေါ်လာတာဟာဆိုရင် အချိန်ကာလ သိပ်မကြာသေးပါဘူး။ ကမ္ဘာ့သက်တမ်းအငယ်ဆုံး တိုင်းပြည်လို့ ပြောရမယ့် တောင်ဆူဒန်နိုင်ငံမှာ လေးနှစ်ကြာ ပြည်တွင်းစစ်ကြောင့် တိုင်းပြည်အခြေအနေ ဆိုးရွားခဲ့ရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီတွေနဲ့ရပ်တည်ခဲ့ရပါတယ်။

**ပြည်သူတစ်ရပ်လုံးကို အကျိုးပြုစေမယ့်စာချုပ်**

အိမ်နီးချင်း ဆူဒန်နိုင်ငံမှာ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးခဲ့ပေမယ့် နောက်ထပ် ပဋိပက္ခတွေ ထပ်ဖြစ်လာမှာကိုလည်း စိုးရိမ်ရတဲ့ အခြေအနေမှာရှိပါတယ်။ ငြိမ်းချမ်းရေးစာချုပ်မှာ တောင်ဆူဒန်သမ္မတနဲ့ သူပုန်အဖွဲ့ကို ဦးဆောင်နေတဲ့ ဒုတိယသမ္မတတို့ လက်မှတ်ရေးထိုးထားပေမယ့် အတိတ်ကာလကတည်းက ကျိုးပျက်မှုတွေရှိနေပြီး ပါတီအငယ်လေးတွေကလည်း စစ်ပွဲထဲမှာ ပါဝင်ပတ်သက်လာပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်ခန့်ကလည်း အလားတူစာချုပ်မျိုး လက်မှတ်ရေးထိုးခဲ့ပေမယ့် ဖော်ပြခဲ့ခြင်းတော့ မရှိပါဘူး။ တောင်ဆူဒန်နိုင်ငံမှာ လူနည်းစုကိုသာ အကျိုးပြုနိုင်မယ့် ငြိမ်းချမ်းရေးစာချုပ်ဆိုတာထက် တောင်ဆူဒန်ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုမယ့် စာချုပ်ဖြစ်ဖို့ လိုအပ်တယ်လို့ တောင်ဆူဒန်အနုပညာရှင်များအသင်း ပူးတွဲတည်ထောင်သူ ဂျာကော့ဘလူးက ပြောပါတယ်။ ဒါဟာ စာချုပ်ပေါ်က လက်မှတ်တစ်ခုဆိုတာ မဖြစ်သင့်ဘူး။ အဲဒီထက် အများကြီး ပိုပါတယ်။ အဓိပ္ပာယ်တွေ အများကြီးရှိတယ်လို့လည်း ၎င်းက ဆက်ပြောပါတယ်။

**မျိုးနွယ်စုတွေကြား စိတ်ဝမ်းကွဲလာ**

တောင်ဆူဒန်ဟာ ဆူဒန်နိုင်ငံကနေ ၂၀၁၁ ခုနှစ်မှာ လွတ်လပ်ရေးရရှိခဲ့ပါတယ်။ အဲဒီလို လွတ်လပ်ရေးရပြီး နှစ်နှစ်အကြာမှာတော့ သမ္မတ မစ္စတာ ကီရာကို သစ္စာခံတဲ့ တပ်ဖွဲ့တွေနဲ့ မစ္စတာ မာချာကို ထောက်ခံသူတွေကြား ပဋိပက္ခတွေစတင်လာပါတော့တယ်။ အဲဒီပဋိပက္ခတွေကနေ ပြည်တွင်းစစ်ပွဲအသွင် ပြောင်းသွားပြီး တိုင်းပြည်လည်း နှစ်ခြမ်းကွဲသွားစေမယ့်အရေး ဆိုက်ရောက်ခဲ့ပါတော့တယ်။ တိုင်းပြည်ရဲ့ အဓိက အကြီးဆုံး လူမျိုးစုကြီးဖြစ်တဲ့ ဒန်ကာလူမျိုးစုဟာ မစ္စတာကီရာကို ထောက်ခံပြီး နူအာလူမျိုးစုကတော့ မစ္စတာမာချာကို ထောက်ခံခဲ့ပါတယ်။ အခု လက်မှတ်ရေးထိုးထားတဲ့ သဘောတူညီမှုအသစ်မှာဆိုရင် အရင်စာချုပ်ပါ အချက်အလက်တွေနဲ့ အပစ်အခတ်ရပ်စဲရေးတွေ ပေါင်းစပ် ပါဝင်ထားပါတယ်။ ရဲနဲ့အခြားသော လုံခြုံရေးတပ်ဖွဲ့တွေ ပါဝင်တဲ့ အမျိုးသားတပ်ဖွဲ့တစ်စု ဖွဲ့စည်းရန် အဆိုပြုထားပြီး အဲဒီတပ်ဖွဲ့ဟာ မျိုးနွယ်စုအလိုက်စုဖွဲ့မှု၊ လူမျိုးစုတွေရဲ့ဝင်ရောက်စွက်ဖက်မှုကင်းရပါမယ်။ နိုင်ငံရဲ့အခြေခံ အဆောက်အအုံတွေ၊ အခြေခံကျတဲ့ ဝန်ဆောင်မှုတွေ၊ အစရှိတာတွေကို ပြန်လည် တည်ဆောက်ဖို့အတွက် ကြိုးပမ်းမှုတစ်ရပ်လည်း ဖြစ်တယ်။

**ဆင်းရဲမှုမှလွတ်မြောက်ဖို့လမ်းစ**

နိုင်ငံရဲ့မြောက်ပိုင်းမှာရှိတဲ့ တောင်ဆူဒန်နိုင်ငံရဲ့ ရေနံတွင်းတွေ လုံခြုံစိတ်ချရမှုရှိစေဖို့အတွက်လည်း သေချာမှုပေးရမှာဖြစ်တယ်။ တောင်ဆူဒန်နဲ့ ဆူဒန်အစိုးရတို့ဟာ ရေနံတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီး ထုတ်လုပ်ရေးတွေ ပြန်လည်စတင်ရမှာဖြစ်တယ်။ ဒါမှသာ တောင်ဆူဒန်နိုင်ငံရဲ့ လူနေမှုဘဝတွေ တိုးတက်မြင့်မားပြီး ဆင်းရဲမွဲတေမှုဘေးဒုက္ခမှ လွတ်မြောက်နိုင်မှာပဲဖြစ်တယ်။ ရှေ့ကိုလျှောက်လှမ်းရမယ့်ခရီးကတော့ လွယ်ကူတဲ့ ခရီးစဉ်တစ်ခုတော့ မဟုတ်ပါဘူး။ ပြည်တွင်းစစ်ဟာ တောင်ဆူဒန်နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး အစရှိတာတွေကို အဘက်ဘက်က ဖျက်ဆီးလိုက်ပါပြီ။ လူသန်းနဲ့ချီပြီး ငတ်မွတ်ခေါင်းပါးတဲ့ဒဏ်ကို ခံစားနေရပါတယ်။ စီးပွားရေးဟာလည်း နာလန်မထူနိုင်ပါဘူး။ လူပေါင်း ၂ ဒသမ ၅ သန်းဟာ တိုင်းပြည်အတွင်းကနေ ထွက်ပြေးကြပါတယ်။ အရေအတွက်ထောင်ဂဏန်းလောက်သာရှိတဲ့ လူနည်းစု မျိုးနွယ်စုတွေဟာလည်း နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပါတယ်။ ကုလသမဂ္ဂရဲ့နေရာချထားပေးမှု၊ ခိုလှုံရာတွေဖန်တီးပေးမှုနဲ့အတူ တိုင်းပြည်အတွင်းမှာပဲ ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ရတာ ဖြစ်တယ်။

**စာရွက်ပေါ်က အပြောင်းအလဲတစ်ခုလား**

တောင်ဆူဒန်နိုင်ငံမှာ ရောက်ရှိနေကြတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့တွေကတော့ အခုလက်မှတ်ရေးထိုးလိုက်တဲ့ ငြိမ်းချမ်းရေးစာချုပ်ဟာ တကယ်ပဲ အနှစ်သာရနဲ့ ပြည့်ဝလိမ့်မယ်လို့ မယုံကြည်ကြပါဘူး။ အောက်ဖမ်ဆိုတဲ့ အကူအညီပေးရေးအဖွဲ့မှ အကြံပေးဖြစ်တဲ့ အီလစ်ဆီရယ်ဘူချန်အန်းက စစ်ဖြစ်နေတဲ့ အဖွဲ့တွေကြောင့် ဘေးဒုက္ခခံစားနေရတဲ့ လူထောင်ပေါင်းများစွာရဲ့ ဒုက္ခတွေကို လက်တွေ့မြင်တွေ့နေရတယ်လို့ ပြောပါတယ်။ သဘောတူညီမှု အသစ်ဟာမြေပြင်မှာလည်း လက်တွေ့အကောင်အထည်ဖော်ပေးနိုင်ဖို့ လိုအပ်ပါတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ တောင်ဆူဒန်ပြည်သူတွေဆီကနေ သူတို့ဟာ လုံခြုံစိတ်ချရတဲ့ အနေအထားတစ်ခုကို ရောက်နေပြီ။ ငတ်မွတ်တဲ့ဘေးဒုက္ခကလည်း လွတ်သွားပြီ။ တိုက်ခိုက်ခံရမှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရမှုတွေကနေ လွတ်မြောက်သွားပြီ။ တိုက်ပွဲတွေလည်း ဆက်လက်မဖြစ်ပေါ်တော့ဘူးလို့ ကြားသိရမှသာ စာရွက်ပေါ်ကပြောင်းအလဲဟာ မြေပြင်အထိ အကျိုးသက်ရောက်မှု ရှိပါလားလို့ဆိုနိုင်မှာဖြစ်တယ်လို့ ၎င်းကဆက်ပြောပါတယ်။ တောင်ဆူဒန်ပြည်သူတွေအတွက်ကတော့ သူတို့ရဲ့သာမန်ဘဝတွေ ပြန်စနိုင်ပြီး အကြောက်အလန့်ကင်းကင်းနဲ့ ပညာရေးပြန်စနိုင်ဖို့က အရေးအကြီးဆုံးပါပဲ။ တိုင်းတစ်ပါးကို ထွက်ပြေးသွားကြတာ မဟုတ်ဘဲ ပြည်တွင်းမှာပဲ ပြောင်းရွှေ့အခြေချကြတဲ့ ပြည်သူတွေဟာ တောင်ဆူဒန်မြို့တော် ဂျူဘားမြို့အပြင်ဘက်က စခန်းတွေမှာ ကုလသမဂ္ဂရဲ့ ကူညီထောက်ပံ့မှုနဲ့ ရပ်တည်နေကြရပါတယ်။

**အစိတ်စိတ်အမြွှာမြွှာဖြစ်ခဲ့ရ**

ပြီးခဲ့တဲ့ အတိတ်ကာလတုန်းက ပြုလုပ်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးဟာ အောင်မြင်မှုမရှိဘဲ နှစ်ဖက်အဖွဲ့အစည်းတွေက လျစ်လျူရှုခဲ့ကြတာကြောင့် တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားခဲ့ပြီး အချို့သောဒေသတွေကို လိုအပ်တဲ့အကူအညီထောက်ပံ့ရေးပစ္စည်းတွေ မပေးပို့နိုင်ပါဘူး။ အခုလက်မှတ်ရေးထိုးလိုက်တဲ့ ငြိမ်းချမ်းရေးစာချုပ်ဟာ ပထမခြေလှမ်းမျှသာဖြစ်ပြီး နောက်ထပ် ဆက်လက်အကောင်အထည်ဖော်ဖို့တွေ အများကြီး ရှိနေသေးတယ်လို့ ဝါရှင်တန်အခြေစိုက် စောင့်ကြည့်ရေးအုပ်စုမှ မူဝါဒပိုင်းဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ဘရိန်းအက်ဒီဘာက ပြောပါတယ်။ စစ်ပွဲကြောင့် တိုင်းပြည်ဟာ အစိတ်စိတ်အမြွှာမြွှာဖြစ်ခဲ့ရပါတယ်။ ငြိမ်းချမ်းရေးစာချုပ်အတွက် ဆွေးနွေးမှုတိုင်းမှာ လူတိုင်း လူတိုင်းဟာ ဆွေးနွေးဝိုင်းနဲ့ သက်ဆိုင်နေရပါမယ်။ လက်နက်ကိုင်တွေရော၊ လက်နက်ကိုင်ဆောင်ထားခြင်းမရှိတဲ့ အဖွဲ့အစည်းတွေရော ပါဝင်ရပါမယ်။ ဘာလို့လဲဆိုရင် ကဏ္ဍအသီးသီးမှာ သူတို့ရဲ့နစ်နာချက်တွေကို အစိုးရကို တင်ပြဖို့ ရှိနေလို့ပါပဲလို့ မစ္စတာ အက်ဒီဘာက ပြောပါတယ်။ ဒါတွေအပြင် မစ္စတာကီရာရဲ့အဖွဲ့တွေရော မစ္စတာ မာချာရဲ့ အဖွဲ့တွေပါ လူသားမျိုးနွယ်အပေါ်မှာ မလုပ်သင့်တဲ့ ရာဇဝတ်မှု ကျူးလွန်မှုတွေကို စစ်ပွဲ အတွင်းမှာ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါတွေကလည်း ကုလသမဂ္ဂရဲ့နှစ်စဉ် ပေးပို့နေကျ အစီရင်ခံစာအရ သိရတာပါ။

**မင်္ဂလာသတင်းတစ်ပုဒ်**

ငြိမ်းချမ်းရေး စာချုပ်ကတော့ အရာအားလုံးကို ချက်ချင်းဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ပထမဆုံး ခြေလှမ်းတော့ဖြစ်ပါတယ်။ အဲဒီစာချုပ်ကြောင့် သေနတ်သံတွေ ချုပ်ငြိမ်းမှ ဆက်လက်အကောင်အထည်ဖော်လို့ရမယ့် အရာတွေက အများကြီးပါလို့ မစ္စတာ အက်ဒီဘာက ပြောပါတယ်။ အခုအချိန်မှာတော့ တောင်ဆူဒန်မှာ ပြည်တွင်းစစ်အတွက် ငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်ရေးထိုးလိုက်ပါပြီ။ စောင့်ကြည့်သူတွေကတော့ ဒီစာချုပ်ဟာအရင်သဘောတူညီမှုတွေလိုပဲ ပျက်ပြားသွားမှာလားဆိုတာ စိုးရိမ်နေကြပါတယ်။ စာချုပ်ပေါ်က အပြောင်းအလဲဟာ မြေပြင်အထိ ဘယ်လောက် သက်ရောက်မှုရှိမလဲ၊ တကယ်လက်တွေ့ အကျိုးသက်ရောက်မှုရှိခဲ့ရင်တော့ တောင်ဆူဒန်ပြည်သူတွေအတွက် မင်္ဂလာသတင်းလို့ ဆိုရမှာပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

> “တောင်ဆူဒန်ဟာ ဆူဒန်နိုင်ငံကနေ ၂၀၁၁ ခုနှစ်မှာ လွတ်လပ်ရေးရရှိခဲ့ပါတယ်၊ အဲဒီလို လွတ်လပ်ရေးရပြီး နှစ်နှစ်အကြာမှာတော့ သမ္မတ မစ္စတာ ကီရာကို သစ္စာခံတဲ့တပ်ဖွဲ့တွေနဲ့ မစ္စတာ မာချာကို ထောက်ခံသူတွေကြား ပဋိပက္ခတွေ စတင်လာပါတော့တယ်၊ အဲဒီပဋိပက္ခတွေကနေ ပြည်တွင်းစစ်ပွဲအသွင် ပြောင်းသွားပြီး တိုင်းပြည်ကိုလည်း နှစ်ခြမ်းကွဲသွားစေမယ့်အရေး ဆိုက်ရောက်ခဲ့ပါတော့တယ်”

# ရေကြောင်းပညာတက္ကသိုလ် ပညာသင်နှစ် ခြောက်နှစ်မှ ငါးနှစ်သို့ လျှော့ချ

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပညာသင်နှစ်ကို ခြောက်နှစ်မှ ငါးနှစ်သို့ လျှော့ချလိုက်သဖြင့် ရေကြောင်းပညာတက္ကသိုလ်တက်ရောက်နေသော ကျောင်းသား ကျောင်းသူများကို ငါးနှစ်ဖြင့် ဘွဲ့ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောသည်။

“ကျောင်းသား ကျောင်းသူတွေရဲ့ သဘောဆန္ဒ၊ ဆရာ ဆရာမတွေရဲ့ သဘောတူညီချက်၊ ခေတ်ကာလအခြေအနေမတူညီတဲ့ တက္ကသိုလ်ရဲ့လုပ်ငန်းသဘောသဘာဝအရ အထက်အဆင့်ဆင့်ကိုတင်ပြပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ရဲ့ ပညာသင်နှစ်ကို ခြောက်နှစ်ကနေ ငါးနှစ်ကို လျှော့ချလိုက်ရတာပါ။ ဒီလိုလျှော့ချလိုက်ရတာမှာ ကျွန်တော်တို့ကလေးတွေဟာ ဘွဲ့ရပြီးတာနဲ့ လုပ်ငန်းခွင် တန်းဝင်လို့မရပါဘူး။ Seatime တစ်နှစ်ယူရပါသေးတယ်။ ပြန်လာရင် အရာရှိတန်းမဖြစ်သေးပါဘူး။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကလုပ်တဲ့ လက်မှတ်တွေရဖို့ စာမေးပွဲဖြေဆိုရပါသေးတယ်။ စာမေးပွဲကလည်း တစ်ကြိမ်နဲ့မအောင်ရင် နှစ်ကြိမ်၊ သုံးကြိမ်ဖြေရပါတယ်။ လက်မှတ် သုံး၊ လေးမျိုး ရယူနိုင်ဖို့အတွက် နောက်ထပ်အချိန်ထပ်ကုန်ပါတယ်။ ဒီအတွက် ပညာသင်နှစ်ကို လျှော့ချလိုက်တာဖြစ်ပါတယ်”ဟု ဒေါက်တာမြတ်လွင်က ပြောသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပညာသင်နှစ် ခြောက်နှစ်မှ ငါးနှစ်သို့ လျှော့ချလိုက်ခြင်းကို အမျိုးသားပညာရေးမူဝါဒကော်မရှင် (NEPC) သို့ တင်ပြဆုံးဖြတ်ချက်ရယူဆောင်ရွက်ခဲ့ကြောင်း၊ လာမည့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ကျောင်းသား ကျောင်းသူ ၃၂၀ လက်ခံပညာသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယင်းတို့တွင် ကျောင်းသား ၈၀ ရာခိုင်နှုန်း၊ ကျောင်းသူ ၂၀ ရာခိုင်နှုန်း ခေါ်ယူမည်ဖြစ်ကြောင်း၊ ဝင်ခွင့်ကို စုစုပေါင်းရမှတ် ၄၇၀ သတ်မှတ်ထားကြောင်း၊ ဝင်ခွင့်ကို ယခင်က အဆင့်မြင့်ပညာဦးစီးဌာနမှ ခေါ်ယူခဲ့ရာမှ ယခုအခါ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ တိုက်ရိုက်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**






# အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် အများပြည်သူလေ့လာနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၂၈

**၁၉၂၁ ခုနှစ်တွင် အနောက်တိုင်းဗိသုကာဟန်ရေနောလျက် (၂၀)ရာစု ဥရောပပုံစံဖြင့် ၁၈ ပေ အမြင့်ရှိသော ကုန်းပေါ်တွင် တည်ဆောက်ထားသည့် အမှတ် ၂၅ ဗိုလ်ချုပ်ပြတိုက်လမ်း ဗိုလ်ချို ၁ ရပ်ကွက် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ဇူလိုင် ၁၉ ရက်မတိုင်မီ အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

“ဒီနှစ်မှာလည်း ပြတိုက်အတက်လမ်းတစ်လျှောက်မှာ ဗိုလ်ချုပ်ရဲ့အဆိုအမိန့်တွေ၊ ရှားပါးဓာတ်ပုံတွေကို (၆×၈) ပေ ဆိုင်းဘုတ် ၂၀ စိုက်ထူဖို့ ပြင်ဆင်နေပါတယ်။ မနှစ်က လာရောက်ကြည့်ရှုတဲ့ ပရိသတ်များခဲ့တဲ့အတွက် အထွက်လမ်းကျဉ်းလို့ အခက်အခဲရှိခဲ့လို့ ငါးပေလမ်းကို တစ်ပေခွဲထပ်တိုးချဲ့ထားပါတယ်။ အထွက် လမ်းဘယ်၊ ညာမှာလည်း မြေဖို့လုပ်ငန်းနဲ့ ပန်းအလှစိုက်လုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာနနဲ့ ဇူလိုင် ၁၀ ရက် နောက်ဆုံးသတ်မှတ်ပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဗိုလ်ချုပ်စိုက်ခင်းကို သီးသန့်သွားလေ့လာနိုင်အောင် ခြောက်ပေခွဲလှေကားတစ်ခု ဖောက်နေပါတယ်။ အပေါ်ထပ်ကို လေ့လာတဲ့အခါမှာ ကြံ့ခိုင်မှုရှိအောင်နဲ့ အစည်းအဝေးခန်း၊ သန့်စင်ခန်းကိုလည်း ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ပုံမှန်ထိန်းသိမ်းမှုလုပ်ငန်းက နှစ်စဉ်ရှိပါတယ်။ အဆောက်အအုံကြံ့ခိုင်မှုကိုဦးစားပေးအနေနဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့ ယဉ်ကျေးမှုအမွေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နဲ့ ကျွန်တော်တို့ဌာန ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်”ဟု ရန်ကုန်မြို့ အမျိုးသားပြတိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

ဘဲဥပုံသဏ္ဌာန်ဖြင့် မြေ ၂ ဒသမ ၄၂၃ ဧကအကျယ်ရှိသော ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ဗိုလ်ချုပ်လုပ်ကြံခံရသည့်နေ့အထိ ထိုအိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့ပြီး ဗိုလ်ချုပ်ကွယ်လွန်ပြီးနောက် ကျန်ရစ်သူမိသားစုမှ ဆက်လက်နေထိုင်ခဲ့ကာ ခြံဝင်းအတွင်းရှိ ရေကန်တွင် သားလတ်ဖြစ်သူ အောင်ဆန်းလင်း ရေနစ်သေဆုံးပြီးနောက် မည်သူမှဆက်လက်နေထိုင်မှုမရှိခဲ့ကြောင်း သိရသည်။



ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အဝင်မုခ်ဦးကို တွေ့ရစဉ်။

၁၉၅၅ ခုနှစ်တွင် ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနမှ ပထမဆုံးသော ညွှန်ကြားရေးမှူး ဦးသာမြတ်၊ အမျိုးသားပြတိုက်မှူးကြီး ဒေါ်ညွန့်ဟန်နှင့် အကြံပေးအရာရှိ Dr.Niharan Rays တို့က ဗိုလ်ချုပ်အောင်ဆန်းနေအိမ်အား အများပြည်သူကြည့်ရှုနိုင်ရန် ပြတိုက်အဖြစ်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို စတင်ဖွင့်လှစ်ပြသခဲ့သည်။ ထို့မတိုင်မီ ၁၉၅၇ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်ထံမှ ပရိဘောဂ ၅၃ မျိုးနှင့် အခြားပစ္စည်းများကို ပြတိုက်ပစ္စည်းများအဖြစ် ပြသရန် စုဆောင်းခဲ့သည်။

မူလပိုင်ရှင် တရုတ်လင်မယားထံမှ ငှားရမ်းနေထိုင်သောထိုအိမ်အား အဆိုပါအိမ်ပိုင်ရှင်ထံမှ စာချုပ်စာတမ်းနှင့်အတူ ငွေကျပ်သုံးသောင်းဖြင့်ပေးချေ၍ ၁၉၄၈ ခုနှစ် ဇူလိုင် ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် ရန်ပုံငွေမှ ရန်ပုံငွေ ကြီးကြပ်ထိန်းသိမ်းရေး အမှုဆောင်အဖွဲ့က အပြီးပြတ်ဝယ်ယူခဲ့ကြောင်း သိရသည်။

တောင်ဘက်ကိုမျက်နှာမူ၍ တည်ဆောက်ထားသော ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ၁၉၉၇ ခုနှစ်တွင် ပြန်လည်ထူထောင်ရေးတပ်မှ မွမ်းမံပြင်ဆင်ခဲ့ပြီး ၁၉၆၂ ခုနှစ် ဇူလိုင် ၁၉ ရက်မှ ၂၅ ရက်ထိ (၁၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို နေ့စဉ်အခမဲ့ဖွင့်လှစ်ခဲ့ကာ ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်နေ့ အာဇာနည်နေ့အထိမ်းအမှတ်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

“မနှစ်က အာဇာနည်နေ့မှာ ပြည်သူ သုံးသောင်းနှစ်ထောင်ကျော် လာရောက်ကြည့်ရှုခဲ့ပါတယ်။ ဗိုလ်ချုပ်ပြတိုက်ကို လာရောက်လေ့လာရတာဟာ သူတို့အတွက် ဝမ်းသာဂုဏ်ယူမှုလည်း ရရှိသလို ဝမ်းနည်းမှုလည်းခံစားရကြောင်း မှတ်ချက်ပြုပြောတာ အများစုကြားရပါတယ်။ ဗိုလ်ချုပ်ဓာတ်ပုံတွေကို ထိန်းသိမ်းပြီး အဝတ်အစားတွေကိုလည်း သိပ္ပံနည်းကျ စနစ်တကျထိန်းသိမ်းမှုအပိုင်းတွေလည်း လုပ်ပါတယ်။ အထိမ်းအမှတ်ပြတိုက်ဆိုတော့ ထူးထူးဆန်းဆန်းပြဖို့ မဖြစ်နိုင်ဘူး။ ဗိုလ်ချုပ်ကို ဂုဏ်ပြုရာရောက်အောင်ပြသတဲ့ ပြတိုက်ပဲဖြစ်ပါတယ်။ အခု ကျွန်တော်တို့ထိုင်နေတဲ့နေရာက တောင်ဘက်နဲ့ အနောက်ဘက်ကိုမြင်ရတဲ့ ဗိုလ်ချုပ်အပန်းဖြေအနားယူတဲ့ နေရာပါ။ ဒီနေရာမှာထိုင်ရင်း တိုင်းပြည်တိုးတက်ဖို့ စိတ်ကူးစိတ်သန်းတွေ စဉ်းစားတွေးခေါ်ခဲ့တဲ့နေရာလည်း ဖြစ်နိုင်ပါတယ်။ အာဇာနည်နေ့က ဒီနှစ်ဆိုရင် (၇၁)နှစ်မြောက် အာဇာနည်နေ့ဆိုတော့ လာရောက်ကြည့်ရှုသူက တစ်နှစ်ထက်တစ်နှစ်ပိုများလာတာပါ။ ဒီနေရာမှာ တာဝန်ထမ်းဆောင်ရတာ ဂုဏ်လည်းယူပါတယ်။ ဗိုလ်ချုပ်ကို ပါးစပ်ကနေ ချစ်မနေဘဲ ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ လမ်းစဉ်တွေကို စိတ်ပါလက်ပါလိုက်နာ ကျင့်သုံးကြပါလို့ ပြောလိုပါတယ်”ဟု ဗိုလ်ချုပ်ပြတိုက်တာဝန်ခံ ဦးခင်မောင်စိုးက ပြောသည်။



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တွေ့ရစဉ်။

ဗိုလ်ချုပ်ပြတိုက်အား စတင်ဝင်ရောက်ပါက ဘယ်ဘက်အခြမ်းတွင် မိသားစုထမင်းစားခန်းရှိပြီး မူရင်းအတိုင်း ပြသထား၍ ညာဘက်ခြမ်းတွင် ဧည့်ခန်းနှစ်ခန်းရှိကာ ဗိုလ်ချုပ်အသုံးပြုခဲ့သော ရေဒီယိုနှင့်ပရိဘောဂများကို ပြသထားသည်။ အပေါ်ထပ်လှေကားဘယ်ဘက်တွင် ဗိုလ်ချုပ်အိပ်ခန်းရှိပြီး အိပ်ခန်းအတွင်း၌ အိန္ဒိယဝန်ကြီးချုပ်နေရူးမှ ဗိုလ်ချုပ်အင်္ဂလန်သို့ သွားစဉ် လက်ဆောင်ပေးခဲ့သည့် ကုတ်အင်္ကျီကိုလည်းပြသထားပြီး ကပ်လျက်တွင် စာကြည့်ခန်းရှိကာ ဗိုလ်ချုပ်ဖတ်ရှုခဲ့သော စာအုပ်စာပေများကို ပြသထားသည်။ လှေကားဘယ်ဘက်တွင် ဗိုလ်ချုပ်၏ သားသမီးသုံးဦး အိပ်ခဲ့သောခုတင်များကို ပြသထားပြီး အောင်ဆန်းလင်း ကျောင်းတက်စဉ်က အသုံးပြုခဲ့သော မှတ်စုစာအုပ်နှင့်အတူ ကစားစရာကတ်များကို ပြသထားသည်။ ခြံဝန်း၏ အနောက်မြောက်ထောင့်တွင် ဗိုလ်ချုပ်ကိုယ်တိုင်စိုက်ပျိုးသော စိုက်ခင်းနေရာရှိ၍ အများပြည်သူကြည့်ရှုနိုင်ရန် ပြသသွားမည်ဖြစ်သည်။

(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် ယခင် တာဝါလိန်းလမ်းဖြစ်သော ယခု ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်ပြတိုက်ကို ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ တစ်ရက်တည်းမဟုတ်ဘဲ တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ မည်သူမဆို နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ အခမဲ့ဖွင့်လှစ်ပြသလျက်ရှိကာ နိုင်ငံခြားသားများကိုသာ ဝင်ကြေးလက်ခံလျက်ရှိ၍ အာဇာနည်နေ့တွင် အများပြည်သူ သွားလာရေးလွယ်ကူစွာ ကြည့်ရှုနိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ-သန်းစိုး**






ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ ပြသထားသည့် ပြတိုက်အတွင်းခန်းများကို တွေ့ရစဉ်။

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အတည်ပြုလက်မှတ်ရေးထိုးပြီး ရန်ကုန်မြို့တော်ဝန်ထံ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ၂၀၁၈ ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အတည်ပြုလက်မှတ်ရေးထိုးပြီး ရန်ကုန်မြို့တော်ဝန်ထံ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ၂၀၁၈ ရေးဆွဲခဲ့မှု အဆင့်ဆင့်အခြေအနေများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)က ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ ဖြစ်သော ဇွန် ၂၇ ရက်တွင် အတည်ပြုခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ၂၀၁၈ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ဆက်လက်၍ အတည်ပြုလက်မှတ် ရေးထိုးပြီးသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ၂၀၁၈ ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးမောင်မောင်စိုးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် “ကျွန်တော်တို့ ရန်ကုန်မြို့တော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့တော်မှာ နေထိုင်နေကြတဲ့ မြို့တော်သူမြို့တော်သားအားလုံး၊ အုပ်ချုပ်ရေးစနစ်တွေမှာပါဝင်နေကြတဲ့ မြို့တော်စည်ပင်သာယာနဲ့ အစိုးရအဖွဲ့အားလုံးဟာ ဒီဥပဒေနဲ့အညီ ရန်ကုန်မြို့တော်ကြီးကို တည်ဆောက်ကြရတော့မှာဖြစ်ပါတယ်။ ဒီတည်ဆောက်ရေးလုပ်ငန်းတွေမှာ ကဏ္ဍနယ်ပယ်အသီးသီးက ပါဝင်ကြမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေပဲဖြစ်ဖြစ်၊ အိမ်ခြံမြေရောင်းဝယ်ရေး ကိစ္စရပ်တွေပဲ ဖြစ်ဖြစ်၊ ဈေးဆိုင်ဖွင့်တာပဲဖြစ်ဖြစ်၊ ဈေးမှာအလုပ်လုပ်တာပဲဖြစ်ဖြစ် အားလုံးဟာ ဒီဥပဒေနဲ့အညီ နေထိုင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီဥပဒေကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်ဆိုတဲ့ ဒီနေ့ ၂၈ ရက်ကနေစပြီး ဥပဒေရဲ့ အာဏာသက်ရောက်မှုဟာ စတင်သွားတော့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနေ့လက်မှတ်ရေးထိုးမှုနဲ့အတူ ရန်ကုန်မြို့တော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ် နယ်ပယ်အသီးသီးကို ဆောင်ရွက်ကြရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအခမ်းအနားပွဲကို စနစ်တကျလက်မှတ်ရေးထိုးပြီး မြို့တော်ဝန်ကို ဥပဒေအပ်နှင်းလိုက်တာပဲဖြစ်ပါတယ်”ဟု ပြောကြားသည်။

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်က အစိုးရအဖွဲ့သစ် စတင်တာဝန်ယူချိန်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏လုပ်ငန်းများကို ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ပြည့်ဝစေရန်နှင့် ရန်ကုန်မြို့တော်သူ မြို့တော်သားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော စီးပွားရေးမြို့တော်ကြီးအဖြစ် အဆင့်မြင့်တင်နိုင်သော ဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြသောအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပြင်ဆင်ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခွင့်ပြုခဲ့ကြောင်း သိရသည်။ အဆိုပါကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့် အဖွဲ့ဝင် ၂၀ ဦးကို ထည့်သွင်းဖွဲ့စည်းပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကြမ်းတစ်ရပ်အဖြစ် ဖြစ်ပေါ်လာရေး စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ၁၉၂၂ ခုနှစ် အက်ဥပဒေကိုအခြေပြုပြီး ဥပဒေပြန်လည်ရေးဆွဲရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ဦးလင်းနိုင်မြင့် (ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်) နှင့် အဖွဲ့ဝင် ၂၈ ဦး ပါဝင်ဖွဲ့စည်းခဲ့ကြောင်းနှင့် အဆိုပါကော်မတီများ ဖွဲ့စည်းပြီးနောက် ၂၀၁၇ ခုနှစ် ဧပြီ ၃ ရက်မှစတင်ကာ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို စတင်ပြင်ဆင်ရေးဆွဲခဲ့ကြောင်း သိရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပထမဥပဒေကြမ်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်သွင်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်အထိ ၁၁ ကြိမ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်၍ ပြင်ဆင်ရေးဆွဲခဲ့ပြီး ဥပဒေမူကြမ်းကို ၂၀၁၈ ခုနှစ် မေ ၂၅ ရက်အထိ လွှတ်တော်ရေးရာကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြင်ပအဖွဲ့အစည်းများနှင့် ဥပဒေကြမ်းကော်မတီတို့သည် ၂၅ ကြိမ်တိုင် ဆွေးနွေးညှိနှိုင်းပြင်ဆင်ရေးဆွဲကာ အခန်း ၃၂ ခန်း၊ ပုဒ်မပေါင်း ၃၉၈ ခုပါဝင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေကြမ်း ၂၀၁၈ ကို ရေးဆွဲပြုစုနိုင်ခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီးအစိုးရမှတစ်ဆင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့တင်ပြခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ဥပဒေကြမ်းစိစစ်ရေး ကော်မတီများ၊ လွှတ်တော်ရေးရာကော်မတီ အသီးသီးတို့နှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းကာ ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်တွင် ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးမှ အတည်ပြုပြဋ္ဌာန်းခဲ့သည့်အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-ထိန်လင်း**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၅/၉၀၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၂၀ ကျပ် | ၉၄၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၇၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၂၅ ကျပ် | ၉၇၀/၉၈၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၃ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၀ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၉ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၈ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၄ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ ・ ၂၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ ・၃၂၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၄ ・ ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ ・ ၅၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ ・၂၃၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

## မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီရွှေ၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

**ကျင်းပနေဆဲ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကတော့ အုပ်စုပွဲတွေပြီးဆုံးခဲ့ပြီ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ အသင်းကြီးတွေရဲ့ ခက်ခဲရုန်းကန်ခဲ့ရတဲ့ အခြေအနေတွေကြောင့် စိတ်ဝင်စားဖို့ကောင်းခဲ့သလို ဒီပြိုင်ပွဲမှာအခြားထူးခြားတဲ့ မှတ်တမ်းတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဆိုပါထူးခြားတဲ့မှတ်တမ်းတွေကို ပရိသတ်တွေလေ့လာနိုင်စေဖို့ စုစည်းဖော်ပြပေးလိုက်ပါတယ်။**

# ၂၀၁၈ ကမ္ဘာ့ဖလား နှင့် ထူးခြားချက်များ

● ဝေ မိုး ဆက်



### အင်္ဂလန်

ပြီးခဲ့တဲ့ အုပ်စုပွဲစဉ်တွေရဲ့ ဒုတိယမြောက် ပွဲစဉ်တွေမှာ နာမည်ကြီး အင်္ဂလန်ဟာ ပနားမားအသင်းကို ခြေစွမ်းပြပြီး ခြောက်ဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့ပါတယ်။ အဆိုပါပွဲအနိုင်ရရှိခဲ့တာကြောင့်လည်း အင်္ဂလန်ဟာ အုပ်စုပွဲစဉ်တွေ မပြီးဆုံးခင်မှာတင် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ သေချာသွားခဲ့ပါတယ်။ ဒ့ါအပြင် အဆိုပါပွဲမှာ အင်္ဂလန်အနေနဲ့ ပထမပိုင်းမှာတင် ငါးဂိုးပြတ်နဲ့အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့သမိုင်းကြောင်းမှာ ပထမပိုင်းအတွင်း ငါးဂိုးနဲ့အထက် သွင်းယူနိုင်တဲ့ ပဉ္စမမြောက်အသင်းအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပါတယ်။

### ဟွန်ဒါ

ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စု ဒုတိယမြောက်ပွဲစဉ်တွေမှာ အုပ်စု (H) အတွင်း ဂျပန်နဲ့ဆီနီဂေါတို့ဆုံတွေ့ခဲ့ရာမှာ ဂျပန်တို့ နှစ်ဂိုးစီသရေကစားနိုင်ခဲ့ပါတယ်။ အဆိုပါပွဲမှာ ဂျပန်ဟာ မိနစ် ၇၀ ကျော်တဲ့အထိ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်နေခဲ့ပေမယ့်လည်း ၇၈ မိနစ်မှာတော့ လူစားဝင်လာတဲ့ကစားသမား ဟွန်ဒါကချေပဂိုးသွင်းယူပေးနိုင်ခဲ့လို့ သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဟွန်ဒါဟာ အဆိုပါဂိုး သွင်းယူနိုင်ခဲ့တာကြောင့်လည်း သူ့ရဲ့ကမ္ဘာ့ဖလား သွင်းဂိုးစုစုပေါင်းဟာ လေးဂိုးအထိရှိခဲ့ပြီး အဆိုပါဂိုးအရေအတွက်ဟာ အာရှကစားသမားတွေအနက် အများဆုံး စံချိန်လည်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွေအတွင်း ကိုးပွဲကစားပြီး လေးဂိုးသွင်းယူနိုင်ခဲ့တဲ့ ဟွန်ဒါဟာ အာရှကစားသမားတွေအနက် ကမ္ဘာ့ဖလားသွင်းဂိုးအများဆုံးကစားသမားအဖြစ်လည်း ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

### လူကာကူ

ဘယ်လ်ဂျီယံတိုက်စစ်မှူးလူကာကူကတော့ ဒီကမ္ဘာ့ဖလားပြိုင်ပွဲအတွင်းမှာ ခြေစွမ်းပြနေတဲ့တိုက်စစ်မှူးတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ အဖွင့်ပွဲစဉ်ဖြစ်တဲ့ပနားမားနဲ့ပွဲမှာလည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ဒုတိယပွဲဖြစ်တဲ့ တူနီးရှားနဲ့ပွဲလည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပြသနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လူကာကူဟာ ဘယ်လ်ဂျီယံကစားသမားတွေအနက် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုအတွင်း လေးဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်သွားခဲ့သလို ၁၉၈၆ ခုနှစ်ပြိုင်ပွဲမှာ မာရာဒိုနာက နှစ်ပွဲဆက် နှစ်ဂိုးစီသွင်းယူနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုအတွင်း နှစ်ပွဲဆက် နှစ်ဂိုးစီသွင်းယူနိုင်တဲ့ ပထမဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပါတယ်။

### အိုဇေးလ်

ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ နာမည်ကြီးအသင်းအများစု ခြေစွမ်းပြနိုင်ဖို့ခက်ခက်ခဲခဲရုန်းကန်ခဲ့ကြရတဲ့နည်းတူ ဂျာမနီဟာလည်း ခြေစွမ်းပြနိုင်ဖို့ခက်ခဲခဲ့ပါတယ်။ အဖွင့်ပွဲစဉ်မှာဆိုရင် ဂျာမနီဟာ မက္ကဆီကိုအသင်းကိုအရေးနိမ့်ခဲ့ရတဲ့အထိ ရုန်းကန်ခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျာမနီနည်းပြဂျိုချင်လောဟာ ဆွီဒင်ကိုအနိုင်ရတဲ့ပွဲမှာ ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ပြီး အဓိကကစားသမားအိုဇေးလ်ကို ပွဲထွက်စာရင်းကချန်လုပ်ခဲ့သလို ပွဲစဉ်တစ်ပွဲလုံးမှာလည်း သုံးစွဲခြင်း မပြုခဲ့ပါဘူး။ ဒါဟာအိုဇေးလ်အတွက်တော့ လက်ရွေးစင်ကစားသမားဘဝအတွင်း အဓိကပြိုင်ပွဲကြီးများမှာ ပထမဆုံးအကြိမ်အဖြစ် ပွဲထွက်လူစာရင်းက ချန်လုပ်ခံခဲ့ရတာလည်း ဖြစ်ပါတယ်။

### ပယ်နယ်တီများနဲ့ ကမ္ဘာ့ဖလား

ဒီနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အထူးခြားဆုံးမှတ်တမ်းတစ်ခုကတော့ ပယ်နယ်တီသတ်မှတ်ခံရမှုစံချိန်တစ်ရပ်ပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ (ဇွန် ၂၆ ရက်နေ့ညပွဲများအပြီး) ဒီကမ္ဘာ့ဖလား ပြိုင်ပွဲမှာ ပယ်နယ်တီသတ်မှတ်ခံရမှုအကြိမ် အရေအတွက်ဟာ ၂၂ကြိမ်တိတိ ရှိခဲ့ပြီလည်း ဖြစ်ပြီး အဆိုပါအကြိမ်အရေအတွက်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတွေ အနက် ပယ်နယ်တီ သတ်မှတ်ခံရမှုအများဆုံး စံချိန်တစ်ရပ်အဖြစ်လည်း အုပ်စုပွဲစဉ်တွေမပြီးဆုံးခင်မှာ မှတ်တမ်းဝင်ခဲ့ပါတယ်။ အရင်ကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲများအတွင်း ပယ်နယ်တီသတ်မှတ်ခံရမှုအများဆုံးပြိုင်ပွဲအဖြစ် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားက ၁၈ ကြိမ်နဲ့စံချိန်တင်ထားခဲ့တာဖြစ်ပြီး အခုတော့ ဒီနှစ်ကမ္ဘာ့ဖလားမှာ ပယ်နယ်တီသတ်မှတ်ခံရမှုစံချိန်ဟာ အဆိုပါ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကစံချိန်ကို ကျော်ဖြတ်ပြီး စံချိန်သစ်တစ်ရပ်ကို ရေးထိုးနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

### မားကွက်ဇ်

မက္ကဆီကိုအသင်းဟာ ဒီနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ခြေစွမ်းကောင်းတွေကို ပြသနိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ မက္ကဆီကိုအသင်းဟာ အဖွင့်ပွဲစဉ်မှာ ဂျာမနီကိုအနိုင်ရယူနိုင်ခဲ့သလို အဆိုပါပွဲမှာ အသင်းရဲ့ကပ္ပတိန် မားကွက်ဇ်ကို လူစားလဲထည့်သွင်းအသုံးပြုခဲ့သလို တောင်ကိုရီးယားကိုအနိုင်ရခဲ့တဲ့ ဒုတိယပွဲမှာလည်း မားကွက်ဇ်ကို လူစားလဲထပ်မံအသုံးပြုခဲ့ပါတယ်။ ဒါကြောင့်လည်း မားကွက်ဇ်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းအတွင်းမှာ ပွဲအများဆုံးပါဝင်ကစားခွင့်ရတဲ့အသင်းကပ္ပတိန်တစ်ဦးအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

### အဲလ်ဟတ်ရီ

ဒီနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အီဂျစ်ဟာ ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ အုပ်စုအဆင့်ကနေသာ ပြိုင်ပွဲကနေ ထွက်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဒီတစ်ကြိမ်ပြိုင်ပွဲဝင်ခဲ့တဲ့ အီဂျစ်အသင်းမှာတော့ အသက် ၄၅ နှစ်အရွယ်ကစားသမားတစ်ဦးဖြစ်တဲ့ အဲလ်ဟတ်ရီဟာ ကစားသမားစာရင်းမှာ ပါဝင်ခဲ့ပါတယ်။ ဂိုးသမားအဲလ်ဟတ်ဒီဟာ အီဂျစ်အသင်းရဲ့အုပ်စုအဖွင့်ပွဲစဉ်ဖြစ်တဲ့ ဥရုဂွေးနဲ့ပွဲမှာလည်း ပွဲထွက်ကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရခဲ့ပါတယ်။ ဒါကြောင့်လည်း အဲလ်ဟတ်ဒီဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းမှာတော့ အသက်ကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

### ဟယ်ရီကိန်း

ဒီနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်ဟာ ခြေစွမ်းပြပြီး အုပ်စုပွဲစဉ်တွေ မပြီးဆုံးခင်မှာတင် နောက်တစ်ဆင့်ကို တက်ရောက်ဖို့သေချာသွားခဲ့ပါတယ်။ အင်္ဂလန်အနေနဲ့ အခုလို နိုင်ပွဲတွေ ရယူနိုင်ခဲ့တာကလည်း တိုက်စစ်မှူးဟယ်ရီကိန်းရဲ့ သွင်းဂိုးတွေကြောင့်သာဖြစ်ပြီး ဟယ်ရီကိန်းဟာ အဖွင့်ပွဲစဉ်ဖြစ်တဲ့ တူနီးရှားနဲ့ပွဲမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ဒုတိယပွဲစဉ်ဖြစ်တဲ့ ပနားမားနဲ့ပွဲမှာလည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။

ဟယ်ရီကိန်းအနေနဲ့ ပနားမားနဲ့ပွဲမှာ ဟက်ထရစ် သွင်းယူနိုင်ခဲ့တဲ့အတွက်ကြောင့်လည်း ၁၉၈၆ ခုနှစ်ပြိုင်ပွဲမှာ ဂယ်ရီလိုင်နီကာက အင်္ဂလန်အတွက် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးတဲ့နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း ဟက်ထရစ်သွင်းယူနိုင်တဲ့ ပထမဆုံး အင်္ဂလန်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ။

**အင်္ဂလန်ဟာ ခြေစွမ်းပြပြီး အုပ်စုပွဲစဉ်တွေ မပြီးဆုံးခင်မှာတင် နောက်တစ်ဆင့်ကို တက်ရောက်ဖို့သေချာသွားခဲ့ပါတယ်။ အင်္ဂလန်အနေနဲ့ အခုလို နိုင်ပွဲတွေရယူနိုင်ခဲ့တာကလည်း တိုက်စစ်မှူးဟယ်ရီကိန်းရဲ့ သွင်းဂိုးတွေကြောင့်သာဖြစ်ပြီး ဟယ်ရီကိန်းဟာ အဖွင့်ပွဲစဉ်ဖြစ်တဲ့ တူနီးရှားနဲ့ပွဲမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ဒုတိယပွဲစဉ်ဖြစ်တဲ့ ပနားမားနဲ့ပွဲမှာလည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။**

## ဆွစ်ဇာလန်ကစားသမားနှစ်ဦး၏ ဒဏ်ငွေကို စိုက်ထုတ်ပေးဆောင်ရန် အယ်လ်ဘေးနီးယားဝန်ကြီးချုပ် ဘဏ်အကောင့်တစ်ခုဖွင့်ခဲ့

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဆွစ်ဇာလန်အသင်း ကစားသမားများဖြစ်သည့် ရှာကာနှင့် ရှာကွိရီတို့အား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ ချမှတ်ခဲ့သည့် ဒဏ်ငွေအား အယ်ဘေးနီးယားပြည်သူများက စိုက်ထုတ်ပေးဆောင်နိုင်ရေးအတွက် အယ်လ်ဘေးနီးယားနိုင်ငံ ဝန်ကြီးချုပ် အီဒီရာမာက ဘဏ်အကောင့်သစ်တစ်ခု ဖွင့်လှစ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝန်ကြီးချုပ် အီဒီရာမာသည် Raiffeisen ဘဏ်တွင် အကောင့်သစ်တစ်ခု ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ အကောင့်၏ အမည်အား Don't Be Afraid of the Eagel ဟု ပေးခဲ့သည်ဟုဆိုသည်။ ဝန်ကြီးချုပ် ရာမာက သူ၏ Facebook စာမျက်နှာတွင် ဖီဖာ၏ အဓိပ္ပာယ်မရှိသော ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် ရှာကာနှင့် ရှာကွိရီတို့အတွက် ငွေကြေးလှူဒါန်းသွားကြရန် အယ်လ်ဘေးနီးယားပြည်သူများအား တိုက်တွန်းရေးသားခဲ့သည်။

စတုတ်အသင်း တောင်ပံကစားသမား ရှာကွိရီနှင့် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ရှာကာတို့သည် ပြီးခဲ့သည့် ဇွန်လ ၂၃ ရက်တွင် ဆွစ်ဇာလန်အသင်းက ဆားဘီးယားအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းအတွက် ဂိုးများသွင်းယူပေးနိုင်ခဲ့သူများဖြစ်ကာ ဂိုးသွင်းယူပြီးချိန်တွင် အယ်လ်ဘေးနီးယားနိုင်ငံ၏အလံတော်တွင် ပါဝင်ပြီး ဆားဘီးယားနိုင်ငံ၏ နယ်ပယ်တစ်ခုဖြစ်ခဲ့ကာ ၁၉၉၈ ခုနှစ်တွင် လွတ်လပ်ရေး ကြေညာခဲ့သည့် ကိုဆိုဗိုဒေသ လွတ်လပ်ရေးကြိုးပမ်းမှု သင်္ကေတဖြစ်သည့် ဦးခေါင်းနှစ်လုံးရှိသည့် လင်းယုန်ပုံ အား လက်ဖြင့်သရုပ်ဖော် အောင်ပွဲခံခဲ့သူများ ဖြစ်သည်။ ဆားဘီးယားနိုင်ငံကမူ ကိုဆိုဗို လွတ်လပ်ရေးကြေညာမှုကို အသိအမှတ်ပြုခဲ့ခြင်းမရှိပေ။

ရှာကာနှင့် ရှာကွိရီတို့၏ အောင်ပွဲခံမှုပုံစံကြောင့် ဆားဘီးယား ဘောလုံးအဖွဲ့ချုပ်က အဆိုပါ ကစားသမားနှစ်ဦးကို ဖီဖာသို့ တိုင်ကြားခဲ့ပြီး ဖီဖာက ရှာကာနှင့် ရှာကွိရီတို့အား အားကစားနှင့် မပတ်သက်သည့် အပြုအမူ ပြုလုပ်ခဲ့သည်ဟု ဆုံးဖြတ်ကာ ဒဏ်ငွေအဖြစ် ပေါင် ၇၆၃၉ ပေါင်စီ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ရှာကာနှင့် ရှာကွိရီတို့သည် ကိုဆိုဗိုဒေသတွင် နေထိုင်သည့် အယ်လ်ဘေး နီးယားမျိုးနွယ်ဝင်များမှ မွေးဖွားလာခဲ့သူများ ဖြစ်သည်။

ကိုဆိုဗို စီးပွားရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဘာဂျာရမ်ဟာဆာနီကလည်း ရှာကာနှင့် ရှာကွိရီတို့အတွက် သူ၏ တစ်လလစာငွေဖြစ်သည့် ယူရို ၁၅၀၀ ကို လှူဒါန်းခဲ့သည်။ ဝန်ကြီး ဟာဆာနီက "ဒီကစားသမားနှစ်ဦးဟာ သူတို့ရဲ့ ဇာတိမျိုးနွယ်ကို မမေ့တာကြောင့် အခုလို ပြစ်ဒဏ်ချမှတ်ခံခဲ့ရတာပါ"ဟု ဒေသတွင်းမီဒီယာတစ်ခုသို့ ပြောဆိုခဲ့သည်။

**ထက်အောင်**



# ကမ္ဘာ့ဖလားစင်မြင့်မှာ အခြေတင့်ဖို့အတွက် ခြေစွမ်းပြဖို့ လိုအပ်နေတဲ့ကမ္ဘာကျော်များ

**အောင်က**

**ဒီနှစ်ကမ္ဘာ့ဖလားမှာ ကမ္ဘာ့အဆင့်ထိပ်ဆုံးမှာရှိနေကြတဲ့အသင်းတော်တော်များဟာ အုပ်စုအဆင့်က လွတ်ဖို့အတွက် အပြင်းအထန်ကြိုးစားနေခဲ့ရပါတယ်။ မထင်မှတ်တဲ့အသင်းတွေက ခြေစွမ်းပြတာတွေလည်းပါတာပေါ့။ အခုလိုအသင်းတွေရုန်းကန်နေသလို ထိပ်တန်း ကစားသမားတွေကလည်း သူတို့ရဲ့အသင်းတွေမှာခြေစွမ်းပြကစားနိုင်ဖို့ ရုန်းကန်နေရတာတွေရှိနေခဲ့ပါတယ်။ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ နိုင်ငံအသင်းတွေနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ဖို့အတွက် လိုအပ်နေသေးတဲ့ ကစားသမားတွေရှိနေပါတယ်။ သူတို့အနေနဲ့ အကောင်းဆုံးကစားသမားဆိုတာဟာ မှန်ပေမယ့် ကမ္ဘာ့ဖလားမှာ မှတ်ကျောက်တင်နိုင်ဖို့အတွက် ခြေစွမ်းကောင်းတွေ ပြရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ ကမ္ဘာ့ဖလားစင်မြင့်ထက်မှာအခြေတင့်ဖို့အတွက်လိုအပ်နေသေးတဲ့ ကမ္ဘာကျော်ကစားသမားတွေကို ဖော်ပြလိုက်ပါတယ်။**



### မက်ဆီ

အာဂျင်တီးနားအသင်းဟာ ကမ္ဘာ့ဖလား အုပ်စုအဖွင့်ပွဲစဉ်မှာတော့ အိုက်စလန်အသင်းကို တစ်ဂိုးစီသရေကျခဲ့တယ်။ အထူးသဖြင့် အဲဒီပွဲမှာ ကမ္ဘာကျော် တိုက်စစ်မှူးမက်ဆီကအသင်းအတွက်အရေးပါတဲ့ ပယ်နယ်တီကို လွဲချော်ခဲ့တယ်။ အသက် ၃၁ နှစ် ရှိပြီဖြစ်တဲ့ မက်ဆီဟာ ဘာစီလိုနာအသင်းမှာတော့ ပုံမှန်အားဖြင့် တစ်ရာသီကို အနည်းဆုံး ဂိုး ၃၀ ကျော်သွင်းယူနိုင်တဲ့ တိုက်စစ်မှူး ဖြစ်တယ်။ ဒါပေမယ့် နိုင်ငံတကာကစားသမားဘဝမှာတော့ ကလပ်အသင်းလောက် ခြေစွမ်းမပြနိုင်ဘူး။ ၂၀၁၄ ကမ္ဘာ့ဖလားနဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲတွေမှာဆိုရင်လည်း ဗိုလ်လုပွဲရောက်ခဲ့ပေမယ့် ဆုဖလားနဲ့ လွဲချော်ခဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့် ကလပ်အသင်းကစားသမားဘဝမှာ မော်ဆန်တဲ့ ခြေစွမ်းတွေပိုင်ဆိုင်ထားတဲ့ မက်ဆီဟာ နိုင်ငံအသင်းမှာ ထင်သလောက် ခြေစွမ်းပြနိုင်ခြင်း မရှိတဲ့ပေါ် ဝေဖန်မှုတွေ အပြင်းအထန် ခံနေခဲ့ရတာလည်း ဖြစ်ပါတယ်။ မက်ဆီအနေနဲ့ကလည်း သူနဲ့ပတ်သက်ပြီး အာဂျင်တီးနားပရိသတ်တွေက မျှော်လင့်ချက်ကြီးမားလွန်းတာတွေဟာ သူ့ အတွက်တော့ဖိအားတွေ ဖြစ်စေတာကလည်း အမှန်ပါပဲ။ သူဟာ အိုက်စလန်နဲ့သရေကျတဲ့ပွဲ၊ ခရိုအေးရှားကို သုံးဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲတွေမှာတော့ ထင်သလောက် ခြေစွမ်းပြနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် နိုင်ဂျီးရီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တဲ့ပွဲမှာတော့ မက်ဆီရဲ့သွင်းဂိုး တစ်ဂိုးကိုတော့ တွေ့မြင်ခဲ့ရတယ်။ ဒါပေမယ့် မက်ဆီအနေနဲ့ ကမ္ဘာ့ဖလား ဇာတ်ခုံမှာတော့ ဒီထက်ပိုပြီး ခြေစွမ်းပြမှုတွေ လိုအပ်နေသေးတယ်လို့ ပြောရမှာပါ။ ဒါကြောင့် ၁၆ သင်းအဆင့်မှာ မက်ဆီအနေနဲ့ အသင်းအတွက် ဘယ်လောက်အထိ ခြေစွမ်းပြနိုင်မလဲဆိုတာကို တော့ စောင့်ကြည့်ရဦးမယ်။

### ဂရစ်ဇ်မန်း

လာလီဂါမှာတော့ မက်ဆီ၊ ရော်နယ်ဒိုပြီးရင် အကောင်းဆုံးတိုက်စစ်မှူးဟာ ဂရစ်ဇ်မန်းလို့တောင် ဆိုရမလိုပါပဲ။ သူဟာအက်သလက်တီကိုအသင်းနဲ့အတူ အဆက်မပြတ် ဂိုးသွင်းယူပေးနေသလို အဖိုးတန်လှတဲ့ ပံ့ပိုးမှုတွေကိုလည်း လုပ်ဆောင်ပေးနေသူတစ်ဦးဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာ့ဖလားမှာ ပါဝင်ယှဉ်ပြိုင်နေတဲ့ ပြင်သစ်အသင်းရဲ့ လူငယ်ကစားသမားတွေထဲမှာဆိုရင်လည်း အတွေ့အကြုံအရင့်ဆုံးကစားသမားတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ယူရို ၂၀၁၆ မှာဆိုရင်လည်း ပြင်သစ်အသင်းဟာ ဗိုလ်လုပွဲမှာ ပေါ်တူဂီကို ရှုံးနိမ့်ခဲ့ပေမယ့် သူကတော့ ခုနစ်ပွဲကစားပြီး ခြောက်ဂိုးသွင်းယူပေးခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒီနှစ်ကမ္ဘာ့ဖလားမှာ ပါဝင်ယှဉ်ပြိုင်နေတဲ့ ပြင်သစ်အသင်းရဲ့ ကစားသမားတိုင်းကလည်း ထိပ်တန်းအဆင့်ရှိတဲ့ကစားသမားတွေချည်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဂရစ်ဇ်မန်းကတော့ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ ခြေစွမ်းပြကစားနိုင်ခြင်း မရှိသေးပါဘူး။ အုပ်စုပွဲစဉ်တွေဖြစ်တဲ့ ဩစတြေးလျ၊ ပီရူးတို့ပွဲစဉ်ဟာ အနိုင်ရခဲ့ပေမယ့် သူကတော့ ခြေစွမ်းပြနိုင်ခြင်းမရှိပါဘူး။ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဒိန်းမတ်အသင်းနဲ့ပွဲစဉ်မှာလည်း သူရဲ့ ခြေစွမ်းအကောင်းဆုံးကို မတွေ့မြင်ရသေးပါဘူး။ ဒါကြောင့်လာမယ့် အာဂျင်တီးနားအသင်းနဲ့ ပွဲမှာတော့ သူ့အနေနဲ့ ဒီထက်ကောင်းမွန်တဲ့ခြေစွမ်းတွေပြသနိုင်ဖို့ လိုအပ်နေပါတယ်။

### စတာလင်း

ပြီးခဲ့တဲ့ရာသီကစတားလင်းဟာ မန်စီးတီးအသင်းနဲ့အတူ ၂၃ ဂိုးသွင်းကာ ဂိုးရရှိဖို့အတွက် ၁၃ကြိမ်တိုင်ပံ့ပိုးမှုတွေ လုပ်ထားပြီး သူ့ရဲ့ကစားသမားဘဝအကောင်းဆုံးအချိန်လို့ ပြောနိုင်တယ်။ သူဟာ ပြီးခဲ့တဲ့တစ်ရာသီလုံး မန်စီးတီးအသင်းရဲ့ အဓိကကစားသမားအဖြစ်ရှိခဲ့သလို ကမ္ဘာကျော် မန်နေဂျာဂွါဒီယိုလာရဲ့ နှစ်သက်မှုနဲ့ ချီးကျူးမှုကို အပြည့်အဝရရှိခဲ့တယ်။ အခု ကမ္ဘာ့ဖလားမှာ ပါဝင်ယှဉ်ပြိုင်နေတဲ့ အင်္ဂလန်အသင်းမှာတော့ သူ့ရဲ့ခြေစွမ်းက အကောင်းဆုံးမပြနိုင်သေးဘူး။ အုပ်စုပွဲစဉ် ပထမ နှစ်ပွဲမှာဆိုရင် သူဟာ တစ်ကြိမ်သာပံ့ပိုးမှုပြုလုပ်နိုင်ပြီး ဂိုးလုံးဝမသွင်းယူနိုင်သေးပါဘူး။ ဒါကြောင့်လည်း သူ့ရဲ့ကစားပုံနဲ့ ခြေစွမ်းတွေကို ကမ္ဘာကျော်ဘောလုံးရေးရာသုံးသပ်သူတွေက ဝေဖန်ကြတယ်။ အင်္ဂလန်အသင်းအနေနဲ့ ကမ္ဘာ့ဖလားမှာတော့ ဒီထက်ပိုပြီး စိန်ခေါ်မှုတွေရင်ဆိုင်နိုင်ဖို့ဆိုရင်တော့ သူ့အနေနဲ့ ဒီထက်ပိုပြီးခြေစွမ်းကောင်းတွေပြသနိုင်ဖို့ လိုအပ်တယ်လို့ ပြောရမယ်။ ။

**ကလပ်အသင်းကစားသမားဘဝမှာ မော်ဆန်တဲ့ ခြေစွမ်းတွေပိုင် ဆိုင်ထားတဲ့ မက်ဆီဟာ နိုင်ငံအသင်းမှာ ထင်သလောက် ခြေစွမ်းပြနိုင်ခြင်း မရှိတဲ့ပေါ် ဝေဖန်မှုတွေ အပြင်းအထန် ခံနေခဲ့ရတာလည်း ဖြစ်ပါတယ်။ မက်ဆီအနေနဲ့ကလည်း သူနဲ့ပတ်သက်ပြီး အာဂျင်တီးနားပရိသတ်တွေက မျှော်လင့်ချက် ကြီးမားလွန်းတာတွေဟာ သူ့အတွက်တော့ ဖိအားတွေ ဖြစ်စေတာကလည်း အမှန်ပါပဲ။**





# ၂၀၁၈ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပရာ မြို့တစ်မြို့တွင် ဗုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်မှု ထွက်ပေါ်ခဲ့

**ထက်အောင်**

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲများ ကျင်းပနေသည့် မြို့များအနက်မှ တစ်မြို့ဖြစ်သည့် Rostov-on-Don မြို့တွင် ဗုံးဖောက်ခွဲမှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်မှုများ ရရှိခဲ့ခြင်းကြောင့် ရှာဖွေရှင်းလင်းမှုများ၊ ရွှေ့ပြောင်းပေးမှုများ ပြုလုပ်ခဲ့ရကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗုံးဖောက်ခွဲမှု ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည့် နေရာများအနက် Rostovon-Don မြို့ရှိ Topos Congress ဟိုတယ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပြီး အဆိုပါ ဟိုတယ်တွင် တည်းခိုနေသူများကို အရေးပေါ် ရွှေ့ပြောင်းပေးမှုများ ပြုလုပ်ခဲ့ရသည်ဟုဆိုသည်။ ရဲတပ်ဖွဲ့ဝင်များက ရှာဖွေမှုများ ပြုလုပ်ခဲ့ရာတွင် အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာ တွေ့ရှိခဲ့ရခြင်း မရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

“ဗုံးဖောက်ခွဲမယ်လို့ ခြိမ်းခြောက်မှုတွေ ထွက်ပေါ်လာခဲ့ပြီးနောက်ပိုင်းမှာ ရဲတပ်ဖွဲ့ဝင်တွေက လိုအပ်တဲ့ စစ်ဆေးမှုအားလုံး ပြုလုပ်ခဲ့ကြပါတယ်၊ ဒါပေမယ့် ရှာဖွေရေးပြုလုပ်စဉ်အတွင်း အန္တရာယ်ဖြစ်စေနိုင်တဲ့ အရာဝတ္ထုတစ်စုံတစ်ခုကိုမှ မတွေ့ရှိခဲ့ရပါဘူး၊ ခြိမ်းခြောက်မှုခံခဲ့ရတဲ့နေရာတိုင်းက အခုဆိုရင် ပုံမှန်အတိုင်း လည်ပတ်လှုပ်ရှားနေပါတယ်”ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။

Rostovon-Don မြို့ရှိ ပရိသတ် ၄၃၀၀၀ ကျော် ဝင်ဆံ့သည့် Rostov Arena ဘောလုံးကွင်းတွင် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဖြစ်သည့် ဘရာဇီးနှင့် ဆွစ်ဇာလန်၊ ဥရုဂွေးနှင့် ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယားနှင့် မက္ကဆီကို၊ အိုက်စလန်နှင့် ခရိုအေးရှား အသင်းတို့ပွဲများ ကစားခဲ့ ပြီး အုပ်စု (G) ၏ အုပ်စုပထမနှင့် အုပ်စု (H) ၏ အုပ်စုဒုတိယ ရရှိသည့်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်ကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

Rostovon-Don မြို့ရှိ ဘောလုံးကွင်းတွင် ကမ္ဘာ့ဖလားပွဲစဉ်များ ယှဉ်ပြိုင်ကစားနေသော်လည်း ဗုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်ခံခဲ့ရသည့် Topos Congress ဟိုတယ် **(အောက်ပုံ)** တွင်မူ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့်အသင်းများအနက်မှ မည်သည့်အသင်းမှ တည်းခိုနေထိုင်ခြင်း မရှိဟုဆိုသည်။ ။



# နည်းပြ ဟက်တာကူးပါးနှင့် အီဂျစ်အသင်းတို့ လမ်းခွဲ

**ထက်အောင်**

အီဂျစ်လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် တာဝန်ယူနေခဲ့သူ နည်းပြဟက်တာကူးပါးနှင့် အီဂျစ်အသင်းတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် အီဂျစ်အသင်းသည် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် နည်းပြ ဟက်တာကူးပါးသည် ရာထူးမှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (A)တွင် အိမ်ရှင် ရုရှား၊ ဥရုဂွေး၊ ဆော်ဒီအာရေဗျအသင်းများနှင့်အတူ ပါဝင်ခဲ့သည့် အီဂျစ်အသင်းသည် အုပ်စုပွဲ သုံးပွဲစလုံး ရှုံးပွဲကြုံခဲ့ရကာ ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်သည်။

အသက် ၆၂ နှစ်အရွယ်ရှိ အာဂျင်တီးနားလူမျိုးနည်းပြ ဟက်တာကူးပါးနှင့် အီဂျစ်ဘောလုံးအဖွဲ့ချုပ်တို့ ချုပ်ဆိုထားခဲ့သည့် စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ပြိုင်ပွဲ မစတင်မီက နည်းပြ ဟက်တာကူးပါးနှင့် အီဂျစ်ဘောလုံးအဖွဲ့ချုပ်တို့ စာချုပ်သက်တမ်းတိုးမြှင့်ရေးအတွက် ဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲမှ အီဂျစ်အသင်း ထွက်ခဲ့ရချိန်တွင် နည်းပြ ဟက်တာကူးပါးသည် အီဂျစ်အသင်းနည်းပြရာထူးမှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

“ရုရှားနိုင်ငံကနေ ပြန်လည်ရောက်ရှိလာပြီးတဲ့နောက် အီဂျစ်ဘောလုံး အဖွဲ့ချုပ်ဘုတ်အဖွဲ့ဝင်တွေ အစည်းအဝေးပြုလုပ်ပြီး အဖွဲ့ဝင်အားလုံးက နည်းပြ ဟက်တာကူးပါးနဲ့ လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့တာပါ” ဟု အီဂျစ်ဘောလုံးအဖွဲ့ချုပ်မှ သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ဗလင်စီယာ၊ အင်တာမီလန်၊ ဘက်တစ်၊ ပါမားစသည့် အသင်းများကို တာဝန်ယူခဲ့ဖူးသူ နည်းပြ ဟက်တာ ကူးပါးသည် ၂၀၁၅ ခုနှစ် မတ် ၂ ရက်တွင် အီဂျစ်လက်ရွေးစင်အသင်း နည်းပြအဖြစ် စတင် တာဝန်ယူခဲ့သူဖြစ်သည်။



## မော်လမြိုင်မြို့၊ သမိုင်းဝင်ကျိုက်သလွံစေတီတော် ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်း (၁၇-၆-၂၀၁၈)ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းထန်စွာ တိုက်ခတ်မှုများကြောင့် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ တောင်ရိုးတန်းရှိ အထင်ကရ သမိုင်းဝင်စေတီတစ်ဆူဖြစ်သော ကျိုက်သလွံစေတီတော်အရှေ့ဘက်နှင့် အနောက်ဘက်မုခ် တောင်စောင်းများအနီး မြေပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ပါသည်။



သို့ဖြစ်ပါ၍ သမိုင်းဝင်ကျိုက်သလွံစေတီတော်ကြီး၏ ပျက်စီးမှုများအား ဘက်စုံပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ကျိုက်သလွံစေတီတော် ဂေါပကအဖွဲ့ရုံး | ဖုန်း-၀၅၇-၂၀၂၁၃၃၄ |
| (ခ) | မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး | ဖုန်း-၀၅၇-၂၀၂၇၃၀၃ |
| (ဂ) | မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဖုန်း-၀၅၇-၂၀၂၇၀၇၃ |

ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် အလှူငွေများကို ဦးမြင့်သန်းဝင်း ညွှန်ကြားရေးမှူး(ဖုန်း-၀၉-၅၁၈၆၅၃၆)၊ ဦးစိုးမြင့် ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၃၁၂၅၈၉၊ ဦးမြင့်အောင် ညွှန်ကြားရေးမှူး (ဖုန်း-၀၉-၅၃၂၂၅၈၂)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။ (Account No-0223 0202 2023 09302 KBZ Bank) သို့လည်း ပေးသွင်းလှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## ပခုက္ကူခရိုင်၌ မြစ်ရေတင်စနစ်ဖြင့် မိုးသီးနှံ ကေတစ်သောင်းကျော် စိုက်ပျိုးမည် မြစ်ရေတင်ခများ ပိုမိုတောင်းခံပါက တိုင်ကြားနိုင်

**ပခုက္ကူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိပြီး မိုးခေါင်ရေရှားဒေသဖြစ်ကာ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် လက်မ ၂၀ ကျော်သာ ရရှိပြီး ထိုထက်ပင်နည်းသည်လည်း ရှိတတ်သည်။ ထို့ကြောင့် နွေရာသီတွင် သောက်သုံးရေ၊ စိုက်ပျိုးရေ ရှားပါးပြီး စိုက်ပျိုးရေးအတွက် မြစ်ရေတင်များမှ ရေကို အားထားရသည်။

ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်ငါးခုမှ လယ်ယာစိုက်ပျိုးကြသည့် တောင်သူများမှာ ယခင်က မိုးကိုမျှော်ပြီး မိုးသီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြရသော်လည်း ယခုအခါ မြစ်ရေတင်ကြီးများမှ ပေးသောရေဖြင့် နှမ်းစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို ရာသီမရွေး စိုက်ပျိုးလာနိုင်ကြပြီဖြစ်သည်။

ပခုက္ကူခရိုင်အတွင်း၌ မြစ်ရေတင်ကြီး ၁၄ ခုရှိပြီး ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေတင် လေးခု၊ ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေတင် ခုနစ်ခု၊ ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေတင် တစ်ခု၊ ပေါက်မြို့နယ်တွင် ယောချောင်း ရေတင်နှစ်ခုတို့ဖြစ်ကာ အဆိုပါ မြစ်ရေတင်ကြီးများမှာ ပင်မရေတင်စခန်းမှ သတ်မှတ်ထားသည့် ရေတင်ကန်များ အရောက် (ဒေသအခေါ်) ရေခေါ်မြောင်းမကြီးများမှတစ်ဆင့် တောင်သူများထံသို့ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ယခုနှစ်တွင် ပခုက္ကူခရိုင်၌ အဆိုပါ မြစ်ရေတင်စနစ်များမှပေးသော ရေများဖြင့် မိုးသီးနှံ ၁၀၀၂၇ ကေကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ခရိုင်အတွင်းရှိ မြစ်ရေတင်ကြီးများမှ စိုက်ပျိုးရေပေးဝေနိုင်မှုမှာ ၂၀၁၇-၂၀၁၈ ခုနှစ်က မိုးသီးနှံကေလျာထားကေ ၅၅၆၀ ရှိခဲ့သော်လည်း ၇၃၂၂ ကေအထိ စိုက်ပျိုးရေပေးဝေ၍ အမှန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ပခုက္ကူခရိုင်အတွင်းမှာ စိုက်ပျိုးမြေယာ စီမံကိန်း ကေ ၃၈၀၇၀ ရှိသော်လည်း စိုက်ပျိုးနိုင်တဲ့ စိစစ်ကေဟာ ၂၁၂၆၀ ကေသာ ရှိပါတယ်၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ စပါးအပါအဝင် မိုးသီးနှံလျာထားကေ ၁၀၀၂၇ ကေကို စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်နေပါတယ်၊ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ညွှန်ကြားချက်နဲ့သောက်သုံးရေ အမှန်တကယ်ရှားပါးတဲ့ ကျေးရွာအုပ်စုများမှာ စက်ရေတွင်း၊ ရေကန် လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောသည်။



စိုက်ပျိုးရေ ပေးဝေခြင်းအတွက် တောင်သူများထံမှ ရေတင်ခများ ကောက်ခံရာတွင်လည်း နိုင်ငံတော်သက်မှတ်ထားသည့် နှုန်းထားများဖြစ်သော နှမ်းစပါး ၉၀၀၀ ကျပ်၊ မိုးစပါး ၆၀၀၀ ကျပ်နှင့် အခြားသီးနှံ ၃၀၀၀ ကျပ်နှုန်းဖြင့်သာ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။ "သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံပါက စိုက်ပျိုးတောင်သူများအနေဖြင့် လာရောက်တိုင်ကြားနိုင်ပါတယ်၊ အလားတူ တောင်သူများဘက်ကလည်း ရေတင်ခကောက်ခံမှုကို တိတိကျကျ ပေးဆောင်စေလိုပါတယ်၊ လျှပ်စစ်မြစ်ရေတင်များဖြစ်ခြင်းကြောင့် တစ်ခါတလေ လျှပ်စစ်မီးအခက်အခဲဖြစ်တာကိုလည်း တောင်သူများအနေနဲ့ နားလည်ပေးစေလိုပါတယ်"ဟုလည်း ခရိုင်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

**ကျော်ကျော်(မလှိုင်)**



## မိတ္ထီလာမြို့နယ်၌ တိပိဋကဓရဆရာတော် ၁၀ ပါးအား ပူဇော်ပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်ကြီးမှ အောင်မြင်ပေါ်ထွန်းတော်မူခဲ့သည့် သုတဗုဒ္ဓ တိပိဋကဓရဆရာတော် ၁၀ ပါးတို့အား ပူဇော်ပွဲကို ဇွန် ၂၇ ရက်က အဆိုပါကျောင်းတိုက်ရှိ အောင် မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ပူဇော်ပွဲတွင် ဥပါသကာ ဒါယကာ/ဒါယိကာမများက ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ပညာဂုဏ်တို့ကို အာရုံပြု ရည်မှန်းပူဇော်ကန်တော့ကြပြီးနောက် မြန်မာနိုင်ငံ၏ ခြောက်ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ သီလခံယူကြသည်။ ထို့နောက် ဒါယကာ/ဒါယိကာမများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မြန်မာနိုင်ငံ၏ ခုနစ်ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသက ရေစက်ချတရားတော် ဟောကြားချီးမြှင့်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာမုဒိတာဖောင်ဒေးရှင်းက လက်ပံတန်းမြို့နယ်မှ ကျောင်းများသို့ ပဲနို့စက် ၁၅ လုံး လှူဒါန်း

**လက်ပံတန်း ဇွန် ၂၈**

ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုယ်ခန္ဓာကြံ့ခိုင်စေရန်ရည်ရွယ်၍ မြန်မာမုဒိတာဖောင်ဒေးရှင်းက လက်ပံတန်းမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများသို့ ပဲနို့စက်များလှူဒါန်းပွဲကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် အထက(၂)ကျောင်း၌ ဇွန် ၂၇ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က အမှာစကားပြောကြားပြီး မြန်မာမုဒိတာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးတင်မောင်နိုင်က ပဲနို့စက်လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာမုဒိတာဖောင်ဒေးရှင်းမှ ဦးတင်ဝင်းက ပဲနို့စက်အသုံးပြုပုံကို ရှင်းလင်းပြောကြား၍ လက်တွေ့ပြသပြီးနောက် အထက(၂) လက်ပံတန်း ကျောင်းအုပ်ဆရာကြီးထံသို့ ပဲနို့စက်ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ညနေ ၄နာရီတွင် အလက ကျွန်းကလေးကျောင်း၌ ပဲနို့စက်များ လှူဒါန်းပွဲကို ဆက်လက်ကျင်းပပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာမုဒိတာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လက်ပံတန်းမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများအတွက် ပဲနို့စက် ၁၅လုံးကို ကျောင်းအုပ်ကြီးများနှင့် ကျောင်းကော်မတီများထံသို့ လှူဒါန်းခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေဘေးကြောင့်ပြောင်းရွှေ့ရသော ရွှေကူမြို့မှ ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ရွှေကူ ဇွန် ၂၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်၍ ရေဘေးအန္တရာယ်ကျရောက်မည့် အခြေအနေကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ရေဘေးသင့်အိမ်ထောင်စုသုံးစုအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသက်နိုင်နှင့် ဗန်းမော်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ပစ္စည်းထိန်း(၅) ဦးထွန်းလှိုင်တို့က ရေဘေးကြောင့် နေအိမ်များစွန့်ခွာ ပြောင်းရွှေ့ခဲ့ရသည့် ဒေသခံပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ညွှန်ကြားမှုဖြင့် လာရောက်ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်မှာ အချိန်အခါမရွေး၊ နေရာမရွေး ဖြစ်ပေါ်တတ်ပြီး လူတို့သိရှိနိုင်မှုမြန်လေ ဆုံးရှုံးမှုသက်သာလေဖြစ်ကြောင်း၊ ယခု မြစ်ရေမြင့်တက်မှုတွင်လည်း ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်နိုင်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြောင်းရွှေ့ရသည့် အိမ်ထောင်စုသုံးစုအား အိမ်ဆောက်ပစ္စည်းဝယ်ယူရန် ငွေကျပ် သုံးသိန်း၊ ရွှေ့ပြောင်းပြည်သူ ၁၂ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၃၂၅၂၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ပစ္စည်းပုံး သုံးပုံးတို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

# စွမ်းအင်ကဏ္ဍတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အထောက်အကူပြုဖြည့်ဆည်းပေးနိုင်မည့် လုပ်ကွက်အမှတ် A-6

**နန္ဒာဝင်း**

ဧရာဝတီတိုင်းဒေသကြီး ကမ်းရိုးတန်းမှ ရေမိုင် ၃၅ မိုင်ခန့်အကွာ လုပ်ကွက်အမှတ် A-6 ၌ သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးအတွက် တွင်းတစ်တွင်းကို ယခုနှစ် ဇူလိုင်လအတွင်း ထပ်မံတူးဖော်ရန် ဆောင်ရွက်နေကြောင်း၊ ယင်းသို့ တူးဖော်မည့်အခြေအနေ၊ အကြောင်းအရာများနှင့် ပတ်သက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ လုပ်ကွက်၏ Operator ကုမ္ပဏီ ကိုယ်စားလှယ်များက ဒေသခံလူထုနှင့် တွေ့ဆုံခဲ့ကြောင်း ပြီးခဲ့သည့် မေလက သတင်းတစ်ခုတွင် ဖတ်လိုက်ရသည်။

အဆိုပါသတင်းနှင့်ဆက်စပ်၍ စဉ်းစားမိသည်မှာ စွမ်းအင်ကဏ္ဍဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စွမ်းအင်ကဏ္ဍသည် အဓိကကျသလို နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာလေလေ စွမ်းအင်လိုအပ်ချက်လည်း မြင့်မားလာလေလေဖြစ်သည်။ မြန်မာနိုင်ငံသည် လူဦးရေသိပ်သည်းမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အားယူနေသည့် ယနေ့အချိန်တွင် စွမ်းအင်လိုအပ်ချက်မှာ မဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ရမည့်ကဏ္ဍ ဖြစ်လာသည်။

၂၀၁၅ ခုနှစ်အတွင်း သဘာဝဓာတ်ငွေ့အများဆုံးသုံးစွဲခဲ့သော နိုင်ငံများကို ကြည့်မည်ဆိုပါက ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်သည် သဘာဝဓာတ်ငွေ့ကုဗမီတာ ၇၇၈ ဘီလီယံခန့် (သို့မဟုတ်) ကမ္ဘာ့စုစုပေါင်းသုံးစွဲမှု၏ ၂၂ ဒသမ ၄ ရာခိုင်နှုန်းကို သုံးစွဲခဲ့သည်။ ဒုတိယအများဆုံးသုံးစွဲခဲ့သော နိုင်ငံမှာ ရုရှားဖြစ်ပြီး ကုဗမီတာ ၃၉၂ ဘီလီယံခန့် (သို့မဟုတ်) ကမ္ဘာ့စုစုပေါင်း သုံးစွဲမှု၏ ၁၁ ဒသမ ၃ ရာခိုင်နှုန်းခန့်နှင့် တတိယအများဆုံးသုံးစွဲသည့်နိုင်ငံမှာ တရုတ်ဖြစ်ပြီး ကုဗမီတာ ၁၉၇ ဘီလီယံ ကမ္ဘာ့စုစုပေါင်း သုံးစွဲမှု၏ ၅ ဒသမ ၇ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။

**စွမ်းအင်လိုအပ်ချက်**

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် စွမ်းအင်လိုအပ်ချက်ကို နည်းလမ်းမျိုးစုံဖြင့် ဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်အစိုးရက ဦးဆောင်၍ ကြိုးစားဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအင်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော ရေအား၊ လေအား၊ နေစွမ်းအင် အပါအဝင် အရင်းအမြစ်များစွာတို့မှ ထုတ်လုပ်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လက်ရှိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုအခြေအနေကို ကြည့်မည်ဆိုပါက လျှပ်စစ်မီးသုံးစွဲသူ ၁၀ ဒသမ ၈၇ သန်းအနက် ၄ ဒသမ ၂၈၉ သန်း(၃၉ ဒသမ ၄ ရာခိုင်နှုန်း) လျှပ်စစ်မီးရရှိပြီး ၆ ဒသမ ၅၈၈ သန်း လျှပ်စစ်မီး ရရှိရန် ကျန်ရှိနေသေးသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် အရေးပါသည့် အထောက်အပံ့ကောင်းများဖြစ်သည်။ လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာပေးနိုင်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများကိုပါ ဖော်ဆောင်ပေးရာရောက်သဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေလိမ့်မည်။

**လျှပ်စစ်ဓာတ်အားလိုအပ်ချက်**

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် တစ်နှစ်လျှင် ၁၆ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်အတွင်း ဓာတ်အားသုံးစွဲမှုသည် ၃၅၈၇ မဂ္ဂါဝပ် ရှိမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် အမြင့်ဆုံး ဓာတ်အားသုံးစွဲမှုမှာ ၄၀၃၂ မဂ္ဂါဝပ်၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၂၁ ခုနှစ်တွင် ၅၀၉၂ မဂ္ဂါဝပ်နှင့် ၂၀၂၂ ခုနှစ်တွင် ၅၇၂၇ မဂ္ဂါဝပ်အထိ တိုးတက်လာမည်ဟုလည်း ခန့်မှန်းထားသည်။ ယခုလက်ရှိ ထုတ်လုပ်နိုင်မှုမှာ မဂ္ဂါဝပ် ၃၀၀၀ ကျော်သာရှိပြီး နောက်ထပ် မဂ္ဂါဝပ် ၃၀၀၀ ခန့် ရရှိရန် လိုအပ်နေသဖြင့် ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းနေသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် နိုင်ငံတော်အစိုးရသစ် တာဝန်ယူစဉ် နှစ်နှစ်တာကာလအတွင်း သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံ ငါးရုံ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ခြောက်ရုံမှ လျှပ်စစ်ဓာတ်အား ၇၅၀ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

**ရေအားနှင့် သဘာဝဓာတ်ငွေ့**

ယခု လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားကို ရေအားနှင့် သဘာဝဓာတ်ငွေ့တို့မှ အဓိကထားထုတ်လုပ်နေသည်။ မြန်မာနိုင်ငံတွင် ရေအားမှ လျှပ်စစ်စွမ်းအင်ထုတ်ယူရန် အရင်းအမြစ်များစွာရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင်လည်း တည်ဆောက်ဆဲ စီမံကိန်းများစွာရှိသည်။ သို့သော် ရေအားလျှပ်စစ်စီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပမာဏများခြင်း၊ စီမံကိန်းတည်ဆောက်ရန် အချိန်ကာလကြာမြင့်စွာပေးရခြင်းတို့ကြောင့် လတ်တလောလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရန် ကန့်သတ်ချက်များရှိနေသည်။




၂၀၁၈ ခုနှစ် မေလအတွင်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျင်းပခဲ့သော တတိယအကြိမ် MSMEs ထုတ်ကုန်ပြပွဲ ပြိုင်ပွဲမှ လုပ်ကွက်အမှတ် A-6 ၏ စီမံကိန်းပုံစံ။

သဘာဝဓာတ်ငွေ့ထွက်ရှိမှုကို ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အော်တို့သည် လောင်စာစွမ်းအင်များစွာ ထုတ်လုပ်ပေးရာ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးဖြစ်သည်။ မြန်မာ့ကမ်းရိုးတန်း ကမ်းနီး၊ ကမ်းလွန်နေရာများ၌လည်း သဘာဝဓာတ်ငွေ့များစွာ ထွက်ရှိနေသည့်အပြင် ကုန်းတွင်းပိုင်းဒေသများ၌လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထွက်ရှိနေသည်။ သဘာဝဓာတ်ငွေ့သည် ဓာတ်ဆီ၊ ဒီဇယ်အပါအဝင် အခြားလောင်စာများနှင့် နှိုင်းယှဉ်ကြည့်ပါက ဈေးနှုန်းချိုသာသည့် အားသာချက်လည်းရှိသည်။ သဘာဝဓာတ်ငွေ့ကို လျှပ်စစ်မီးအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရုံသာမက အခြားအပူစွမ်းအင်အပါအဝင် နေ့စဉ်လုပ်ငန်းဆောင်တာတို့တွင်လည်း လောင်စာစွမ်းအင်အဖြစ် အသုံးပြုကြရသဖြင့် သဘာဝဓာတ်ငွေ့သည် လိုအပ်ချက်တစ်ခုဖြစ်လာသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ**

မြန်မာနိုင်ငံတွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ၁၉၇၄ ခုနှစ်မှ စတင်၍ ကမ်းလွန်လုပ်ကွက်များကို ပြည်တွင်းစွမ်းအားနှင့်သာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်၍ နိုင်ငံတော်အစိုးရက ဆောင်ရွက်ခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု တိုးတက်စေရန် ပြည်ပမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(Foreign Investment)နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာအတွေ့အကြုံရှိ ပညာရှင်များထံမှ (Technology Transfer)ကိုလည်း ရရှိလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၁၉၈၉ ခုနှစ်တွင် ကုန်းတွင်းလုပ်ကွက်များကို စတင်ဆောင်ရွက်စေခဲ့သည်။

စွမ်းအင်ကဏ္ဍအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရေနံမြေအသစ်ရှာဖွေရာတွင် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားမှု (Production Sharing Contract-PSC)စာချုပ်ဖြင့်လည်းကောင်း၊ လက်ရှိထုတ်လုပ်နေသောရေနံမြေများ၌ ရေနံအထွက်တိုးရေးအတွက် Improved Petroleum Recovery(IPR) စာချုပ်ဖြင့်လည်းကောင်း၊ Performance Compensation Contract(PCC) စာချုပ်ဖြင့်လည်းကောင်း အသီးသီးချုပ်ဆို၍ အစိုးရနှင့် ဖက်စပ်ဆောင်ရွက်စေခဲ့သည်။ ကမ်းလွန်လုပ်ကွက်အားလုံးသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရန်ဖြစ်သဖြင့် PSC စာချုပ်ချုပ်ဆို၍ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

**ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ**

ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံလုပ်ကွက်ပေါင်း ၁၀၄ ကွက် ဖော်ထုတ်သတ်မှတ်ထားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ ၅၂ ခုနှင့်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုခွဲဝေရေးသဘောတူစာချုပ်များ ချုပ်ဆိုလုပ်ကိုင်ခွင့်ပြုထားသည်။

**လုပ်ကွက်သစ်နှင့် ဖွံ့ဖြိုးရေးတွင်းများ**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကမ်းလွန်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အစိုးရသစ် နှစ်နှစ်တာအတွင်း လုပ်ကွက်သစ်ခြောက်ခုနှင့်ဖွံ့ဖြိုးရေးတွင်း ၅၁ တွင်းကို ဖော်ထုတ်နိုင်ခဲ့သည်။ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကုဗပေသန်းပေါင်း ၆၅၂၈၀၇ နှင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကုဗပေသန်းပေါင်း ၆၄၄၇၆၁ ထုတ်လုပ်နိုင်ခဲ့သည်။

လက်ရှိအချိန်၌ ကမ်းလွန်ရေနံတွင်းများမှ သဘာဝဓာတ်ငွေ့ကို မုတ္တမကမ်းလွန်ဒေသ၌ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ဇောတိကစီမံကိန်း၊ တနင်္သာရီကမ်းရိုးတန်း၌ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်း၊ ရခိုင်ကမ်းလွန်ဒေသ၌ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းများက သဘာဝဓာတ်ငွေ့ထုတ်ယူလျက်ရှိပြီး ပြည်တွင်းသုံးစွဲမှုသာမက ထိုင်း၊ တရုတ်စသည့် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနေသဖြင့် နိုင်ငံခြားဝင်ငွေများလည်း ရရှိနေသည်။

**နိုင်ငံခြားဝင်ငွေ**

၂၀၁၈ ခုနှစ် ဧပြီနှင့် မေလကုန်အထိရရှိသော စာရင်းများအရ ပြည်ပပို့ကုန်တန်ဖိုး ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံအနက် CMP စနစ်ဖြင့် ချုပ်ပြီး အထည်တင်ပို့မှုမှာ ဒေါ်လာ ၅၃၈ သန်းဖြင့် အများဆုံးဖြစ်ပြီး သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ ဒေါ်လာ ၄၃၃ သန်းဖြင့် ဒုတိယအများဆုံး တင်ပို့ထားနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**လုပ်ကွက်အမှတ် A-6**

မကြာမီကလည်း ဧရာဝတီတိုင်းဒေသကြီး လုပ်ကွက်အမှတ် A-6 ၌ အစမ်းတွင်းများ တူးဖော်ပြီး တွေ့ရှိချက်များကိုအခြေခံ၍ သဘာဝဓာတ်ငွေ့သိုက် တည်ရှိနိုင်ကြောင်း ကြေညာနိုင်ခဲ့သည်။ လုပ်ကွက် A-6 ကို MPRL E&P ကုမ္ပဏီက ၂၀၀၇ ခုနှစ်မှ စတင်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စာချုပ်ချုပ်ဆိုကာ တစ်ဦးတည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် မတ်လတွင် ယင်းလုပ်ကွက်၏ ရေတိမ်ပိုင်း၌ ပထမဆုံးပြည်သာတွင်းကို တူးဖော်ပြီး သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိကြောင်း ကြေညာနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ဩစတြေးလျအခြေစိုက် Woodside ကုမ္ပဏီ၊ ၂၀၁၅ ခုနှစ်တွင် ပြင်သစ်အခြေစိုက် Total ကုမ္ပဏီတို့သည် MPRL E&P နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ပါဝင်လာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် လုပ်ကွက် A-6 ၏ ရေနက်ပိုင်း၌ ရွှေရည်ထွန်းတွင်းကို တူးဖော်ကာ စီးပွားဖြစ်ထုတ်လုပ်ရန် သဘာဝဓာတ်ငွေ့တွေ့ရှိကြောင်း ထပ်မံအတည်ပြုနိုင်ခဲ့သည်။

ထို့နောက် ၂၀၁၇ ခုနှစ်တွင် ပြည်သစ်နှင့် ပြည်သာယာ သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင်းနှစ်တွင်းကို ထပ်မံတူးဖော်တွေ့ရှိခဲ့ပြန်သည်။ ယခု ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းတွင်မူ ၂၀၁၆ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့သော ရွှေရည်ထွန်း-၁ တွင်းကို အခြေခံပြီး ခိုအောင်းနေနိုင်သော သဘာဝဓာတ်ငွေ့ပမာဏအရ ထုတ်လုပ်နိုင်မည့် စွမ်းအားမည်မျှရှိသည်ကို အကဲဖြတ်စမ်းသပ်နိုင်ရန်အတွက် ရွှေရည်ထွန်း-၂ တွင်းကို ထပ်မံတူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပထမဆုံး ရေနက်ပိုင်းရင်းနှီးမြှုပ်နှံမှု**

ကမ်းလွန်လုပ်ကွက်အမှတ် A-6 ၏ Gas Development Project သည် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသတို့တွင် ရေအနက်ဆုံးနေရာ၌ ပြုလုပ်မည့် စီမံကိန်းတစ်ခုဖြစ်သည်။ လက်ရှိအချိန်၌ ရေနက်စီမံကိန်း(Ultra-deep Water Project) သည် အာဖရိက၊ တရုတ်၊ မက်ဆီကို ပင်လယ်ကွေ့အစရှိသော နေရာများတွင်သာရှိပြီး ကမ္ဘာတစ်ဝန်းတွင် အရေအတွက်အားဖြင့် စီမံကိန်း ၂၀ ထက် မပိုသေးဟုလည်း သိရသည်။

နိုင်ငံအတွင်း အကြီးမားဆုံးနှင့် တစ်ခုတည်းသော ပထမဆုံး ရေနက်ပိုင်းရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအဆင့်များအထိ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရမည့် စီမံကိန်းဖြစ်ပြီး ယခုအချိန်အထိ အမေရိကန်ဒေါ်လာ ၂၃၅ သန်း ရင်းနှီးမြှုပ်နှံထားသည်။ ကမ်းလွန်လုပ်ကွက် A-6 မှ ၂၀၂၃ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မည်ဟုလည်း ခန့်မှန်းထားပြီး လက်ရှိ အကဲဖြတ် စမ်းသပ်တွင်းတူးဖော်မှုများကို အခြေခံ၍ စီးပွားဖြစ် တူးဖော်ထုတ်လုပ်နိုင်သော အခြေအနေ (Economic Threshold)သို့ ရောက်ရှိပါက A-6 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များသည် ထုတ်လုပ်မှုကျဆင်းတော့မည့် ရတနာဓာတ်ငွေ့စီမံကိန်းကို အချိန်မီအစားထိုးကုစားနိုင်မည့် စီမံကိန်းတစ်ခု ဖြစ်လာလိမ့်မည်။

နိုင်ငံ၏စွမ်းအင်ကဏ္ဍတွင် မြင့်တက်လာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သလို ယခုလက်ရှိတွင် ပြည်တွင်းလိုအပ်ချက်အရ ကာလတိုအဖြစ် ပြည်ပမှဝယ်ယူတင်သွင်းရသည့် Liquefied Natural Gas(LNG)ကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် အစားထိုးနိုင်မည်ဖြစ်သည်။

**ငါးနှစ်အတွင်း ထုတ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိ**

ပိုလျှံလာသော သဘာဝဓာတ်ငွေ့များကို ပြည်ပအိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းအားဖြင့် နိုင်ငံအတွက် နိုင်ငံခြားပို့ကုန်ဝင်ငွေ တိုးတက်ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် A-6 မှ သဘာဝဓာတ်ငွေ့များကို ငါးနှစ်အတွင်း အမြန်ဆုံးထုတ်ယူသုံးစွဲနိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လုပ်ကိုင်ခွင့်ရ Operator ကုမ္ပဏီနှင့် Joint Venture ကုမ္ပဏီများ ပူးပေါင်း၍ စီမံဆောင်ရွက်လျက်ရှိသည်ဟု Frontier Myanmar သတင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် သိရှိရသည်။


ကမ်းလွန်လုပ်ကွက်အမှတ် A-6 မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များသည် ရန်ကုန်တိုင်းဒေသကြီးအတွက် လုံလောက်သော လျှပ်စစ်ဓာတ်အားရရှိရေးနှင့် မြန်မာနိုင်ငံ၏ အကြီးမားဆုံး စပါးကျီဖြစ်သော ဧရာဝတီတိုင်းဒေသကြီးရှိ စက်မှုလုပ်ငန်းများအတွက် အဓိကလိုအပ်သော လျှပ်စစ်မီးရရှိရေးကို အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် အလွန်အရေးပါသော နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်သော သဘာဝဓာတ်ငွေ့တည်ရှိနိုင်မှုအလားအလာကောင်းများ ပိုင်ဆိုင်ထားသည့် A-6 စီမံကိန်းကြီးအောင်မြင်ရန် မျှော်လင့်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာဘာသာသုံးအက်ပလီကေးရှင်းများတွင် တယ်လီနော WowBox က သုံးစွဲသူ သုံးသန်းခွဲဖြင့် ဦးဆောင်နေ

**ရန်ကုန် ဇွန် ၂၈**
တယ်လီနော၏ လူမှုဘဝနှင့် ဖျော်ဖြေရေးအသားပေး အက်ပလီကေးရှင်းတစ်ခုဖြစ်သည့် WowBox သည် မြန်မာဘာသာသုံး မိုဘိုင်းအက်ပလီကေးရှင်းများအနက် အသုံးပြုသူပေါင်း ၃ ဒသမ ၅ သန်းဖြင့် သုံးစွဲသူအများဆုံး အပလီကေးရှင်းတစ်ခုဖြစ်လာသည်ဟု တယ်လီနောကပြုလုပ်ခဲ့သော ကွန်ရက်အတွင်း လေ့လာဆန်းစစ်ချက်များအရ သိရသည်။

WowBox အက်ပလီကေးရှင်းမှာ တယ်လီနောဆင်းကတ်သုံးသူတိုင်း အခမဲ့ရယူအသုံးပြုနိုင်သော အက်ပလီကေးရှင်းဖြစ်ပြီး အက်ပလီကေးရှင်းထဲတွင် နိုင်ငံတကာ သတင်းမီဒီယာများနှင့် ပြည်တွင်းသတင်း မီဒီယာများဖြင့် ပူးပေါင်းပြီး နေ့စဉ်နောက်ဆုံးရသတင်းများ ဖော်ပြခြင်း၊ ဂိမ်းများကို ကစားခြင်း၊ အပလီကေးရှင်းအတွင်းရှိ ဉာဏ်စမ်းမေးခွန်းများကို ဖြေဆို၍ ဆုလက်ဆောင်များရရှိနိုင်ခြင်း အစရှိသည်တို့အပြင် အခြားဖျော်ဖြေရေးအစီအစဉ် များစွာလည်းပါဝင်ကာ ထူးခြားချက်မှာ အက်ပလီကေးရှင်းတစ်ခုလုံးကို အင်တာနက်ဘေလ်မကုန်ဘဲ အသုံးပြုနိုင်ခြင်းဖြစ်သည်။ ထို့အပြင် တယ်လီနော၏ အင်တာနက်ဒေတာ ပက်ကေ့ချ်များကို အက်ပလီကေးရှင်းမှတစ်ဆင့်ဝယ်ယူခြင်းဖြင့် ထပ်ဆောင်းအပိုဆုများရရှိမည့်ရမှတ်များ စုဆောင်းနိုင်ခြင်းနှင့် နေ့စဉ် အခမဲ့ပေးသော ရမှတ်များကို စုဆောင်းနိုင်ခြင်းတို့မှာလည်း Wow Box




အက်ပလီကေးရှင်းကို သုံးစွဲသူများလာစေသောအချက်ဖြစ်ကြောင်း သိရသည်။

WowBox အက်ပလီကေးရှင်းမှ တာဝန်ရှိသူ တယ်လီနောမြန်မာ၏ အကြီးတန်း မန်နေဂျာ ကိုအောင်ပြည့်က "ပြီးခဲ့တဲ့နှစ်တစ်လျှောက်လုံးမှာ WowBox ကို အသုံးပြုသူတိုးပွားလာပြီး တော်တော်များများက နေ့တိုင်းအသုံးပြုနေတာကို မြင်တွေ့ရတာ ဝမ်းမြောက်ပါတယ်။ မြန်မာဘာသာနဲ့ ရေးသားထားတဲ့ အခမဲ့ အကြောင်းအရာ အချက်အလက်တွေကို တစ်နေရာတည်းမှာ ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် WowBox အသုံးပြုသူတွေ အနေနဲ့ အခုလို နိုင်ငံတကာ ဘောလုံးပြိုင်ပွဲကာလမှာ ပွဲရလဒ်တွေနဲ့ သတင်းထူးတွေကို အချိန်နဲ့တစ်ပြေးညီ ကြည့်ရှုနိုင်မှာဖြစ်ပြီး ပြိုင်ပွဲရလဒ် ခန့်မှန်းပြိုင်ပွဲတွေမှာလည်း ပါဝင်နိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

တယ်လီနောအနေဖြင့် အသုံးပြုသူများအတွက် ပျော်ရွှင်တက်ကြွဖွယ် လူနေမှုဘဝကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ WowBox အက်ပလီကေးရှင်းကို ထုတ်လုပ်ခဲ့ခြင်းဖြစ်ကာ WowBox ကို ပြည်တွင်း၌ စတင်မိတ်ဆက်ပြီး ၁၃ လအကြာတွင် နေ့စဉ်အသုံးပြုသူ ဦးရေ ခြောက်သိန်းနှင့် လစဉ် အသုံးပြုသူ ၁ ဒသမ ၃ သန်းအထိ ရှိလာခဲ့၍ ကမ္ဘာ့လူသုံးအများဆုံး ဆိုရှယ်အပလီကေးရှင်းများ ဖြစ်သည့် Facebook၊ Google၊ YouTube နှင့် Viber တို့နောက်တွင် ရပ်တည်နေခဲ့ပြီး မြန်မာဘာသာဖြင့် သုံးနိုင်သော အက်ပလီကေးရှင်းများထဲတွင်မူ လူသုံးအများဆုံး ဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ဟွာဝေး P Series ဖုန်း ကိုင်ဆောင်သူများအတွက် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၈**
ဟွာဝေး၏ တန်ဖိုးမြင့်ဖုန်းစီးရီးစ်ဖြစ်သော P Series ဖုန်းများကို ကိုင်ဆောင်သူများအတွက် အဆိုပါဖုန်းများဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည့် ဓာတ်ပုံပြိုင်ပွဲတစ်ခုကို ဇွန် ၂၈ ရက်မှစ၍ ဇူလိုင် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြိုင်ပွဲအစီအစဉ်အရ ဟွာဝေး၏ P Series ဖုန်းများကို သုံးစွဲနေသူများက ထိုစမတ်ဖုန်းများကို အသုံးပြုပြီး Portrait, Landscape နှင့် Monochrome(အဖြူအမည်း)ဓာတ်ပုံသုံးပုံကို ရိုက်ကူးကာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အွန်လိုင်းပြိုင်ပွဲတစ်ခုဖြစ်၍ ပြိုင်ပွဲဝင်သူများသည် ထိုဓာတ်ပုံသုံးပုံကို ပြိုင်ပွဲအတွက် သီးသန့်ဖွင့်လှစ်ထားသည့် Huawei P Series Fan Club Myanmar Facebook Group တွင် တင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် ဓာတ်ပုံများကို ဟွာဝေး P Series စမတ်ဖုန်းများဖြင့်သာ ရိုက်ကူးရမည်ဖြစ်ပြီး ဓာတ်ပုံများကို တင်ရာတွင် #Pfans4ever ဟု ရေးသားကာ Portrait, Landscape နှင့် Monochrome ပုံသုံးပုံလုံးကို ပို့စ်တစ်ခုတည်းတွင် တစ်ချိန်တည်းတင်ပေးရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇူလိုင် ၁၂ ရက်အထိတင်၍ ယှဉ်ပြိုင်နိုင်ပြီး ဓာတ်ပုံများအပေါ်တွင် ရရှိသည့် Like အရေအတွက်နှင့် ဓာတ်ပုံပညာရှင် ကိုဝေလင်း၏ ဆုံးဖြတ်ချက်တို့ဖြင့် အချိုးကျ အမှတ်ပေး ရွေးချယ်သွားမည်ဖြစ်ကာ အနိုင်ရရှိသူအား ဇူလိုင် ၂၀ ရက်တွင် ကြေညာ၍ ဆုအဖြစ် DJI Spark Combo ဒရုန်းကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ Huawei Device Myanmar ၏ မားကတ်တင်းဒါရိုက်တာတစ်ဦးဖြစ်သူ မခင်ရတနာဝင်းက "ကျွန်မတို့ အခုလိုမျိုး ပြိုင်ပွဲလုပ်ဖို့ စဉ်းစားဖြစ်တော့ ဒီမှာ အသုံးအများဆုံး Social platform ကဖေ့စ်ဘုတ်ဖြစ်နေတာရယ်၊ ပြီးတော့ Huawei P Series ချစ်သူတွေကလည်း သူတို့ရဲ့ အတွေ့အကြုံတွေကို အဲဒီ group မှာ အမြဲတမ်း ဝေမျှနေတာကို တွေ့ရတော့ Huawei P Series ချစ်သူတွေ အမှတ်တရတွေကို ပိုမိုဝေမျှနိုင်အောင်ရယ် ရည်ရွယ်ပြီး လုပ်ဖြစ်တာပါ။ ထပ်ပြီးတော့ P Series Group အတွက် တင်မကပါဘူး။ Nova Group တွေ၊ Y Group တွေ အတွက်လည်း သင့်တော်တဲ့ ပြိုင်ပွဲတွေကို ဆက်လက်စီစဉ်သွားဖို့လည်း ရှိပါတယ်"ဟု ပြောကြားသည်။

စမတ်ဖုန်းများကို သုံးစွဲသူများသည် စမတ်ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးခြင်းကို ပိုမိုအလေးသာလာသည်ကို တွေ့ရသဖြင့် ဟွာဝေးသည် ၂၀၁၆ ခုနှစ်မှစ၍ ဂျာမနီနိုင်ငံ၏ ထိပ်တန်း ကင်မရာအမှတ်တံဆိပ်ဖြစ်သည့် LEICA နှင့် ပူးပေါင်းပြီး ဟွာဝေး P9 မှ စတင်ကာ စမတ်ဖုန်းများတွင် အဆိုပါကင်မရာများ ထည့်သွင်းခြင်းဖြင့် စမတ်ဖုန်းတစ်လုံးတည်းဖြင့် အဆင့်မြင့်ပုံရိပ်များ ရိုက်ကူးနိုင်ခဲ့ပြီး အသုံးပြုသူများအတွက် ဓာတ်ပုံရိုက်ကူးခြင်း အတွေ့အကြုံကို အဆင့်မြင့်တင်ပေးနိုင်ခဲ့သလို ဟွာဝေး၏ P Series စမတ်ဖုန်းများသည်လည်း မိုဘိုင်းဖုန်းကင်မရာလောကတွင် ထူးခြားဆန်းသစ် တီထွင်နိုင်မှုတစ်ခုအဖြစ် နည်းပညာအသိုင်းအဝိုင်းနှင့် ဖုန်းအသုံးပြုသူများအကြား အသိအမှတ်ပြုမှုကို ရရှိခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

## ဖန်တီးရာ Accelerator အမှတ်စဉ်(၃) စတင်မည်

**ရန်ကုန် ဇွန် ၂၈**
စွန့်ဦးတီထွင် နည်းပညာလုပ်ငန်းရှင်များကို ဖော်ထုတ်ပြီး ကနဦးငွေကြေးရင်းနှီးမြှုပ်နှံမှု၊ ရုံးခန်းနေရာ၊ နည်းပေးလမ်းညွှန်မှုများ ပေးရုံသာမကဘဲ ရင်းနှီးမြှုပ်နှံသူများနှင့်ပါ တွေ့ဆုံခွင့်ပေးမည့် အစီအစဉ်များပါဝင်သည့် ဖန်တီးရာ Accelerator အစီအစဉ်၏ အမှတ်စဉ်(၃)ကို ဇွန် ၂၀ ရက်က စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖန်တီးရာ Accelerator အမှတ်စဉ်(၃)တွင် မြန်မာနိုင်ငံရှိ အလားအလာအကောင်းဆုံးသော စွန့်ဦးတီထွင် နည်းပညာလုပ်ငန်းများကို ရွေးချယ်သွားမည်ဖြစ်ကာ ရွေးချယ်ခံရသော လုပ်ငန်းများသည် ဖန်တီးရာမှပေးမည့် ဒေါ်လာ ၂၅၀၀၀ ရင်းနှီးမြှုပ်နှံမှုကို ရရှိမည့်အပြင် ရန်ကုန်မြို့လယ်ရှိ ဖန်တီးရာတွင် ရုံးခန်းဖွင့်ရန် နေရာ၊ အကျိုးတူပူးပေါင်းပါဝင်ထားသူများထံမှ ဒေါ်လာနှစ်သိန်းကျော် တန်ဖိုးရှိမည့် ဝန်ဆောင်မှုများ၊ ပြည်တွင်းနှင့် ပြည်ပရှိ နည်းပြ ၄၀ ကျော်တို့၏ ခြောက်လတာကြာမြင့်မည့် လမ်းညွှန်ပြသမှုတို့အပြင် ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံခွင့်ကိုလည်း ရရှိမည်ဖြစ်ကြောင်း ဖန်တီးရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖန်တီးရာ Accelerator အစီအစဉ်ကို ၂၀၁၆ ခုနှစ်က စတင်ခဲ့သည်ဖြစ်ပြီး အမှတ်စဉ်(၁) နှင့် (၂)တို့တွင် Chate Sat (ချိတ်ဆက်)၊ White Merak၊ EzStay၊ Go P(ဂိုးပီ)၊ Amazing Express၊ MM Tutors၊ Next Code၊ Recyclo၊ Beluva(aAVK0)၊ Shwe Bite(ရွှေဗိုက်) နှင့် Kone Si(ကုန်စည်) စသည့် လုပ်ငန်းပေါင်း ၁၁ ခုကို ရွေးချယ်၍ ရင်းနှီးမြှုပ်နှံခဲ့ပြီး ဖြစ်သည်။ အဆိုပါ ရွေးချယ်ခံရသော လုပ်ငန်းများသည် လက်ရှိအချိန်တွင် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေကြပြီး အကျိုးအမြတ်များလည်း ရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## တယ်လီကွန်းအေးရှမှ ချီးမြှင့်သော ကွန်ရက်ဆန်းသစ်ချဲ့ထွင်မှုဆုကို အူရီဒူးမြန်မာရရှိ

**ရန်ကုန် ဇွန် ၂၈**
စင်ကာပူနိုင်ငံရှိ Suntec City ၌ ဇွန် ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့သော (၂၁) ကြိမ်မြောက် Telecom Asia Awards ဆုပေးပွဲ၌ ကွန်ရက်များကို ဆန်းသစ်ချဲ့ထွင်ရာတွင် ဦးဆောင်နိုင်ခြင်းအတွက် ချီးမြှင့်သော "The most innovative network transformation initiative"ဆုကို အူရီဒူးမြန်မာက ရရှိခဲ့ကြောင်း သိရသည်။

Telecom Asia Awards ဆုပေးပွဲမှာ အာရှဒေသအတွင်း ဆက်သွယ်ရေးကဏ္ဍအတွက် ဂုဏ်သတင်းကြီးမားသော ဆုများကို ပေးအပ်သော ဆုပေးပွဲဖြစ်ပြီး ဆက်သွယ်ရေးကဏ္ဍတွင် လက်ရှိလုပ်ကိုင်နေသော အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းအသစ်များ၏ ဆန်းသစ်တီထွင်ထားသော စီးပွားရေးစံပြပုံစံများနှင့် ဦးဆောင်မှုများအတွက် ဆုများပေးအပ်ခြင်းဖြစ်သည်။

ယခု (၂၁) ကြိမ်မြောက် ဆုပေးပွဲတွင် ကဏ္ဍ ၂၅ ခုအတွက် ဆုများ ရွေးချယ်ပေးအပ်ခဲ့ရာ အူရီဒူးမြန်မာက ကွန်ရက်များကို ဆန်းသစ်ချဲ့ထွင်ရာတွင် ဦးဆောင်နိုင်မှုဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Vikram Sinha က "The most innovative network transformation initiative ဆုကို ရရှိတဲ့အတွက် အထူးဂုဏ်ယူရပါတယ်။ အူရီဒူးအနေနဲ့ ဆန်းသစ်တီထွင်ထားတဲ့ ထုတ်ကုန်တွေနဲ့ အကောင်းမွန်ဆုံးသော အင်တာနက်အတွေ့အကြုံကို အမြဲတမ်းပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အူရီဒူးမြန်မာသည် မြန်မာနိုင်ငံအတွင်း ပထမဆုံး 4G ကွန်ရက်ကို စတင်ဝန်ဆောင်မှုပေးခဲ့ပြီး ဆက်လက်၍လည်း ကွန်ရက်မြန်နှုန်းတိုးချဲ့နိုင်ရေး၊ ကွန်ရက်လွှမ်းခြုံနိုင်မှုတိုးချဲ့ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## New Product

## ရှောင်မီရဲ့ Mi စီးရီးစ်ထဲက နောက်ဆုံးထွက် စမတ်ဖုန်းသစ် Mi 8

Mi 8 ဟာ Xiaomi ရဲ့တန်ဖိုးမြင့်ဖုန်းစီးရီးစ်ဖြစ်တဲ့ Mi စီးရီးစ်ထဲက နောက်ဆုံးထွက်ဖုန်းဖြစ်ပြီး နိုင်ငံတကာမှာ မေလကုန်ပိုင်းက စတင်မိတ်ဆက်ကာ ဇွန်လဆန်းက စတင်ရောင်းချခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်ထဲကိုတော့ ဇွန်လလယ်ခန့်က စတင်ဝင်ရောက်တာဖြစ်ပြီး အနည်းအကျဉ်းပဲ ဝင်ရောက်သေးသလို အရောင်စုံ မရောက်သေးတာလည်း တွေ့ရပါတယ်။

Xiaomi Mi 8 ဟာ တန်ဖိုးမြင့်ဖုန်းဖြစ်တာနဲ့အညီ အရည်အသွေးပိုင်းမှာ မြင့်မားပါတယ်။ ဖုန်းရဲ့ မျက်နှာပြင်နဲ့ ကျောဘက်ကို မှန်သားနဲ့လုပ်ထားပြီး ဘေးဘောင်တွေက အလူမီနီယံဖြစ်ပါတယ်။ မျက်နှာပြင်က ၆ ဒသမ ၂ လက်မ အရွယ်အစားရှိတဲ့ Super AMOLED မျက်နှာပြင်ဖြစ်ပါတယ်။ မျက်နှာပြင်ဒီဇိုင်းဟာ iPhone X လို စပီကာပေါက်နေရာကို ဝိုက်ထားတဲ့ Notch ဒီဇိုင်းဖြစ်ပြီး အောက်ခြေဘောင်နေရာကလွဲလို့ Screen ပြည့်လုနီးပါး ဒီဇိုင်းဖြစ်ပါတယ်။ Screen resolutions ကလည်း 1080x2248 pixels ရှိလို့ အရည်အသွေး အထူးကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့လည်း နောက်ဆုံးထွက်ဖြစ်တဲ့ 8.1(Oreo) ပါဝင်ပြီး MIUI 9.5 နဲ့တွဲပြီး အသုံးပြုထားပါတယ်။ CPU က Octa-core 2.8GHZ ဖြစ်ပြီး RAM က 6GB အထိပါဝင်လို့ RAM ပမာဏအများဆုံး ဖုန်းတွေထဲကတစ်လုံးဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီက 64GB, 128GB နဲ့ 256GB လို့ သုံးမျိုးခွဲထွက်ထားပြီး အားနည်းချက်အနေနဲ့ မင်မိုရီကတ်စိုက်သုံးစရာ အပေါက်မပါတာကြောင့် မင်မိုရီမြင့်တဲ့ 128 GB နဲ့ 256 GB တို့ကို ရွေးချယ်မှသာ ရေရှည်အဆင်ပြေမှာဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ်ရှိတဲ့ ကင်မရာနှစ်လုံးပါဝင်တဲ့ Dual ကင်မရာဖြစ်ပြီး Dual pixels လုပ်ဆောင်ချက်နဲ့ 2x Optical Zoom လုပ်ဆောင်ချက်တွေကြောင့် အရည်အသွေးမြင့်ပုံတွေ၊ ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်သလို အခြားဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေလည်း ပါဝင်ပါတယ်။ ရှေ့ဘက်က ဆယ်လ်ဖီကင်မရာကလည်း ၂၀ မဂ္ဂါပစ်ဇယ်အထိရှိပြီး ဆယ်လ်ဖီကင်မရာအကောင်းဆုံး ဖုန်းတွေထဲမှာပါဝင်သလို အရည်အသွေးမြင့်ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။

အင်တာနက်နက်ဝပ်အနေနဲ့ 4G(LTE)အထိ ထောက်ပံ့ပေးထားပြီး မိုဘိုင်းနက်ဝပ်ကတော့ GSM ဖြစ်ပါတယ်။ အခြားပါဝင်မှုတွေအနေနဲ့ finger print၊ 3400 mAh ရှိတဲ့ စွမ်းရည်မြင့် Li-Po ဘက်ထရီတွေ ပါဝင်ပြီး အလျင်အမြန် အားပြည့်စေတဲ့ အားသွင်းစနစ်၊ အသံဆူညံမှုတွေကို ဖယ်ရှားပေးနိုင်တဲ့ မိုက်ခရိုဖုန်းစနစ်စတာတွေ ပါဝင်ပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ နိုင်ငံတကာမှာ ကြော်ငြာချိန်မှာ အနက်ရောင်၊ အပြာရောင်၊ ရွှေရောင်နဲ့ အဖြူရောင် လေးမျိုးရှိပေမယ့် လက်ရှိပြည်တွင်းဈေးကွက်မှာတော့ အဖြူရောင်တစ်မျိုးတည်းကိုပဲ ရောင်းချသေးတာ တွေ့ရပါတယ်။ ဒါ့အပြင် အင်တာနယ် မင်မိုရီမှာလည်း သုံးမျိုးခွဲထွက်ထားပေမယ့် 128GB တစ်မျိုးတည်းကိုသာ ရနိုင်သေးတာ တွေ့ရပါတယ်။ ဈေးနှုန်းက 128GB အဖြူရောင်ကို ကျပ် ၆၄၀၀၀၀ ဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီ 64GB နဲ့ 256GB တွေ ဈေးကွက်ထဲဝင်လာတဲ့အခါ ဈေးနှုန်းကွာခြားမှုတွေရှိနိုင်သလို ကိုယ်ထည်အရောင်အပေါ် မူတည်ပြီးတော့လည်း ဈေးနှုန်းကွာခြားမှု အနည်းငယ်ရှိနိုင်မယ်လို့ သိရပါတယ်။

**သူရဖြိုး**



# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၉ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၆-၂၀၁၈ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၆-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + M.H.R.A = ၁၀၀၀၀ိ = ၂၁၈၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် စသည့်ကဏ္ဍကြီး(၅)ရပ်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲများကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲများကို ဇွန် ၂၆ ရက်မှ ဇွန် ၂၈ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများ ကာကွယ်ခြင်း၊ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးကျား၊ မ တန်းတူညီမျှမှုရှိရေး၊ ဖက်ဒရယ်စနစ်တွင် စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံရမည့်မူများ၊ စျေးကွက်

*စာမျက်နှာ ၇ ကော်လံ ၁* ●



မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်



## အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ မြန်မာကစားသမားများ ရွှေနှစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးရရှိ

**ရန်ကုန် ဇွန် ၂၈**

(၁၅)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံတွင် ဇွန်၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိရာ ဇွန်၂၈ ရက်က မြန်မာနိုင်ငံကိုယ်စားပြု ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားသမားများ ရွှေနှစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသားကာယဗလ ၆၀ ကီလိုတန်းတွင် ကျော်မင်းသန်းက ရွှေတစ်ခု၊ ၇၅ ကီလိုတန်းတွင် သောင်းတန်က ရွှေတစ်ခု၊ ၆၅ ကီလိုတန်းတွင် ထွန်းဝင်းနိုင်က ငွေတစ်ခု၊ ၈၀ ကီလိုတန်းတွင် ဆလိုင်းကျော်မင်းက စတုတ္ထ၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် နှင်းနှင်းအေးက ငွေတစ်ခု၊ Model Physi-que တွင် သန္တာဦးက ပဉ္စမ အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ၊ နည်းပြ - ဦးကျော်စိန်သန်း၊ ဒေါ်ရီရီဝင်း၊ ဒိုင်- ဦးအောင်နိုင်၊ အားကစားသမား အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဇွန် ၃၀ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

